
www.burmeseclassic.com




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


ာမူခွင့်ပြုချက် = ၂၁၀/၂၀၀၃ (၂)
ာ်နှာဖုံးခွင့်ပြုချက် = ၃၁၂/၂၀၀၃ (၃)
= ၂၀၀၃ – ခုနှစ်
ဇွန်လ ပထမ အကြိမ်
ုပ်ရေ = ၅၀၀
န်ဖိုး = ၁၅၀/-
ုတ်ဝေသူ = ဒေါ်ကေသိုင်ဦး (ယာယီ – ၆၆၁)
ရွှေသမင် စာပေ
၃၄၊ ၄၄–လမ်း၊ ဗိုလ်တထောင်မြို့နယ်
ရန်ကုန်တိုင်း။
ာဖုံး ပုံနှိပ်သူ = ဦးကျော်ဝင်း (မြ – ၀၄၂၂၉)
နိုင်ရည်မှန်ပုံနှိပ်တိုက်၊ ဗေးဗိုလ်ချုပ်လမ်း
ပုဇွန်တောင်မြို့နယ်။
ာတွင်း ပုံနှိပ်သူ = ဦးအောင်မြင့်သိန်း (၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်၊
အမှတ်(၁၄၅)၊ ဆိပ်ကမ်းသာလမ်း၊
ရန်ကုန်မြို့။


**နိုင်ငံတော်၏ အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com


www.burmeseclassic.com

ချစ်သူတွေက ပြောတယ် ...

အိမ်ဆိုတာဟာ ...

သူတို့ရင်ကို ထုဆွ

အမှုန်ယအပင်တွေ ပျိုးခဲ့ရတာ ...တဲ့။



www.burmeseclassic.com

www.burmeseclassic.com

## (၁)

မနေ့က နေ့လယ်ခင်းမှာပင် သူနှင့် တင်မေလွင်တို့ ချစ်သူနှစ်ဦး ဆုံဖြစ်ကြသေးသည်။ တင်မေလွင်နှင့် အေးအေးလူလူ မတွေ့ဖြစ်သည်မှာ သီတင်းတစ်ပတ် လွန်ခဲ့သောကြောင့်ပင် အချိန်အတော်ကြာ အတိုးချပြီး စကားတွေ ပြောဖြစ်ကြ၏။

တင်မေလွင် ကတော့ ကာယအလှမယ် ပြိုင်ပွဲအတွက် အလုပ်တွေ ရှုပ်နေသလို ပထမဆုရဖို့ အတွက်လည်း ကြောင့်ကြနေရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ၏ စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်နေမှုကို တတ်စွမ်းသရွေ့တော့ ဖျောင်းဖျအားပေးမိပြန်၏။

တင်မေလွင်နှင့် လမ်းခွဲပြီး ပြန်ခဲ့သည့်တိုင် စိတ်ထဲမှာ မတင်မကျကြီး ဖြစ်နေ၏။ သူငယ်ချင်းတွေနှင့် ဆုံနေကျ ညနေဝိုင်းသို့ ဆိုင်ကယ်ဖြင့် ထွက်ဖြစ်ခဲ့သည်။

ဒီနှစ်မှာတော့ ပထမဆုကို တင်မေလွင် တစ်ယောက် လွယ်လွယ်ကူကူ ရနိုင်တော့မည် မဟုတ်။ ဒီအကြောင်းကို သူ့လိုပင် တစ်မြို့လုံးကလည်း သိနေကြ၏။

မနှစ်က အရယူခဲ့သော ကာယအလှမယ် ပထမဆု သရဖူကို တစ်စုံတစ်ယောက်လက်ထဲသို့ လွှဲပြောင်းပေးရဖို့က သေချာသလောက် ရှိနေ၏။

ပြိုင်ပွဲအကြောင်းကို စဉ်းစားမိလေ တင်မေလွင် ရင်ဆိုင်ရမည့် စိတ်ပင်ပန်းမှုများအတွက် မွန်းကျပ်ကျပ်ကြီး ဖြစ်သွားရသည်။

ထိုအခိုက်အတန့်လေးမှာပင် သူမောင်းလာသော ဆိုင်ကယ်က တစ်စုံတစ်ရာကို မှတ်မထင်ဘဲ ဝင်တိုက်လိုက်မိတော့၏။

◆ ◆ ◆





"ဘယ်လိုဖြစ်ရတာလဲ အောင်ခိုင်ထွန်းရာ"

အချုပ်ခန်းသံတိုင်ကို ကိုင်ရင်းက စိတ်မချမ်းမြေ့စွာဖြင့် တင့်ဝေ မေးသည်။ သူ့အနေဖြင့် ဘာကိုဘယ်လို ဖြေရမည် မပြောတတ်လောက်အောင်ပင် ချောက်ချားနေမိ၏။

တိုက်ဆိုင်မှုတွေကြောင့်ပင် ရုတ်တရက် ဖြစ်ပျက်ခဲ့သော ကံကြမ္မာကို ဘာသာ အံ့အားသင့်နေမိ၏။

"ငါလည်း မပြောတတ်တော့ဘူး တင့်ဝေ"

သူ့မျက်နှာကို နားမလည်စွာ တင့်ဝေ ကြည့်ရင်းက ...

"မပြောတတ်လို့ မရဘူးလေ၊ ဟိုတစ်ယောက် ဆေးရုံပေါ်ရောက်လို့ မင်းလည်း အချုပ်ခန်းထဲ ရောက်နေပြီ၊ တစ်မြို့လုံးကလည်း ဒီကိစ္စကို မတော်တဆလို့ မပြောကြဘူး၊ ဒါကြောင့်ပဲ မင်းကို အချုပ်ထဲ ထည့်ထားကြတာပေါ့"

တင့်ဝေ စကားကြောင့်ပင် တင်မေလွင့် မျက်နှာလေးကို ပြေးမြင်မိသည်။ သူနှင့် တင်မေလွင်တို့ ချစ်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြပုံ၊ သိပ်ချစ်ကြပုံ။ နှစ်ဘက်မိဘတွေကလည်း သဘောတူထားကြပုံများကို အားလုံးက သိကြသည်ပဲလေ။ သူ့ဘက်ကတော့ မတော်တဆ လက်လွှတ်လို့ တိုက်မိနိုက်မိခြင်းပင် ...။

"အကုသိုလ်ကတော့ ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ဝင်လာတာ အမှန်ပဲ တင့်ဝေ၊ ဒီလိုဖြစ်အောင် ရည်ရွယ်ပြီး ငါမလုပ်ခဲ့တာကိုတော့ ငါ့ကိုယ်စောင့်နတ်က အသိဆုံးပဲ"

သူ့နှုတ်ထွက်စကားတို့ကို တင့်ဝေ ယုံကြည်လောက်သည် ထင်၏။

တင်မေလွင်နှင့် ပတ်သက်ပြီး ဆိုင်ကယ်နှင့် တမင်ဝင်တိုက်သည်ဆိုသော ကောလာဟလကို တင့်ဝေ ယုံလောက်မည်ထင်၏။

"အေးကွာ၊ မင်းစိတ်က ဒီလိုမဟုတ်ဘူးဆိုတာ ငါတို့အပေါင်းအသင်းတွေ သိနေပေမယ့် သွားတိုက်ဆိုင်နေတာလေ၊ မင်း တင်မေလွင်ကို ဘယ်လောက်ချစ်သလဲဆိုတာ၊ ပြီးတော့ တင်မေလွင်ကို အလိုလိုက်တာကို အားလုံးကလည်း သိထားကြတယ်၊ ပြိုင်ပွဲနီးခါနီးမှ





တစ်ဖက်လူ ခများ ဒီလိုဖြစ်ရတာဆိုတော့ တင်မေလွင်နဲ့ မင်း ပူးပေါင်းကြံစည်တာလို့ တွက်နေကြတာ"

"မဆိုင်ပါဘူးကွာ၊ ဘုရား ပေးပေး ကျမ်း ပေးပေးပါ၊ တင်မေလွင်နဲ့တွေ့ပြီး ငါ မင်းတို့ဆီ ထွက်လာရင်းက ဖြတ်နင်းလာတာကို ငါက သတိမထားမိလိုက်ဘူး၊ ဘွားခနဲတွေ့ပြီး ရအောင်ရှောင်ပေမယ့် ဝင်တိုက်မိသွားတာပါ"

"သံသယအကျိုးကျေးဇူးကြောင့် မင်း တစ်ည အချုပ်ထဲ အိပ်လိုက်ရပြီ၊ ကျိန်းကျေတာပေါ့ သူငယ်ချင်းရာ၊ မင်းမိဘတွေရော တင်မေလွင်မိဘတွေပါ ကျေအေးဖို့ ကြိုးစားနေကြတယ်၊ ဒီညတော့ အချုပ်ထဲမှာ မင်း အိပ်ရမယ် မထင်ဘူး"

ဟိုတစ်ယောက် အခြေအနေကို သူ သိချင်နေမိသည်။ အသက်အန္တရာယ်နှင့် မနီးဘူးဆိုတာတော့ သူ အကြမ်းဖျင်း သိထား၏။ ဆေးရုံပေါ်မှ လူနာအခြေအနေကို မေးဖို့ ကြိုးစားခိုက်မှာပင် တင်မေလွင်က အနားရောက်လာ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတွေတော့ ကျေအေးဖို့ လက်မှတ်ထိုးနေကြတယ် ကိုကို၊ ကိုကို တစ်ညလောက် အချုပ်ထဲမှာ အိပ်လိုက်ရကျိုးနပ်သွားပါတယ်"

"ဘယ်လိုပြောလိုက်တဲ့ စကားလည်း တင်မေလွင်ရယ်"

ပတ်ဝန်းကျင်က ပြောနေဆိုနေသည့် ကြားမှပင် တင်မေလွင်က လက်လွှတ်စပယ် ပြောနေပြန်၏။ သူ အချုပ်ထဲ ရောက်ရသည်ကိုပင် အလျော်အစား သဘောမျိုး ပြောနေသည်။

တင့်ဝေကတော့ သူ့မျက်နှာကိုရော တင်မေလွင့် မျက်နှာကိုပါ အကဲခတ်ကြည့်နေ၏။

"ပထမတော့ ကိုကို့ကို တကယ်ပဲ ထောင်ကျအောင် လုပ်တော့မလိုလိုဘဲ၊ လူကြီးတွေက သူတို့ရဲ့ တောင်းဆိုတာတွေ အားလုံးကို တစ်ခုမကျန် လိုက်လျောတော့လည်း ကိစ္စက ပြီးသွားတာပဲ"

"တိုးတိုးပြော တင်မေလွင်၊ တော်ကြာ တစ်ဖက်လူတွေ ကြားသွားရင် ပြဿနာဖြစ်နိုင်တယ်"

တင့်ဝေ ဝင်ပြောယူလောက်အောင်ပင် တင်မေ





လွင် စကားတွေက ရင့်သီးလွန်းလှ၏။ သူ့မိဘထက် တင်မေလွင့် မိဘက အရာရောက်သည်ပဲ ထားဦး၊ ခံရသော တစ်ဖက်လူတွေကိုတော့ ထောက်ထားသင့်သည် ထင်၏။

"ကိုကို အမြဲပြောတဲ့စကားကို တင်မေလွင် မေ့သွားပြီလား၊ လူတိုင်းမှာ အတ္တရှိတယ် ဆိုပေမယ့် လိုတာထက်ပိုရင် အဲဒီအတ္တက ကိုယ့်ကို ဒုက္ခပေးတတ်တယ် ဆိုတာလေ"

"သူနဲ့ ပတ်သက်ပြီး အတ္တတော့ ထားရမယ် ကိုကို၊ သူဟာ တင်မေလွင်ရဲ့ ပြိုင်ဘက်ပဲ၊ တင်မေလွင့် သရဖူကို လုမယ့်လူ၊ သူ့အပေါ်မှာတော့ အတ္တများများ ထားကိုထားရမယ် ကိုကို၊ အခုလိုဖြစ်တာနဲ့ ပတ်သက်ပြီး တမင်ကြံစည်တာလို့ လူတွေကရော၊ သူတို့အသိုက်အဝန်းကပါ ပြောနေကြတာ၊ တကယ်ကြံစည်ပြီး လုပ်မှတော့ အဲဒီမိန်းမ ဒီထက်တောင် အခြေအနေဆိုးသွားမှာ၊ ပြီးတော့ ကိုကို့ကို တင်မေလွင်က ခားစားခံလုပ်ပြီး နိုင်းပါ့မလား၊ အခြားလူတစ်ယောက်ကို နိုင်းတော့မှာပေါ့၊ လူတွေကိုက ဦးနှောက် မရှိကြတာပါ ကိုကိုရာ"



www.burmeseclassic.com

www.burmeseclassic.com



တင်မေလွင့်စိတ်က ဆတ်ဆတ်ထိ မခံချင်သော သူ၊ ဖြိုင်ဘက်တစ်ဦးဦးသာ မဟုတ်ခဲ့ပါက ဒီလောက်ထိ ဖြစ်စရာအကြောင်းမရှိ။ ဒါကိုတော့ သူ အကြွင်းမဲ့ သိနေပြန်၏။

တင့်ဆေက တင်မေလွင် စိတ်ပြေစေရန်အတွက် ဝင်ပြီး ဖျောင်းဖျ၏။

"ကဲပါ တင်မေလွင်ရာ၊ ပြီးတာတွေလည်း ပြီးခဲ့ပြီပဲ၊ အားလုံးကို မေ့မေ့ပျောက်ပျောက် သဘောမျိုးထားလိုက်စမ်းပါ၊ အဓိကကျတာက အောင်နိုင်ထွန်း အချုပ်ထဲကနေ လွတ်ဖို့ပဲ မဟုတ်လား"

တင့်ဆေစကားကို တင်မေလွင် ခွန်းတုံ့မပြန်ပေ။ သူ့ကို ငေးကြည့်ရင်းကပင် ခြင်ကိုက်ရာလေးများကို လက်ဖြင့် အသာစမ်းကြည့်နေပြန်၏။ တင်မေလွင်၏ စိတ်တို့က ချက်ချင်းပင် ကရုဏာတရားတို့ ဝင်ရောက်သွားလေပြီလား မကွဲပြားပေ။

◆ ◆ ◆





"ဗေဒင်က ဟောတာ မှန်တယ်နော် ကိုကို၊ လူတွေ ဘယ်လိုထင်ကြေးပေးပေး ဒီနှစ်ပြိုင်ပွဲမှာ တင်မေလွင်ပဲ ပထမရမယ်ဆိုတာ မှန်နေပြီ၊ ကိုကို့ကို ပြောတာလည်း မှန်တယ်လေ၊ မိန်းမတစ်ယောက်နဲ့ ပတ်သက်ပြီး အချုပ်အနှောင်ခံရမယ်လို့ ဟောတာလေ"

ဗေဒင်ဆရာ ဟောခဲ့သည်များကို ပြောရင်းကပင် တစ်ခုခုကို သတိရသွားပြီး တင်မေလွင် စကားမဆက် နိုင်တော့ပေ။

တင်မေလွင့် ကိုယ်စားပင် အဓိက ကျန်ခဲ့သော ရှေ့ဖြစ်ကိစ္စတစ်ခုကို သူ ပြောလိုက်ရသည်။

"မှန်တာတွေချည်းပဲ ဖြစ်နေတယ်ဆိုရင်တော့ တစ်ခုတော့ မှားရမှာ သေချာတယ် တင်မေလွင်၊ ကိုကိုနဲ့ တင်မေလွင်တို့ ပြဿနာဖြစ်မယ်၊ ကွဲကွာစေမယ်ဆိုတဲ့ နိမိတ်စကားကတော့ မှန်နိုင်တော့မှာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တင်မေလွင်နဲ့ ကိုကိုတို့က အရမ်းချစ်ကြတာလေ၊ မိဘတွေကလည်း သဘောတူပြီးသား မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ယေါ့လို့တော့ မရဘူး ကိုကို၊ ယတြာတွေ ဘာတွေ ချေမှုဖြစ်မယ်၊ ကိုကိုရော တင်မေလွှင်ဆီမှာပါ မိန်းမ ရန်ရှိတယ်လို့ ဟောထားသေးတာပဲ၊ သူ့ကိုယ်သူ အမြဲဂုဏ်ယူပြီး တနိုင်တည်းနိုင်နေတဲ့ အဲဒီမိန်းမက ဘာတွေများ ပြဿနာရှာဦးမလဲ မသိဘူး"

တင်မေလွှင်ကတော့ နိုင်နိုင်ဝေ့အပေါ် ဘယ်ဘဝ ဆုတောင်းကြောင့် ကြည့်မရသည် မသိ။ တကယ်တမ်းမှာလည်း သူတို့မြို့ကို နိုင်နိုင်ဝေ ရောက်လာပြီး တစ်နှစ်မပြည့်ခင်မှာပင် တင်မေလွှင်ဆီက တော်တော်များများကို နိုင်နိုင်ဝေက ဖဲ့ယူ သွားခဲ့၏။

ဒါကို တင်မေလွှင်က အခဲမကြေ ဖြစ်ပုံရသည်။ အဆိုးဆုံးကတော့ ဒီနှစ် မြို့နယ်ကာယအလှမယ်ပြိုင်ပွဲကို နိုင်နိုင်ဝေ ဝင်ပြိုင်မည်ဆိုသည့် သတင်းပဲ ဖြစ်၏။

"ပြီးခဲ့ပြီပဲ တင်မေလွှင်ရာ၊ ဘာပဲပြောပြော ကိုကို့ရဲ့ မဆင်မခြင် မောင်းနှင်မှုကြောင့် သူ့ခမျာ ထိခိုက် ဒဏ်ရာ ရနေပြီပဲ"

"ကိုကိုက သူ့အတွက် စိတ်မကောင်းဖြစ်နေတာလား"





"စိတ်မကောင်းစရာပေါ့ တင်မေလွှင်၊ အမှုကိစ္စက ပြေလည်သွားပေမယ့် လူတွေကရော ကာယကံရှင် ကိုယ်တိုင်ကပါ တမင်လုပ်ယူတာလို့ ထင်နေကြတာ လေ"

"ထင်ထင်ပေါ့ ကိုကိုရာ၊ အခုဆိုရင် သူ့ခြေကျင်းဝတ် အကြောထိသွားတာ မပြောပလောက်ပေမယ့် တစ်ပတ် နှစ်ပတ်အတွင်းတော့ ချက်ချင်းမကောင်းနိုင်ဘူးတဲ့၊ ပြိုင်ပွဲက တစ်ပတ်ပဲ လိုတော့တာလေ၊ ဒီပြိုင်ပွဲကို သူ ဝင်မပါနိုင်တော့မှ တင်မေလွှင်ပဲ ပထမရဖို့ ရှိတော့ တာပေါ့"

"သူ့မျက်နှာလည်း ပွန်းပဲ့သွားတယ်ဆို၊ ဒဏ်ရာများ လား တင်မေလွှင်"

"နည်းတယ်ဆိုပေမယ့် ဒဏ်ရာပျောက်သွားရင်တော့ ညာဘက်ပါးပြင်မှာ အမာရွတ်နည်းနည်းတော့ ကျန်နေ လိမ့်မယ် ကိုကို၊ ဒါကလည်း သူ ကံဆိုးပြီး ထိခိုက် သွားတာပါ၊ နောက်ဆုံး ကိုကိုရာ ဒီအမာရွတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီနည်းတွေနဲ့ ကုသပေးဖို့အထိ လူကြီးတွေက တာဝန်ယူထားကြတာပဲဥစ္စာ"

သူ့အံတွက်ကြောင့် နိုင်နိုင်ဇော့မျက်နှာမှာ သေရာပါ ဒဏ်ရာတစ်ခု ရသွားခဲ့ပြီဆိုတော့ စိတ်မကောင်းမိ။ ဘယ်လိုပဲ ခေတ်မီနည်းဖြင့် ကုသ, ကုသ, မိမွေးတိုင်း ဖမွေးတိုင်း မဟုတ်တော့ဘူးဆိုသော အသိက ပျောက်သွားမှာ မဟုတ်ပေ။

"ကိုကို သူ့ကို တောင်းပန်ရလိမ့်မယ် တင်မေလွင်၊ နိုင်နိုင်ဇော့ စိတ်ထဲမှာ ရှိနေတဲ့ သံသယတွေ ကင်းစင်သွားတဲ့အထိ နားလည်အောင် ကိုကို ကြိုးစား ရလိမ့်မယ်"

"ဘာဆိုင်လဲ ကိုကို၊ ကိုကို ပြောသလို ကိစ္စကပြီးနေပြီပဲ၊ သူ့ဘာသာသူ ဖြစ်နေတဲ့ကိစ္စလေ၊ ကိုကို့မိဘတွေကရော တင်မေလွင့်မိဘတွေကပါ ဒီတိုက်ဆိုင်မှုကြောင့်ပဲ အားလုံး လိုလေသေးမရှိ လိုက်လျောခဲ့ကြပြီးပြီ၊ ကိုကို ဘာမှ တောင်းပန်နေစရာ၊ နားလည်ဖို့ ကြိုးစားနေစရာ မလိုဘူး"





ဒီကိစ္စကတော့ သူနှင့် တင်မေလွင်တို့ကြားတွင် အကြီးမားဆုံးပြဿနာ ဖြစ်လာမှာတော့ သေချာနေ၏။

တင်မေလွင့်စိတ်ကို သိနေသောကြောင့်ပင် သူ အလျှော့ပေးလိုက်ရသည်။ ဒီကိစ္စကို တိုင်ပင်ဆွေးနွေးလို့ ရေမှန်း သူ ကောင်းကောင်း နားလည်သွား၏။

တင်မေလွင်ကို ငေးကြည့်ရင်းကပင် နိုင်နိုင်ဇော့ မျက်နှာလေးကို သူ မြင်ယောင်မိသည်။ တင်မေလွင်နှင့် နိုင်နိုင်ဇေတို့က နှစ်ယောက်စလုံး လှကြပါပေသည်။ လူတွေကတော့ သူမတို့နှစ်ယောက်ကို ကြည့်ပြီး နိုင်နိုင်ဇေကို အလေးသာပေးကြသည်။

သူကတော့ ချစ်ချင်းမေတ္တာကြောင့်ပင် တင်မေလွင်ကိုပဲ အလှပဆုံးသော သရုပ်ကို ဆောင်းပေးချင်၏။


တင်မေလွင် တစ်ယောက်သာလျှင် သူ့အတွက် အလှပဆုံးသောချစ်သူ ဖြစ်နေသည် မဟုတ်ပါလား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း [တစ်]

www.burmeseclassic.com

www.burmeseclassic.com

## ၂

သူ ဆယ်တန်းအောင်သောနှစ်မှာ တင်မေလွင်နှင့် တရားဝင်ချစ်သူတွေ ဖြစ်ခဲ့ကြ၏။ သူ အောင်သော်လည်း တင်မေလွင်ရော တင့်ဝေပါ ဆယ်တန်းကျသည်။

ဒုတိယနှစ်ထပ်ဖြေသောအခါမှာလည်း တင်မေလွင်ရော တင့်ဝေပါ အောင်စာရင်းမှာ ပါမလာ။

တင်မေလွင်တို့ကို ခွဲပြီး သူ တစ်ယောက်တည်း တက္ကသိုလ်တက်ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ် စာမေးပွဲကိုတော့ ငါရော၊ တင်မေလွင်ပါ. ဖြေ ဖြစ်ကြမယ် မထင်ဘူး အောင်နိုင်ထွန်း"

သူ တက္ကသိုလ်တက်နေစဉ် သူ မရှိစဉ်အချိန် များမှာပင် တင်မေလွင်ရော တင့်ဆေပါ မိဘတွေ၏ စီးပွားရေး လုပ်ငန်းတွေကို ဝင်လုပ်ဖြစ်ကြ၏။

တင့်ဆေက တရားဝင်ပြောပေမယ့် တင်မေလွင် ကတော့ ငြိမ်နေ၏။

သူ့သက်ပြင်းချသံကြောင့်ပင် တင်မေလွင် ပြောသည်။

"တင်မေလွင် စာမေးပွဲ မဖြေတော့ဘူးဆိုလို့ ကိုကို စိတ်မကောင်းဖြစ်နေတာလားဟင်"

"ဒါပေါ့ . . . တင်မေလွင်၊ စီးပွားရေးလုပ်တာက တစ်ပိုင်း ပေါ့၊ စာမေးပွဲကိုတော့ ဝင်ဖြေချင်တယ်"

"မင်း စေတနာကို ငါတို့ နားလည်တယ်၊ ငါတို့က စီးပွားရေးနယ်ထဲမှာ တကယ်ကျွံသွားပြီ၊ တင်မေလွင် ဆိုလည်း ရွှေဆိုင်မှာ တကယ် ဦးစီးနိုင်နေပြီ၊ ငါဆိုလည်း





စက်ရုံက အလုပ်တွေနဲ့ စာကြည့်ဖို့ အချိန်မပေးနိုင် တော့ဘူး"

"ဟုတ်တယ် ကိုကို၊ အပွင့်လင်းဆုံး ပြောရရင် တင့်ဆေရော တင်မေလွင်ပါ ကိုကိုလောက် ဉာဏ် မကောင်းတာ သေချာတယ်"

သူတို့အခြေအနေ သူတို့အနေအထားတွေက တကယ့်ကို စီးပွားရေးမှာ ကျွမ်းကျင်နေကြ၏။

သူကတော့ ဘွဲ့တစ်ခုရဖို့အတွက် စီးပွားရေး ကိစ္စတွေကို ပစ်ပယ်ထားတာတော့ အမှန်ပင်။ မေမေတို့ ကလည်း ပညာရေးကိုပဲ အားပေးကြသည်။

"အေးလေ မင်းတို့ဆင်ခြေနဲ့ မင်းတို့က ဟုတ်နေတော့ ငါ ဘာပြောရမှန်း မသိတော့ဘူး၊ တင့်ဆေကတော့ ထားပါတော့၊ တင်မေလွင်ကိုတော့ ကိုကို စိုးရိမ်တာ တစ်ခုရှိတယ်"

"ဘာများလဲ ကိုကို"

"တခြား မဟုတ်ဘူး၊ စီးပွားရေးလုပ်တယ်ဆိုတော့ လူပေါင်းစုံနဲ့ ဆက်ဆံရတာ၊ တင်မေလွင်အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အလိုလို လူကြီးတစ်ယောက် ဖြစ်သွားသလိုပဲ"

"တောင်တောင်မြောက်မြောက်တွေ တွေးမနေပါနဲ့ အောင်နိုင်ထွန်းရာ၊ မင်းရဲ့တင်မေလွင် ဘယ်လောက် ချောချောလှလှ၊ ဘယ်သူမှ ထိရဲကြတာ မဟုတ်ပါဘူး၊ တင်မေလွင်ကလည်း မင်းအပေါ် သစ္စာမဲ့မှာ မဟုတ်ဘူး၊ မင်းတို့တွေက လူကြီးချင်းတွေပါ သိနေကြတာပဲ၊ မင်းဘွဲ့ရတဲ့အချိန် မင်းနဲ့ တင်မေလွင်ကို လက်ထပ် ပေးကြမှာပဲဥစ္စာ"

"ကိုကိုကပဲ စိတ်မချတယ် ရှိရသေးတယ်၊ တင်မေလွင် ကွယ်ရာမှာ အချောအလှလေးတွေနဲ့ အမြဲထိတွေ့ နေရတာလည်း ထည့်ပြောပါဦး၊ စိတ်မချစရာရှိရင် တင်မေလွင်က စိတ်မချရမှာပါနော်"

"တင်မေလွင်ပြောတာ ဟုတ်တယ် အောင်နိုင်ထွန်း"

"ဒီအတွက်တော့ လုံးဝ အာမခံတယ်၊ ငါ့ဘဝမှာ ချစ်သူဆိုလို့ တင်မေလွင်တစ်ယောက်တည်းပဲ"

သူပြောရင်းကပင် တင်မေလွင်ကို လှမ်းဖက် လိုက်သည်။





တင့်ဝေကတော့ အပြောင်အနောက်သဘောမျိုး ဖြင့် မျက်လုံးကို ကွယ်ထား၏။

"မေ့နေလိုက်တာ ကိုကိုရယ်"

"ဘာများလဲ တင်မေလွင်"

သူ့ လက်ကို အသာဖယ်ရင်းက နာရီကို တင်မေလွင် ကြည့်သည်။

"တခြားမဟုတ်ဘူး ကိုကို၊ အခု ဆယ်နာရီထိုးပြီ၊ ဆိုင်မှာ ကျောက်အရောင်းအဝယ်လုပ်ဖို့ ချိန်းထားတာ၊ တင့်ဝေ အလုပ်အားတယ် မဟုတ်လား ... ကိုကို တင့်ဝေနဲ့ နေလိုက်ဦး၊ တင်မေလွင် ပြေးလိုက်ဦးမယ်"

အနည်းငယ် ဖရိုဖရဲဖြစ်နေသော အနေအထား ကိုပင် တင်မေလွင် ပြင်ဖို့ အချိန်မပေးပေ။ ဆိုင်မှ ထ,ထွက် သွားပြီး ကားမောင်းထွက်သွား၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကမှ ကျောင်းပိတ်လို့ ငါပြန်ရောက်တယ်၊ ဒီနေ့ မင်းတို့နဲ့ တစ်နေရာရာကို သွားလည်မလားလို့ စိတ်ကူးနေတာ တင့်ဝေ"

"အလွမ်းမပြေတဲ့သဘောပေါ့ ဟုတ်လား အောင်နိုင်ထွန်း၊ တင်မေလွင်ကတော့ မျက်စိရှေ့မှာတင် ပြောင်းလဲသွားတာ အမှန်ပဲ၊ အခုဆိုရင် ဆိုင်ခွဲတွေ ဘာတွေတောင် ထပ်ဖွင့်ထားတာ"

"အေးကွာ၊ ဘာပြောပြော မင်းလည်း စီးပွားရေးလုပ်ပြီး လူကြီးလို ဖြစ်နေပြီ၊ မင်းတို့ပိုက်ဆံကို မင်းတို့ သုံးနိုင်ရုံတင် မကဘူး၊ မိသားစုကပါ မျက်နှာလွှဲလို့ ရနေတဲ့ အနေအထားမျိုးပဲ၊ ငါကတော့ မိဘပိုက်ဆံကို လက်ဖြန့်တောင်းပြီး ကျောင်းသားဘဝပဲ ရှိနေသေးတာ"

"ဒါကတော့ကွာ တစ်ချိန်မှာ မင်းလည်း မင်းမိဘလုပ်ငန်းတွေကို ဝင်လုပ်မှာပဲ၊ အခုအချိန်မှာ မင်းက ပညာသင်နေရတဲ့ အချိန်လေ"

"မင်းရော တင်မေလွင်လိုပဲ ငါ့ကို ထားခဲ့ပြီး လုပ်စရာတွေ ရှိသေးလား"





"ငါ့အလုပ်ကတော့ သိပ်အရေးမကြီးပါဘူး၊ မင်း ဘယ်သွားချင်လဲ ... ပြောလေ"


"တော်ပါပြီကွာ၊ ငါ မသွားတော့ပါဘူး"

သူ့စိတ်ထဲမှာတော့ ဘာကို ဘယ်လို ခေါင်းစဉ်တပ်ရမည်မသိ။ တစ်ခုခု လစ်ဟာသွားသလို ခံစားရတာတော့ အမှန်ပင်။ သူ့အနားမှာ တင်မေလွင်ရော တင့်ဝေကိုပါ ရှိနေစေချင်၏။ အထူးသဖြင့် တင်မေလွင်ကို သူ တမ်းတနေဖြစ်သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## (၃)

နံနက် အိပ်ရာ အထ မှာပင် ပြက္ခဒိန်ကို လှမ်းကြည့်မိသည်။ ဒီနေ့ ဥပုသ်နေ့ဆိုတော့ တင်မေလွင်တို့ ဈေးပိတ်ပေမည်။

တင်မေလွင်နှင့် တစ်နေကုန် လျှောက်လည်ဖြစ်မည်ဟု တွေးကာ ပျော်မိပြန်၏။

အိမ်မှာ ပြင်ပေးထားသော သရေစာများကိုပင် စားဘဲ တင်မေလွင်ဆီ ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တင်မေလွင်တို့ခြံရှေ့မှာ ဆိုင်ကယ်ရပ်သည်နှင့် ခြံစောင့်ဦးလေးကြီးက သော့လာဖွင့်ပေးသည်။

"မောင်အောင်နိုင်ထွန်းပါလား၊ အိမ်ထဲမှာတော့ တင်မေလွင်တို့ အမေပဲ ရှိတယ်"

"တင်မေလွင် ဘယ်သွားလို့လဲ ဦးလေး"

"ဘာသင်တန်းလည်း မသိဘူးကွယ်၊ ဟိုလေ ကာယ အလှမယ် ပြိုင်ဖို့အတွက်ဆိုလားပဲ၊ သူ့အမေနဲ့ အတူတူ ကားနဲ့ ထွက်သွားတာပဲ"

ကြားရသော စကားကြောင့်ပင် သူ ဘာလုပ်ရမှန်း မသိ ဖြစ်သွားရသည်။

ဆိုင်ကယ်စက်နိုးပြီး နောက်ကြောင်းပြန်လှည့်ဖို့ ကြိုးစားစဉ်မှာပင် ...

"အထဲ မဝင်တော့ဘူးလား"

...ဟု ခြံစောင့်ဦးလေးကြီးက မေးသည်။

"မဝင်တော့ဘူး" ဟု ပြန်ဖြေရင်းကပင် ဦးတည်ရာမဲ့ ထွက်လာဖြစ်သည်။ တင်မေလွင် မရှိဘူး ဆိုမှတော့ တင့်ဇေဆီကိုပဲ သွားဖို့ ရှိတော့၏။ တင့်ဇေကလည်း သူ့





အလုပ်နှင့်သူ ရှုပ်နေမှာ သေချာ၏။

ခဏတစ်ဖြုတ်လောက်တော့ တင့်ဇေ အချိန်ရမှာ ဆိုသော အတွေးဖြင့် အရဲစွန့် ထွက်လာရပြန်သည်။

◆ ◆ ◆

"အခုလိုဖြစ်နေတဲ့ အခြေအနေတွေကြောင့် မင်းစိတ် ဓာတ်ကျနေပြီလား အောင်နိုင်ထွန်း"

သူ့စိတ်ကို သိသော သူငယ်ချင်း တင့်ဇေက သို့တည့်ကြီး မေး၏။

မကွယ်မဝှက်ဘဲ သူ ဖြေလိုက်မိသည်။

"ဆိုပါတော့ တင့်ဇေရာ"

"ဒီလိုပေါ့ကွာ၊ တင်မေလွင်က သူဖြစ်ချင်ရာတွေ လုပ်နေတာလေ၊ မင်းဟာနဲ့တားလို့လည်း မကောင်းဘူး၊ ဒီပွဲက ဒီတို့မြို့နယ်မှာ ပထမဆုံးလုပ်မယ့်ပွဲ၊ အိမ်က ငါ့ညီမတွေတောင် အတွေ့အကြုံ ရအောင်ဆိုပြီး ဝင်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြမှာကွ၊ ဒီပွဲမှာ တင်မေလွင်ပဲ ပထမရမှာ၊ တင်မေလွင်နဲ့ ပတ်သက်ပြီး မင်း ဂုဏ်ယူစရာ ပေါ့ကွာ"

တင့်ဝေကတော့ အားပေးစကားကို ရှာကြံပြီး ပြောတတ်သူပင်။

"ဒီပုံစံ အတိုင်း ဆိုရင်တော့ ကျောင်းပိတ်ရက်မှာ တင်မေလွင်နဲ့ အေးအေးလူလူ နေရမှာ မဟုတ်တာတော့ သေချာသွားပြီ၊ သူ့စီးပွားရေးနဲ့သူ အလုပ်ရှုပ်နေတဲ့ အထဲ ဒီပြိုင်ပွဲကြီးက တစ်မျောင့်"

"လုပ်မနေနဲ့ ဒီပြိုင်ပွဲအတွက် မင်းဦးလေး ရုပ်ရှင်ဒါရိုက်တာက အကဲဖြတ်မှာကွ၊ မင်းဦးလေးကို စိတ်ထားတယ် ပြောတာပဲ၊ တင်မေလွင်ရဲ့ ဝါသနာနဲ့တော့ မင်းသမီးတွေ ဘာတွေများ ဖြစ်လာဦးမလဲ မသိဘူး"

တင့်ဝေကတော့ မှတ်ချက်ပေးနေသည်။ ဦးလေးဖြစ်သူက နာမည်ကြီး ဒါရိုက်တာ။ သူ့ကို မင်းသားလုပ်ဖို့ တိုက်တွန်းဖူးသည်။ သူက ဝါသနာ လုံးဝမပါ။

"ပြောလို့တော့ မရဘူး တင့်ဝေ၊ ရှေ့လျှောက်တော့ တင်မေလွင်နဲ့ ပတ်သက်ပြီး ဘာဖြစ်ဦးမယ် မသိဘူး"





"ဘာဖြစ်စရာရှိလဲ အောင်နိုင်ထွန်းရာ၊ တင်မေလွင် မင်းသမီးဖြစ်လည်း မင်းကို ချန်သွားစရာလမ်း မရှိဘူး၊ ပြီးတော့ သူ အောင်မြင်ဖို့ အတွက် မင်းကတောင် တိုက်တိုက်တွန်းတွန်း ရှိရမှာ"

"ငါ မဖြစ်စေချင်လို့ ပြောတာ မဟုတ်ဘူး တင့်ဝေ၊ မင်းနားလည်အောင် ဘယ်လိုပြောရမလဲ မသိဘူး"

"ပြောမနေပါနဲ့ကွာ၊ တင်မေလွင်က လှတယ်၊ လူသိများလာလေ မင်းအတွက် စိတ်မချစရာ ဖြစ်လာမယ်၊ ဒါပဲ မဟုတ်လား၊ တကယ်တမ်းမှာ တင်မေလွင်က မင်းလက်ထဲက ပန်းတစ်ပွင့်ပါပဲ"

"ဒါတွေ ထားလိုက်ပါတော့၊ သူတို့သင်တန်းက ဘယ်လောက်ကြာမှာလို့ မင်းထင်လဲ"

"မပြောတတ်ဘူး၊ မင်းလိုက်သွားချင်ရင် ငါအဖော် လိုက်ခဲ့ပေးမယ်လေ"

ဘာပဲပြောပြော တင်မေလွင်နှင့်တော့ စကားတွေ ပြောချင်သေးသည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



တင့်ဝေနှင့် လိုက်လာပြီးမှ မှားပြီလားဟူသော အတွေးဝင်၏။ ရောက်လက်စနှင့်သာ ထိုင်စောင့်နေရသည်။

သူ့ကိုမြင်တော့ တင်မေလွှင့်မေမေ အနားရောက်လာ၏။

"မနက်က ထွက်လာကတည်းက မင်း ဒီမှာရောက်လာမှာပဲ ဆိုတာကို သမီးလေးက တဖွဖွ ပြောနေတာ၊ မင်းဦးလေးနဲ့တွေ့လို့ ဒီမှာ ရှိနေမယ်ဆိုတာ သိတာလား"

ပြီးစလွယ်သဘောမျိုးဖြင့် သူခေါင်းညိတ်လိုက်သည်။

"ဒါဆိုရင်တော့ ဒေါ်ဒေါ် ပြန်တော့မယ်၊ မောင်အောင်ခိုင်ထွန်းပဲ သမီးလေးကို စောင့်ခေါ်ခဲ့တော့နော်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

တင်မေလွှင့် မေမေကတော့ ထွက်သွားလေပြီ။

"မင်း ဒီကိုလိုက်လာတာ တစ်မျိုးတော့ ကောင်းသွားတယ်၊ ငါရော ပြန်လို့ရမလား၊ ငါပါရှိနေရင် မင်းတို့ချင်း လွတ်လွတ်လပ်လပ် စကားပြောလို့ရမှာ မဟုတ်ဘူး"





"သူတို့ထွက်လာတဲ့ အထိတော့ ခဏအဖော်လုပ်ပေးပါဦး တင့်ဝေရာ၊ ပြီးမှ မင်းသွားရင်သွား"

"အေးပါကွာ"

လက်စနှင့်မို့ တင့်ဝေကို ခေါ်ဆွဲထားမိသည်။

ဒီနေရာမှာတော့ သူတစ်ယောက်တည်း ထိုင်မနေချင်။

တင်မေလွှင် မြန်မြန်ထွက်လာရင် ကောင်းမှာပဲဟု စိတ်ထဲမှာ တွေးနေမိသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



(၄)

တင်မေလွင်ကို နောက်ထိုင်ခုံမှာ တင်စီးရပြန်တော့ စိတ်ထဲမှာ ပျော်လာရပြန်သည်။ ချစ်သူနှင့် နီးနီးကပ်ကပ် နေရသောအခါမှ နှလုံးသားသည် နေပျော်သည်လားသေး။

မြို့ပြင်ဘက်ထွက်ပြီး တောင်ကုန်းမြင့်ပေါ်မှ စေတီဆီသို့ နှစ်ယောက်သား လမ်းလျှောက်တက်ခဲ့ကြ၏။

လှမ်းစေတီဦးမှာ ဦးခိုက်ရပြန်တော့ သံသရာအတွက် ရည်ရွယ်ပြီး ဆုတွေတောင်းမိပြန်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆုတွေတောင်းလဲ တင်မေလွှင်"

နှစ်ယောက်သား အနေနီးချိန်မှာတော့ ရင်ခုန်ခြင်း ဖြင့် တီးတိုးညင်သာဖွယ် စကားများကို ဆိုလိမ့်မည် …ဟု သူ တွေးသည်။

"အခုချိန်မှာတော့ ပြိုင်ပွဲမှာ ပထမရဖို့ပဲ ဆုတောင်း ဖြစ်တယ် ကိုကို"

တင်မေလွှင့်စကားကြောင့် စိတ်သက်သာရာ ဖြစ်သွားသည်။

တင်မေလွှင်အား ငေးကြည့်ရင်းကပင် ရင်ထဲ ရှိသည်တို့ကို ပြောပြဖြစ်၏။

"နှစ်ယောက် ဝတ်ပြုကြတော့ ကိုကိုတောင်းတဲ့ဆု တင်မေလွှင်နဲ့ ဒီဘဝတင်မက နောင်သံသ အဆက်ဆက် ဆုံတွေ့ရပါစေဆိုတဲ့ ဆုပဲ"

"ကိုကိုကလည်း တင်မေလွှင်နဲ့ ကိုကိုက အခုဘ ဆုံနေကြပြီပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ အဲဒီဆုံစည်းမှု မပြိုပျက် အတွက် ဆုတောင်းရတာပေါ့"





"တင်မေလွှင့်ဘဝမှာတော့ အချစ်ရေးနဲ့ ပတ်သက် ပတ်သက်၊ အိမ်ထောင်ရေးနဲ့ပဲ ပတ်သက် ပတ်သက် ကိုကိုတစ်ယောက်ပဲ ရှိတာ"

ရင်ကို ဝမ်းမြောက်စေသော သစ္စာစကား … ဟု ယုံကြည်မိသည်။

တင်မေလွှင်ကရော ပတ်ဝန်းကျင်ကပါ အရင် အတိုင်း ပကတိ ရှိနေ၏။ သူ့ရင်၏ အလိုမကျ စိုးရိမ်မှုများ ကြောင့်သာ အနေခက်နေခြင်းလေလား။

တင့်ဆဲပြောသလို တင်မေလွှင် ဖြစ်ချင်သည် များကို သူ စိတ်ဝင်စားပြလိုက်ရသည်။

"ဦးလေးဝင့်နိုင်လည်း တင်မေလွှင်တို့ပြိုင်ပွဲမှာ အကဲဖြတ် မှဖြစ်မှာပေါ့၊ တင်မေလွှင်အတွက်တော့ ဒီပြိုင်ပွဲက ရင်ခုန်စရာပဲ ကိုကို"

"ဘယ်သူတွေ ဘာပဲပြောပြော တင်မေလွှင်ပဲ ပထမ ရမယ် ဆိုတာကို ယုံကြည်တယ်"

"ကိုကို့ကို ခွင့်တောင်းစရာ ရှိတယ်၊ ဒီစကားက စိတ်ကူးယဉ်တာထက် "ပိုတယ် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး"

"တကယ်လို့ ဗီဒီယိုတို့ ရုပ်ရှင်တို့ ရိုက်ဖြစ်မယ်ဆိုရင် ကိုကို ခွင့်ပြုမယ် မဟုတ်လား"

သူ့ကိုတော့ တင်မေလွှင် တိုင်တည်နေပြီ။

တင်မေလွှင် စိတ်ကျေနပ်ဖို့ သူပြောလိုက်ရသည်။

"တင်မေလွှင် တကယ်ဖြစ်ချင်နေမှတော့ ခွင့်မပြုလို့ ရမလား ခွင့်ပြုပါတယ်၊ တင်မေလွှင့်ဆန္ဒတွေအတိုင်း ဖြည့်ဆည်းပေးလို့ ရရင်တောင် ဖြည့်ဆည်းပေးချင်ပါတယ်"

"ဦးလေးဝင့်နိုင်ကရော တင်မေလွှင်ကို အကူအညီ ပေးပါ့မလားဟင် ကိုကို"

"ဘယ်လိုပြောရမလဲ မသိဘူး၊ ဦးလေးကတော့ ပိုသိမယ်၊ ကူညီမှာပါ"

"တင်မေလွှင့်ဆန္ဒကို ပြောပြမယ်နော်၊ စီးပွားရေးမှာ လုပ်သမျှ ဖြစ်တယ်၊ အနုပညာမှာလည်း ဖြစ်မယ်လို့ ယုံကြည်နေတယ်"





တင်မေလွှင်ကတော့ မဖြစ်ဖြစ်အောင်လုပ်ဖို့ ဆုံးဖြတ်ထားပုံရသည်။

"တကယ်ဖြစ်ခဲ့ရင် ကိုကို့ကို မေ့သွားမှာလား ဟင်"

"ဘာမေ့စရာရှိလဲ ကိုကိုရာ၊ ကိုကိုသာ တင်မေလွှင်အတွက် မရှိမဖြစ်ချစ်သူ၊ တင်မေလွှင့်အနားမှာ ထာဝရ ရှိသွားရမယ့်လူလေ"

"ကျေးဇူးတင်လိုက်တာကွာ"

"ကျေးဇူးစကားက လိုသေးလို့လား ကိုကို"

"လိုတယ် တင်မေလွှင်၊ ဒီစကား တစ်ခွန်းကြောင့် ကိုကို အရမ်း ပီတိဖြစ်ရလို့လေ"

ချစ်သူနှစ်ယောက်၏ ကြင်နာနွေးထွေးမှုကတော့ အတိုင်းမသိ။ ဆည်းလည်းခတ်သံသည် ရင်ကိုအေးမြစေ၏။ ကောင်းကင်ထက်၌ ပျံသန်းကြသော ငှက်တို့သည်လည်း သာယာသောတေးကို ရွတ်ဆိုနေကြ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့တွေမှာတော့ တင်မေလွင် အကြိုအပို့ကို သူကိုယ်တိုင်ပင် တာဝန်ယူလိုက်တော့သည်။

တင့်ဝေကတော့ သူနှင့် တင်မေလွင်တို့ကို ကြည့်ပြီး ဝမ်းသာနေပုံရသည်။

"အခုမှပဲ အောင်ခိုင်ထွန်းတစ်ယောက် ပြုံးပြုံးရွှင်ရွှင်နဲ့ ကြည်လင်တာကို မြင်ရတော့တယ်"

ရုတ်တရက်ကြီး တင့်ဝေပြောလိုက်သောစကားကို တင်မေလွင်ကတော့ ကောင်းကောင်းနားလည်ပုံ မပေါ်ပေ။

"အရင်က ကိုကို ဘာဖြစ်နေလို့လဲ တင့်ဝေ"

တင်မေလွင်နှင့် တင့်ဝေတို့ နှစ်ယောက်ကြားမှာ သူ မပါဝင်ဘဲ နေလိုက်၏။

သူတို့ အချင်းချင်း ရှင်းကြ လင်းကြတာက အကောင်းဆုံးဖြစ်၏။

"နင်သိအောင် ပြောပြရမှာပေါ့ဟာ၊ ငါ ပြောပြလိုက်မယ်နော် အောင်ခိုင်ထွန်း"

"ပြောစေချာ"

သူစိုးရိမ်မကင်းဖြစ်မှုများကို တင်မေလွင်သိတာ





တစ်မျိုးကောင်းသည် ... ဟု တွေးမိ၏။ ဒီအတွက် တင့်ဝေကိုလည်း သူ ကျေးဇူးတင်သည်။

"ဒီလို တင်မေလွင်၊ ဒီကောင် ကျောင်းပိတ်လို့ ပြန်ရောက်လာတယ်၊ နင်ရော ငါရောက ဒီကောင့် မြို့က ထွက်သွားတုန်းကနဲ့ ဘာမှမဆိုင်တဲ့ အခြေအနေတွေ ဖြစ်နေတယ်၊ ငါကတော့ ထားပါတော့ဟာ၊ အဓိက ကျတာက နင်ပဲ၊ နင်က နင့်အလုပ်တွေနဲ့ ရှုပ်နေ၊ ဒီကိစ္စကို နင်သိချင်မှ သိတယ်၊ သူ့အနားမှာ နင်မရှိတဲ့ အတွက် သူ ဗီလင်ဖြစ်နေတာ၊ စီးပွားရေးကိစ္စ၊ ပြီးတော့ မယ်ပြိုင်ပွဲ ကိစ္စတွေပေါ့ဟာ"

"ဟုတ်လား ကိုကို"

နှုတ်ဖြင့် မဖြေဘဲ ပြုံးရင်းက သူ ခေါင်းညိတ်ပြလိုက်သည်။ တင်မေလွင်က စဉ်းစားဟန်ပြုပြီးမှ ...

"ကိုကိုကတော့ ဖြစ်ရမယ်၊ ကြောင့်ကြစရာမရှိ ကြောင့်ကြတတ်တယ်"

"နင် လူသိများလာတာကိုလည်း စိုးရိမ်တာ ပါမှာပေါ့၊ နင့် ကို စိတ်မချနိုင်ဖြစ်တာက ပိုများတာပါဟာ"



www.burmeseclassic.com

တင့်ဝေ၏ အပြောင်အနောက် စကားကတော့ သူပြောချင်နေသည့် စကားများပင်။ တင်မေလွှင်ကတော့ ပြောနေကျစကားများပင် ပြော၏။

"ကိုကို့တစ်ယောက်တည်းကိုပဲ သံယောဇဉ်ဖြစ်ခဲ့တယ်၊ ချစ်သူအဖြစ် အသိအမှတ်ပြုတယ်၊ ဘယ်အခါဖြစ်ဖြစ် ကိုကို့ အနားမှာပဲ တင်မေလွှင် ရှိနေမှာ"

"သာဓုဗျာ သာဓု၊ တစ်ခွန်းကိုတော့ နှစ်ယောက်စလုံးနဲ့ ပတ်သက်ပြီး ချန်ထားလိုက်ဦးမယ်"

တင့်ဝေ၏ အပြောင်အနောက်စကားကြောင့်ပင် သုံးယောက်သား ပွဲကျသွားရ၏။

ပျော်စရာကောင်းသော နေ့ရက်တွေကိုသာ ဖြတ်သန်းချင်၏။ ချစ်သူ၏မျက်နှာကို ကြည့်ရင်း အမြဲလိုလို ဝမ်းမြောက်ရသော သူ ဖြစ်ချင်တာ အမှန်ပင် ဖြစ်သည်လေ။

◆ ◆ ◆



# (၅)

သူတို့မြို့နယ်၏ ကာယအလှမယ်ပြိုင်ပွဲမှာတော့ လူတွေ ထင်ကြေးပေးကြသလိုပင် ပြိုင်ပွဲဝင်ကြသူများကို ကျော်ဖြတ်ပြီး တင်မေလွှင်တစ်ယောက် ပထမဆုကို ဆွတ်ခူး ရရှိသွားသည်။

[illegible] ဦးလေးဝင့်နိုင် မပြန်ခင်မှာပင် တင်မေလွှင့် အမှတ်[illegible] ပွဲလေးကို ကျင်းပဖြစ်သည်။ ထိုပွဲလေးမှာတင် တင်မေလွှင်နှင့် ပတ်သက်သော အနုပညာအနာဂတ်ကို ဆွေးနွေးဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးအနေနဲ့ ကာယအလှမယ်ကို ထိုက်ထိုက်တန်တန် ရခဲ့ပြီးပြီ၊ သရုပ်ဆောင်တစ်ယောက် ဖြစ်လောက်တဲ့ ပြင့်ပလက္ခဏာတွေကတော့ ပြောစရာ မရှိဘူး၊ အနုပညာချာန်ဝင်စားနိုင်မှုဆိုတဲ့ စိတ်ပိုင်းဆိုင်ရာကိုတော့ စမ်းသပ်ကြည့်တာပေါ့"

"ကိုဝင့်နိုင်ကိုပဲ အပ်ရတော့မယ်၊ သမီးလေးကလည်း ဝါသနာပါနေတာဆိုတော့ ဖြစ်စေချင်တယ်လေ"

"အနုပညာဆိုတာ ဝါသနာပါရုံလောက်နဲ့တင် မပြီးသေးဘူး၊ အဲဒီအပေါ်မှာ ဘယ်လောက်ဝင်စားမှု ရှိသလဲ၊ ရူးသွပ်မှု ရှိသလဲဆိုတာလည်း ရှိသေးတယ်"

"ကျွန်တော်တို့ကတော့ ဒီအပိုင်းတွေကို နားမလည်ဘူးဗျာ၊ သမီးလေးကို ကိုဝင့်နိုင်ပဲ စောင့်ရှောက်ပေးရမှာပဲ"

"တင်မေလွင်အနေနဲ့ သူများထက် ကံကောင်းတာက ဝိုင်းဝန်းပံ့ပိုးပေးတဲ့ အသိုက်အဝန်း ရှိနေတာပဲ၊ အေးလေ ကျွန်တော်စမ်းကြည့်သေးတာပေါ့၊ လုပ်စရာတွေကတော့ အများကြီးပဲ၊ ရန်ကုန်မှာက ပိုပြီး အခြေအနေ ပေးတာပေါ့၊ အောင်နိုင်ထွန်းကလည်း ရန်ကုန်မှာ ကျောင်း





တက်နေတာဆိုတော့ တင်မေလွင်အတွက် အဖော်ရတာပေါ့၊ ဟိုမှာချည်းပဲ အမြဲနေရမယ်လို့ မဆိုလိုပါဘူး၊ ဒီနဲ့ ရန်ကုန်ကိုတော့ ကူးချည်သန်းချည် နေရမှာပဲ"

တင်မေလွင်ကတော့ လူကြီးတွေ ပြောစကားများကို ငြိမ်ငြိမ်လေး နားထောင်နေ၏။

တင်မေလွင်ကိုယ်တိုင် ဘာဖြစ်နေမည်ကို မမှန်းဆတတ်။ သူ့ရင်ထဲမှာတော့ လူကြီးတွေ ပြောစကားများကို နားထောင်နေရင်းက ရင်ခုန်နေဖြစ်သည်။

◆ ◆ ◆

"နင့်ဘက်က ကြိုးစားမှုပဲ လိုတော့တာ တင်မေလွင်၊ အေးလေ ဗီစီဒီအခွေတွေ ခေတ်စားလာတာ နင်တို့လို ဝါသနာရှိသူတွေအတွက် စမ်းသပ် လေ့ကျင့်ကွင်း တစ်ခုပဲ၊ အောင်နိုင်ထွန်း ဦးလေးက သူရိုက်မယ့် ဗီစီဒီသီချင်းခွေမှာ ပထမဆုံး သရုပ်ဆောင်နိုင်းမှာဆိုတော့ ပိုအဆင်ပြေသွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မမမတို့ကလည်း ဦးလေးဝင့်နိုင်ကြောင့်ရယ်၊ ကိုကို ရန်ကုန်မှာ ရှိနေတယ်ဆိုတာကြောင့်ရယ် စိတ်ချပြီး လုပ်နိုင်းကြတာ"

"ဒါဆို ... အောင်နိုင်ထွန်း ပြန်တာနဲ့ နင်လိုက်သွား ရမှာပေါ့"

"ဟုတ်တယ် တင့်ဆေ၊ ငါနဲ့ အတူတူ တင်မေလွင် လိုက်မှာ"

"နေဖို့ ထိုင်ဖို့ကရော"

"ငါကတော့ ဒီလို စဉ်းစားထားတယ်၊ တင်မေလွင် အမျိုးတွေ ရှိတယ် ဆိုပေမယ့် အဲဒီမှာ မနေစေချင်ဘူး၊ တိုက်ခန်းတစ်ခန်းလောက်ငှားပြီး တင်မေလွင် ရန်ကုန် မှာ ရှိနေတုန်းနေဖို့ စိစဉ်မလားလို့"

"မင်းအကြံမဆိုးပါဘူး၊ တင်မေလွင့်အမျိုးတွေ အိမ် ဆိုရင် မင်း ဝင်ရ ထွက်ရတာရော၊ တင်မေလွင့် အလုပ်နဲ့ပါ ကြာရင်မကောင်းဘူး၊ သီးသန့်နေတာ အားလုံးအတွက် အဆင့်ပြေပါတယ်၊ မင်းပါ အဲဒီ အခန်းမှာ နေလိုက်ပါလား"





"ဟာ ... ဒါတော့ မဖြစ်ဘူး၊ ကောင်းလည်း မကောင်း ဘူး၊ ငါကတော့ ငါ့အဆောင်မှာပဲ ငါနေမှာပါ"

သူ့ စကားကြောင့်ပင် တင်မေလွင်ကပါ ဝင် နှောက်၏။

"ကိုကိုကပဲ တင်မေလွင်နဲ့ အတူတူနေဖို့ နာတယ် ရှိရသေးတယ်"

"ချစ်သူဆိုတဲ့ အသိနဲ့ ဘာကိုမှ မလိုအပ်ဘဲ အခွင့် အရေးမယူချင်ဘူး၊ ကိုကို့စိတ်ကို တင်မေလွင် အသိဆုံး ပါနော်"

"သိပါတယ်၊ သိလို့လည်း တင်မေလွင်ကရော လူကြီး တွေကပါ ကိုကို့ကို အစောင့်အရှောက်ခိုင်းကြတာပေါ့"

ဘာပဲပြောပြော တင်မေလွင်နှင့် မျက်စိအောက် မှာပင် အနေမဝေးရတော့ဘူးဆိုသော အသိဖြင့် အရာအားလုံး ကို ကျေးဇူးတင်နေမိသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## (၆)

တင်မေလွင်နှင့်အတူတူ အဖော်ကောင်မလေး တစ်ယောက်ပါ ခေါ်လာခဲ့ရသည်။ ရန်ကုန်ရောက်ရောက်ချင်း မှာတော့ တည်းခိုခန်းတစ်ခုမှာပင် တင်မေလွင်တို့ နှစ်ယောက် ကို ခဏထားရသည်။

ဦးလေးဝင့်နိုင်၏ အဆက်အသွယ်ဖြင့် တိုက်ခန်း တစ်ခန်းကို အားချင်းငှားလိုက်ရ၏။

တင်မေလွင်တို့ နေဖို့အတွက် လုံးပန်းရသဖြင့် အတော်လေး မောပန်းသွား၏။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းတွေကတော့ စုံသလောက် ရှိပါပြီ ကိုကိုရာ၊ ကိုကို နားပါဦး၊ ရေမိုးချိုးဦးလေ"

ခင်ထွေးနှင့် တင်မေလွင်တို့ကလည်း ပစ္စည်းတွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် နေရာချပြီးသား ဖြစ်နေ၏။

ဇောကပ်နေသည်မို့ နေ့လယ်စာပင် သူ လွတ်သွားခဲ့သည်။ တင်မေလွင် ပြောမှ နာရီကြည့်မိသည်။

ညနေ ခြောက်နာရီတောင် ထိုးနေပြီပဲ။

"မချိုးတော့ဘူး တင်မေလွင်၊ ကိုကို အဆောင်ပဲ ပြန်တော့မယ်"

"မဟုတ်တာဘဲ ကိုကိုရာ၊ ဒီမှာပဲ ရေချိုး၊ ပြီးရင် ထမင်းစား၊ ဒီမှာပဲ အိပ်ရမယ်၊ မနက်ကျရင် ဦးလေး ဝင့်နိုင်ရဲ့ ရိုက်ကွင်းကို သွားကြည့်ရဦးမှာလေ"

တင်မေလွင်ကတော့ သူမ အစီအစဉ်ဖြင့် သူမ ဟုတ်လို့နေ၏။ ဒီအိမ်မှာ သူ အိပ်ဖို့ သင့်တော် မတော် ခင်ထွေး ရှိနေသည် ဆိုပေမယ့် ပြောစရာဖြစ်မှာကို သူ စိုးရိမ်၏။





"အဝတ်အစားတွေ လဲဖို့မရှိဘူး တင်မေလွင်၊ မနက်ကျရင် စောစောရောက်အောင် လာခဲ့မှာပါ"

"လုပ်မနေနဲ့ ကိုကို၊ ထမင်းစားဖို့လည်း ပြင်ပြီးပြီ၊ ကိုကို့ အတွက် အိပ်ရာလည်း ပြင်ထားတယ်၊ ကိုကိုရဲ့ အဝတ်အစားတွေ ဘယ်မှာသယ်ရသေးလို့လဲ၊ ရန်ကုန်ရောက်ကတည်းက ကိုကို အဆောင်မှ မရောက်သေးတာဘဲ"

ဟုတ်တော့လည်း ဟုတ်၏။ ဒီသုံးလေးရက်အတွင်းမှာ သူ့ ပစ္စည်းတွေကို တင်မေလွင်တို့ဆီမှာပဲ ထားဖြစ်၏။

ဒီပုံစံအတိုင်း ဆိုရင်တော့ သူအိပ်ရဖို့က သေချာသလောက် ရှိသွားပြီလေ။

◆ ◆ ◆

နောက်ဆုံးမှာတော့ တင်မေလွင့်၏ အစီအစဉ်အတိုင်းပင် အားလုံးကို သူ လုပ်ဆောင်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်း ဝင်ပြီး ကိုယ်လက်သန့်စင်လိုက်၏။

ပြီးတော့ တင်မေလွင်တို့နှင့်အတူတူ ထမင်းဝိုင်းမှာ ဝင်စားဖြစ်သည်။

"စားလို့ အဆင်ပြေရဲ့လား ကိုကို၊ နယ်က ပါလာတဲ့ ပစ္စည်းတွေရယ်၊ ဒီအနီးအနားက ဝယ်တာခြမ်းတာနဲ့ အမယ်စုံအောင် စီစဉ်လိုက်တာ"

တင်မေလွင်အဖို့ ဘယ်လိုစီစဉ်ထားစေ၊ သူ့အဖို့ကတော့ ဆာဆာလှောင်လှောင် ဖြစ်နေသည်မို့ ထမင်းနှစ်ပန်းကန်လောက် ကုန်သွား၏။

"စားလို့မြိန်တယ် တင်မေလွင်၊ တကယ်တော့ ကိုကိုက နှစ်နပ်ပေါင်းစားသလို ဖြစ်သွားတာ၊ ပစ္စည်းတွေ ဝယ်ခြမ်းရတာ၊ စီစဉ်ရတာနဲ့ တစ်နပ်လွတ်သွားတယ်"

"ကိုကိုရယ်၊ ကော်ကြာ ရောဂါရနေပါဦးမယ်"

"ရပါတယ် တင်မေလွင်၊ တစ်ခါတလေပဲဥစ္စာ"

ထမင်းစားပြီး သောက်ပြီးတော့ တင်မေလွင်နှင့်အတူတူ စကားပြောရင်း တီဗွီ ထိုင်ကြည့်ဖြစ်သည်။





ခင်ထွေး တစ်ယောက်ကတော့ တီဗွီအစီအစဉ်ကိုပင် မကြည့်နိုင်တော့ဘဲ အခန်းထဲဝင်ကာ အိပ်တော့၏။

သူ့ဖို့ အိပ်ရာကတော့ အိပ်ရှေ့ခန်းမှာပင် ပြင်ပေးထား၏။

"ခင်ထွေးကတော့ အိပ်သွားပြီနော်"

"အိပ်တော့ ဘာဖြစ်လဲ ကိုကို"

သူ့ကိုကြည့်ရင်း တင်မေလွင် ပြောလိုက်တော့ ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။ တင်မေလွင်နှင့် ဒီလိုမျိုး နေဖူးထိုင်ဖူးတာ ပထမဆုံးအကြိမ် ဖြစ်သည်လေ။

"ကိုကို တွေးကြည့်တယ်၊ ဒီလိုနေတာဟာ ခရီးသွားဟန်လွဲမဟုတ်ဘဲ တကယ်ဖြစ်ခဲ့ရင် အတော် ကြည်နူးစရာ ကောင်းမှာနော်"

"တင်မေလွင်လည်း အဲဒီအကြောင်းတွေးနေတာ ကိုကို၊ တင်မေလွင်တို့ နေဖို့အတွက် စီစဉ်ပေးတာက တကယ့်အိမ်ထောင်စု အသေးစားလေးလို ပြည့်စုံနေတာပဲ၊ ငြိမ်းတော့ ငြိမ်းချမ်းစရာလေးနော်"



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် တင်မေလွင်တို့နှစ်ယောက် မတိုင်ပင်ထား ပါဘဲ အနာဂတ်ခရီးကို စိတ်ကူးယဉ်နေကြခြင်း ဖြစ်၏။

"တစ်ချိန်ချိန်မှာတော့ ဖြစ်လာရမှာပေါ့၊ အခုချိန်မှာ တော့ ကိုကိုတို့နှစ်ယောက်စလုံး ကြိုးစားနေရတဲ့ ကာလ တွေပဲလေ၊ ကဲပါ ... စကားတွေ ပြောကောင်းနေတာနဲ့ ညဉ့်နက်တော့မယ်၊ တင်မေလွင် အိပ်ချင် ဝင်အိပ်တော့ လေ"

"ကိုကိုရော ပင်ပန်းလို့ အိပ်ချင်နေပြီလား"

တင်မေလွင်က သူ့အနားသို့ သိသိသာသာ တိုး လာ၏။

တင်မေလွင့် လက်များက သူ့ပခုံးထက်မှာ နေရာ ယူလာ၏။

"မအိပ်ချင်လည်း အိပ်ကြမှ သင့်တော်မယ် တင်မေလွင်"

"ခဏလေး နေပါရစေဦး ကိုကိုရယ်၊ ငြိမ်းချမ်းလွန်း လို့ပါ"

အဓေးထိန်း ခလုတ်ဖြင့် တီဗွီကို တင်မေလွင် လှမ်းပိတ်လိုက်သည်။





"ကိုကိုတို့က ချစ်သူတွေ တင်မေလွင်၊ ဒါပေမဲ့ အချိန် မရွေးဆိုသလိုပဲ စည်းတွေကျော်သွားနိုင်တယ်၊ အခု အချိန်မှာ ကိုကိုတို့နှစ်ယောက်လုံး ထိန်းသိမ်းနိုင်ခြင်းဟာ မှန်မြတ်ခြင်း တစ်ခုပဲ"

"ကိုကိုက တင်မေလွင် ထင်ထားတာထက်ပိုပြီး ချစ်ဖို့ ကောင်းတယ်၊ ကိုကို့ကိုလည်း လေးစားတယ် ကိုကို၊ တင်မေလွင် ကိုကို့ကို ချစ်ခဲ့တာရော၊ တစ်ဘဝလုံး အတွက် အားကိုးဖို့ ဆုံးဖြစ်တာရော အရမ်း ကံကောင်း ခဲ့တယ်"

သူ့စိတ်တွေကို ထိန်းသိမ်းရလွန်း၍ မောဟိုက် မှိန်းနယ်နေရပြီ၊ တင်မေလွင်ကတော့ သူ့ကို ရှိုးကျူးနေပြီ။

သူ့အနားမှာနေပြီး တင်မေလွင် ငွာသွားသည်။ တင်မေလွင့် လက်ဖျားလေးကို သူလှမ်းကိုင်လိုက်၏။

"တင်မေလွင်"

"ဘာလဲကိုကို ..."

တင်မေလွင့်အမေးကို မဖြေဘဲ လက်ဖျားလေးကို ယုတယ နမ်းရှိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အိပ်တော့နော်"

တင်မေလွင့် နောက်ကျောကို ကြည့်ပြီး နေရာမှာ ပင် သူ့သက်ပြင်းတွေ ချနေမိ၏။ တင်မေလွင် ထွက်သွားတော့ သူ့ ရင်ထဲမှာ ဟာပြီး ကျန်နေရစ်၏။

ချစ်စဖွယ်ကောင်းသော ပန်းတစ်ပွင့်ကိုတော့ အချိန်မတန်ဘဲ သူ မနမ်းရှိုက်ချင်။

စောင့်စည်းခြင်းတရားဖြင့် ပျိုမျစ်လှပခြင်းတွေကို အစွမ်းကုန် ပွံ့ဖြိုးစေချင်တော့၏။

◆ ◆ ◆



## (၇)

ပထမဆုံးအံ့နေဖြင့် ဗီစီဒီအတွက် သီချင်းတစ်ပုဒ် အရင် ရိုက်ဖြစ်သည်။ တင်မေလွင် တစ်ယောက် ပထမဦးဆုံး လုပ်ရကိုင်ရသည်မို့ အဆင်သိပ်မပြေချင်။ ဦးလေးဝင့်နိုင် ကတော့ စိတ်ရှည်စွာပင် တင်မေလွင့်ကို ညွှန်ပြပေး၏။

သူ့မျက်စိထဲမှာတော့ တင်မေလွင် သရုပ်ဆောင်ပုံ တွေက ကြည့်ကောင်းနေပြန်၏။

ထမင်းစားချိန်ရောက်တော့ ခဏနားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်လေးအတွင်းမှာပင် သူနှင့် ဦးလေးဝင့်နိုင်တို့ စကားပြောဖြစ်ကြသည်။

"တင်မေလွှင့် အခြေအနေကို ဘယ်လိုသဘောရလဲ ဦးလေး"

သူ့အမေးကြောင့်ပင် ဦးလေးဝင့်နိုင် အသေအချာကြည့်ပြီး ပြော၏။

"အစဆိုတော့ ဒီလောက်ပဲ ရမယ်လေကွာ၊ အစုချက်ချင်းကြီး မင်းသမီးတစ်ယောက်လိုတော့ ဘယ်မှာကျွမ်းကျင်ဦးမလဲ"

"ဦးလေး အားရသလားလို့ပါ၊ ပြီးတော့ အောင်မြင်တဲ့ မင်းသမီးတစ်ယောက် ဖြစ်ဖို့ အလားအလာရော ရှိလားလို့ပါ"

"ပရိသတ်လက်ခံပြီး အောင်မြင်တဲ့ မင်းသမီးဖြစ်ဖို့ဆိုတာက သူ့ရဲ့ကြိုးစားအားထုတ်မှုရော၊ အရာအားလုံး တိုက်ဆိုင်မှုနဲ့ပါ အများကြီး သက်ဆိုင်တယ်၊ သူကိုယ်တိုင်ကလည်း အများကြီး ကြိုးစားရဦးမယ်၊ တို့တစ်တွေနဲ့လည်း ပံ့ပိုးမှုတွေ ပေးရဦးမှာပေါ့ကွာ၊





မင်းသမီး ဖြစ်မယ့် ကံဇာတာပါရင်တော့ တစ်ချိန်ချိန်မှာ မင်းသမီး ဖြစ်ကိုဖြစ်ရမှာအမှန်ပဲ"

ဦးလေးဝင့်နိုင်စကားကို သူ နားထောင်နေဖြစ်၏။ သူ့အနေနှင့်ကတော့ တင်မေလွှင်ကို မင်းသမီး ဖြစ်စေချင်၏။ တင်မေလွှင် ဖြစ်ချင်လွန်းသော ဆန္ဒတွေကို သူ ဖြည့်ဆည်းပေးချင်တာပဲ သိသည်။

◆ ◆ ◆

ဦးလေးဝင့်နိုင်ကတော့ သရုပ်ဆောင်ခြင်း အတတ်ပညာတွေကို တင်မေလွှင်သိအောင် ကြိုးစားလေ့လာနိုင်းသည်။ တင်မေလွှင်ကလည်း အတော်လေးကြိုးစားပြီး လေ့လာ၏။

တင်မေလွှင် ပင်ပန်းသည်ကို တွေ့တော့ သူ ကရုဏာဖြစ်မိသည်။

"အရမ်းပင်ပန်းနေလား တင်မေလွှင်"



www.burmeseclassic.com

www.burmeseclassic.com



"ပင်ပန်းတယ်လည်း မဟုတ်ဘူး ကိုကို၊ ကိုယ်က ဖြစ်ချင်တဲ့ သူဆိုတော့ ဝီရိယပိုတာ မမှားဘူးလေ၊ တင်မေလွှင့်အတွက်နဲ့သာ ကျောင်းတစ်ဖက်နဲ့ ကိုကို ပင်ပန်းနေတာ မဟုတ်လား"

"တင်မေလွှင့်ကို ကြည့်ပြီး ကိုကိုရဲ့ ပင်ပန်းမှုတွေက သေးသေးလေးဖြစ်သွားတာ အမှန်ပဲ၊ တင်မေလွှင်နဲ့ အစုလို မျက်စိအောက်မှာ မြင်တွေ့နေရတာကိုပဲ ကိုကို အမောပြေပါတယ် တင်မေလွှင်ရာ"

သူ့ စကားကြောင့်ပင် တင်မေလွှင် ကျေနပ်သွားပုံရသည်။

သူတို့နှစ်ဦး စကားပြောနေစဉ်မှာပင် တံခါး ခေါက်သံကြားရ၏။

တင်မေလွှင် မျက်ရိပ်ပြ၍ ခင်ထွေး တံခါးသွားဖွင့်ပေး၏။

ခင်ထွေးနောက်မှ လူငယ်နှစ်ယောက် ပါလာ၏။ ထိုလူများကို တွေ့တွေ့ချင်းမှာပင် တင်မေလွှင်က ပျာပျာသလဲ ကြိုဆိုတော့၏။





"ကျွန်မက မနက်ဖြန်မှ လာကြမယ် ထင်နေတာ"

"ကျွန်တော်တို့လည်း လမ်းကြုံတာနဲ့ တစ်ခါတည်း ကိစ္စပြတ်သွားအောင် ဝင်လာခဲ့တာပါ"

အပြောအဆို စကားတွေအရပင် အင်တာဗျူး သမားတွေ ...ဟု သူ အလိုလို နားလည်လိုက်သည်။

သူ အလိုက်သိစွာပင် ထိုင်ခုံမှ ထပေးလိုက်၏။ ခင်ထွေးနှင့်အတူ ညှိသည်တွေသောက်ဖို့ အအေးနှင့် ...းစရာများကို ဝိုင်းပြင်ပေးမိ၏။

"တင်မေလွှင်က နယ်ကပဲနော်"

"ဟုတ်ပါတယ်"

"တင်မေလွှင်ရဲ့ လက်ဦးဆရာက ဘယ်သူလဲ၊ ဒီလောက ထဲကို ဝင်ရောက်လာဖို့ ပံ့ပိုးပေးသူကရော"

"ဒါရိုက်တာ ဦးလေးဝင့်နိုင်၊ ပြီးတော့ ဖေဖေ မေမေ တို့လေ"

အင်တာဗျူးသမားတွေ မေးသမျှကို တင်မေလွှင် ... မညည်းမညူ ဖြေပေး၏။

မေးသူက မေးပြီး ကျန်တစ်ယောက်က တင်မေ ...င်ကို ဓာတ်ပုံတွေ ရိုက်နေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အမေးအဖြေစကားများက သူဖတ်နေမြင်နေကျများပင်။ အဆုံးသတ် မေးခွန်းတစ်ခုကတော့ သူ့ရင်ကို များစွာထိခိုက်စေ၏။

"အခုအချိန်မှာ တင်မေလွင် အချစ်ရေးကို စဉ်းစားပြီးသား ဖြစ်နေပြီလား၊ ချစ်သူတွေ ဘာတွေရော ..."

"ဘယ်လိုပြောရမလဲ၊ ရင်ခုန်တာ အနည်းငယ်ကလွဲလို့ ကြီးကြီးမားမား အဖြစ်အပျက်တွေ မရှိပါဘူး၊ အခုအချိန်မှာ အနုပညာကိစ္စကလွဲလို့ ဘာမှမရှိဘူး၊ အချိန်တန်ရင်တော့ ချစ်သူအိမ်ထောင်ဖက်ကို မိဘတွေကပဲ ရှာပေးပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် တင်မေလွင်"

သူ့ကို ရုတ်တရက်ကြီးထားပြီး တင်မေလွင်တစ်ယောက် ဘာတွေ ပြောလိုက်သည် မသိပေ။

တစ်ခုခုတော့ အမှားအယွင်းဖြစ်ပြီဆိုတာ သူ နားလည်လိုက်ရသည်။ သူ့စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်ရတာတော့ အမှန်ပင်ဖြစ်၏။

◆ ◆ ◆





"အဲဒီစကားကြားရတော့ ကိုကို့စိတ်ထဲမှာ အတော်ခံစားရမယ်ဆိုတာ တင်မေလွင် သိပါတယ်၊ စကားအရသာ ပြောလိုက်ရတာပါ၊ ဒါကိုတော့ ကိုကို နားလည်မယ် ထင်တယ်"

နှစ်သိမ့်စကားဆိုတာ သိပေမယ့် ချစ်သူကို ဖြစ်မဖို့ချင်တော့ပေ။ ဒီလောက ဒီဝန်းကျင်မှာတော့ ဒီလို စကားမျိုးတွေ ပြောကြဆိုကြတာ အထူးအဆန်း မဟုတ်ဘူး ဆိုတာ အောက်မေ့မိ၏။

"ပထမဆုံး ကြားလိုက်ရတဲ့ စကားမို့လား မသိဘူး၊ ကိုကို့ စိတ်ထဲမှာတော့ တစ်မျိုးကြီးပဲ တင်မေလွင်၊ ဒီလိုပြောမှ ဖြစ်မယ်ဆိုတော့လည်း ဘာများတတ်နိုင်မှာလဲ"

"ကိုကိုက ဒီစကားနဲ့ပတ်သက်ပြီး စိတ်မကောင်းဖြစ်နေတာပေါ့"

"မေးစရာ လိုဦးမလား တင်မေလွင်ရယ်၊ ကိုကို ဘယ်လောက်ချစ်သလဲဆိုတာ တင်မေလွင် သိပါတယ်"

"မသိဘဲနေမလား၊ ကိုကို၊ အခြေအနေအရသာ ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဆိုလိုက်ရတာ... ထားလိုက်ပါတော့၊ စကားတစ်ခု အနေနဲ့ပဲ ပြီးသွားပြီပဲ"

"အဲဒီစကားက ပေထက်အက္ခရာတင်မယ့်စကားလေ၊ မြို့က လူတွေက ဒါကိုဖတ်ပြီး ဘာပြောကြဦးမလဲ မသိဘူး ..."

"ပြောတာ အဆန်းလား၊ ဒီလိုအခြေအနေမှာ ဒီလိုပြော မယ်ဆိုတာ အားလုံးက သိကြတာပဲ ... ကိုကို နားလည် မပေးနိုင်ဘူးလား"

သူ့ သက်ပြင်းတွေကို တင်မေလွင် လျစ်လျူ ထားသည်။

မင်းသမီး ဖြစ်ချင်သူ၏ ချစ်သူဖြစ်နေမှတော့ တင့်မေလွင့် စကားအတိုင်း နားလည်ပေးလိုက်ရုံသာ ရှိတော့၏

"နားလည်ပေးနိုင်ပါတယ်"

"ကိုကိုကလည်းကွာ၊ နောက်ဆိုရင် ဒီထက်မက ကိစ္စတွေ ကြုံရဆုံရဦးမှာပဲ၊ အဓိက ကျတာက တင်မေ လွင်နဲ့ ကိုကိုပဲ"

"ကဲပါကွာ၊ ဒီအကြောင်းတွေကို အသေးအဖွဲလေးတွေ





လို့ပဲ ကိုကို အောက်မေ့ထားလိုက်ပါ့မယ်၊ တင်မေလွင် ကျေနပ်ပြီ မဟုတ်လား"

သူပြောလိုက်မှပင် တင်မေလွင် ခန္ဓာကိုယ်လေးက အလိုလို ယိုင်ကျလာ၏။

သူကလည်း အလိုက်သင့်ပင် ပွေ့ဖက်ထားလိုက်မိသည်။ ချစ်သူနှစ်ဦးအတွက်တော့ ကြည်နူးဖြစ်စဉ်တိုင်းသည် အမှတ်ရစရာတွေချည်းပင်။

"ကိုကို့ကို ဒါကြောင့် တင်မေလွင် ချစ်နေရတာ၊ ဒီလောကမှာ ကိုကို့ကိုသာ အချစ်ဆုံး၊ ကိုကိုကလွဲရင် အားလုံးက ဖွဲဆန်ကွဲတွေချည်းပဲ"

"ကိုကို ယုံပါတယ်"

"ဘယ်အချိန်မှာပဲဖြစ်ဖြစ် တင်မေလွင့်အနားမှာ ကိုကို အမြဲရှိနေရမယ်နော်၊ ကိုကို ရှိနေမှ အရာရာကို တင်မေလွင် ရင်ဆိုင်ဝံ့မှာ"

"တင်မေလွင် နေနိုင်းတဲ့အချိန်အထိ ကိုကို အမြဲရှိနေ မှာပါ"

"ကိုကို့စကားကြီးကလည်းကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ နေခွင့်မရတော့တဲ့ အချိန်ဆိုတာ
ရှိလာနိုင်တာပဲ"

"အဲဒီစကားကို ဒီတစ်ခါ နောက်ဆုံး ပြောခြင်း
ဖြစ်ပါစေ ကိုကို"

"ကဲပါ ... တင်မေလွင်ရယ်၊ ကိုကိုက နောက်နေတာ

"ဒီစကားမျိုးနဲ့တော့ လုံးဝမနောက်နဲ့ ကိုကို"

"ကောင်းပါပြီကွာ ..."

သူ့အားငယ်မှုတွေက အလိုလို ကင်းစင်သွာ
ပြန်၏။

ချစ်သူ၏ မျက်နှာ ချစ်သူ၏ အကြည့်တွေကြော
ပင် ယုံကြည်မှုတွေက ပိုနိုင်မာသွားရပြန်သည်လေ။

◆ ◆ ◆



(၈)

တင်မေလွင်တစ်ယောက် မင်းသမီးတစ်ယောက်
ဖြစ်ဖို့ လမ်းစ,တွေကတော့ အတော်လေး တာသွားခဲ့သည်။
အတွေ့အကြုံတွေရော လေ့ကျင့်ခြင်းတွေပါ တင်မေလွင်
ရခဲ့၏။

မဂ္ဂဇင်း၊ စာစောင်တွေမှာလည်း တင်မေလွင့်
ဓာတ်ပုံတွေ၊ တင့်မေလွင့် သတင်းတွေ ပါလာ၏။

"တင်မေလွင်ကတော့ မင်းသမီးဖြစ်ဖို့ အတော်နီးနေပါ
နေပြီပဲ၊ ရုပ်ရှင်၊ ဗီဒီယိုကားတွေ မရိုက်ရတာကြာလှလို့



www.burmeseclassic.com

www.burmeseclassic.com



အတော်ဟုတ်နေတာနော်၊ ဗိစိဒီမှာရော ကြော်ငြာတွေ မှာပါ တွေ့နေရပြီ"

တင့်ဝေ တစ်ယောက် အလုပ်ကိစ္စဖြင့် ရန်ကုန် ဆင်းလာရင်း သူနှင့် တွေ့ဖြစ်သည်။ အရင်တုန်းကတော့ တည်းခိုခန်းမှာပင် တင့်ဝေ တည်းသည်။ အလုပ်ကိစ္စပြီးသည် နှင့် နယ်ပြန်ဖြစ်သည်။

"ငါကတော့ကွာ ... တင်မေလွင် မင်းသမီး မြန်မြန်ဖြစ် ပါစေလို့ ဆုတောင်းတယ်၊ သူမောတာ့ ပန်းတာကို ကြည့်ရင်း ငါလည်း အလိုလို မောတာ ပန်းတာ အမှန်ပဲ တင့်ဝေ"

"အခုရော အိမ်မှာ တင်မေလွင် ရှိလား"

"မရှိဘူး တင့်ဝေ၊ မြဝတီအတွက် သီချင်းတစ်ပုဒ် သွားရိုက်တယ်၊ ဦးလေးဝင့်နိုင်တို့နဲ့လေ၊ လူများနေလို့ ငါကျန်ခဲ့တာ၊ မင်းရောက်လာမယ်ဆိုတာ တင်မေလွင် သိတယ်၊ တည်းခိုခန်း မတည်းဘဲ သူ့ဆီမှာပဲ တည်းဖို့ ပြောထားတယ် တင့်ဝေ"





သူ့စကားကို အသေအချာ နားထောင်ပြီးမှ တင့်ဝေက ...

"ငါ မေးဦးမယ် အောင်ခိုင်ထွန်း၊ မင်းရော အဲဒီအိမ်မှာပဲ အိပ်လိုက်စားလိုက် လုပ်တာပဲလား"

"မှန်တာပြောရမယ်ဆိုရင်တော့ အဲဒီအိမ်ကို အဝင် အထွက် ရှိတယ်ဆိုရုံကလွဲပြီး စ,ပြောင်းတဲ့ တစ်ရက်မှာပဲ ငါ ညအိပ်ဖူးတယ်"

"မင်းကလည်းကွာ၊ မင်းနဲ့ငါ ကြားမှာ ဘာမှ ကွယ်ဝှက် နေစရာ မလိုပါဘူး"

"ငါ အမှန်အတိုင်းပြောတာ တင့်ဝေ"

"အေးကွာ ... ကြားရတာတော့ မယုံချင်စရာဘဲ၊ မင်း မလိမ် ဘူးဆိုတာလည်း ငါသိနေတာပဲ၊ ဒီလိုဆိုရင် ငါ ရန်ကုန်မှာရှိတဲ့ ရက်တွေမှာတော့ မင်းအိပ်ဖြစ်မယ်ပေါ့ ..."

"မင်းရှိနေရင်တော့ ငါအိပ်ရမှာပေါ့ တင့်ဝေ"

တင့်ဝေ တစ်ယောက်ကတော့ သူ့စကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



မယုံသင်္ကာ မဖြစ်၊ ဒီအတွက်တော့ တင့်ဝေကို သူ ကျေးဇူ
တင်မိသည်။

"ခင်ထွေးတော့ ပါသွားတယ် မဟုတ်လား၊ အခန်းသော့
မင်းမှာရှိလို့လား"

"ရှိတယ် တင့်ဝေ၊ ဒီအချိန်လောက် ဆိုရင်တော့
တင်မေလွင်တို့ ပြန်ရောက်ရင် ရောက်နေမှာ"

တင်မေလွင်တို့ တိုက်ရှေ့မှာ ကားရပ်လိုက်သည်။
အပေါ်ထပ်ကို လှမ်းကြည့်လိုက်တော့ ပြတင်းတံခါးတွေ
ပွင့်နေသည်ကို တွေ့၏။

ဒါဆိုရင်တော့ သူတွေးထင်ထားသလို တင်မေ
လွင်တို့ ပြန်ရောက်နေတာ သေချာ၏။

◆ ◆ ◆

"ရေ့အပတ်ထဲမှာပဲ ငါတို့မြို့မှာ မင်္ဂလာဆောင်နှစ်ခု
ရှိတယ်၊ ကျောင်းဆောင်သစ်တစ်ခု ဖွင့်ပွဲလည်းရှိတယ်၊
အဲဒီအတွက် နင် မြို့ကို ပြန်လာမှဖြစ်မယ် တင်မေလွင်"





တင့်ဝေ စကားကို သူကတော့ ငြိမ်ပြီး နားထောင်
နေဖြစ်သည်။

တင့်ဝေစကားဆုံးသည်နှင့် တင်မေလွင်က...

"သူတို့တွေက အားကိုးတကြီးနဲ့ ဖိတ်တာဆိုတော့
ဒီပွဲတွေကို မဖြစ်ဖြစ်အောင် တင်မေလွင် တက်ရမှာပေါ့"

"အေးဟာ၊ နင်ကိုတော့ အားလုံးက မင်းသမီးလို့
ခေါ်နေကြတာ၊ ဒါကြောင့်လည်း ကာယကံရှင်တွေက
နင့်ကို တကူးတကဖိတ်ကြတာပေါ့ဟာ"

တင့်ဝေနှင့် တင်မေလွင်တို့ စကားတွေကို နား
ထောင်ရင်းကပင် သတိပေးစကားမျိုး သူဝင်ပြောလိုက်သည်။

"အဲဒီ ရက်တွေမှာ ဒီမှာ အလုပ်ရော အားရဲ့လား
တင်မေလွင်"

"အားတယ် ကိုကို၊ ဘာမှမရှိဘူး၊ ကိုကိုပါ တစ်ခါ
တည်းလိုက်ခဲ့လေ၊ မေမေတို့နဲ့ ဆယ်ရက်လောက်တော့
နေလိုက်ဦးမယ်"

"ကိုကိုတော့ ပြန်လိုက်ဖြစ်မယ် မထင်ဘူး၊ စာမေးပွဲနီး
ပြီလေ တင်မေလွင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ ... ကိုကို ကျောင်းတက်နေတယ်ဆိုတာကို တင်မေလွင် မေ့ထားတာ၊ တင့်ဝေပြန်ရင်တော့ တင်မေလွင်ရော ခင်ထွေးပါ ပြန်ကြမှာနော်၊ ကိုကိုတော့ အဲဒီရက်တွေမှာ ပျင်းကျန်နေခဲ့မှာ သေချာတယ်"

တင်မေလွင့် စကားကတော့ ဘာကိုရည်ရွယ်သည် မသိ။

"ကဲပါ ... မင်းတို့နှစ်ယောက် လွတ်လွတ်လပ်လပ် စကားတွေပြောကြဦး၊ ငါကတော့ ပင်ပန်းတာနဲ့ အိပ်တော့မယ်၊ လှဲလိုက်တာနဲ့ အိပ်ပျော်သွားမှာကွ"

တင့်ဝေ ကတော့ ရေလာမြောင်းပေးစကားဖြင့် ရှောင်ထွက်ပေးဖို့ ကြိုးစား၏။ နာရီကို လှမ်းကြည့်လိုက်တော့ ညစ်နစ်နာရီခွဲပင် ရှိသေး၏။

ခင်ထွေးကတော့ ထုံးစံအတိုင်း စောစီးစွာ အိပ်ရာဝင်သွားလေပြီ။

◆ ◆ ◆





တင့်ဝေလည်း အိပ်ရာဝင်သွားပေမယ့် တင်မေလွင်ကတော့ နေရာမှာပင် ထိုင်နေ၏။

သူ့အနေနှင့်ပင် အိပ်ချင်စိတ်မရှိသေးပေ။ တင်မေလွင်ရော ပင်ပန်းနေ၍ အိပ်ချင်နေသည်လားမသိ။ အလိုက်သိစွာပင် သူ ပြောလိုက်မိသည်။

"တင်မေလွင်လည်း အိပ်ချင်အိပ်တော့လေ၊ ပင်ပန်းနေတာပေါ့၊ ကိုကိုတော့ မအိပ်ချင်သေးဘူး"

သူ့စကားကြောင့်ပင် တင်မေလွင်က စိမ်းစိမ်းကြည့်နေ၏။

အသံမဲ့သော အကြည့်၏ နောက်ဆက်တွဲအဖြစ်...

"တင်မေလွင်က အိပ်ချင်ပြီလို့ အရိပ်အယောင်ပြမိလို့လား ကိုကို၊ ဒါမှမဟုတ် အနားမှာ မရှိစေချင်လို့ တမင်များ နှင်တာလား ကိုကို"

"ဒီသဘော မဟုတ်ပါဘူး တင်မေလွင်၊ ကိုကိုက တင်မေလွင် အိပ်ချင်နေမှာ စိုးလို့ပါ"

"တင်မေလွင် စဉ်းစားမိတယ် ကိုကို၊ နောက်တစ်နှစ်ဆို ကိုကိုလည်း ကျောင်းပြီးပြီ၊ တင်မေလွင် ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးဖြစ်နေလောက်ပြီ၊ ပျော်တော့ ပျော်စရာကြီးနော် ကိုကို ...”

တင်မေလွင့်စကားကြောင့်ပင် သူတို့နှစ်ယောက်၏လုပသော အနာဂတ်များကို မြင်ယောင်မိပြန်၏။

“ကိုကိုတို့ရော ဘယ်တော့လောက် အတူနေဖြစ်ကြမလဲ တင်မေလွင်”

“မင်းသမီး ဖြစ်ပြီဆိုရင်တော့ သုံးလေးနှစ်လောက် ကြာပြီးမှ လက်ထပ်ကြတာ အကောင်းဆုံးပဲ၊ ကိုကို နားလည်ပေးနိုင်မယ် .မဟုတ်လား”

ငြင်းချင်သော်လည်း မငြင်းရက်။ ခေါင်းခါချင်သော်လည်း ချစ်သူ့၏အလိုကို ပြည့်စေချင်သည့်အတွက် ခေါင်းညိတ် သဘောတူရပြန်၏။

“နားလည်ရမှာပေါ့ တင်မေလွင်၊ တင်မေလွင်က ကိုကို့ချစ်ရတဲ့သူပဲ”

“ကိုကို့ကို ဒါကြောင့် ပိုပိုပြီး ချစ်နေရတာ”

နှုတ်ဆိုးစွာဖြင့် သူ့ရင်ခွင်ဆီသို့ တင်မေလွင် ဝင်ရောက်လာ၏။





နွေးထွေးသော ရင်ခွင်သည် တင်မေလွင့်အတွက် သည်။ ရင်ခုန်သံချင်းနီးကပ်နေ၍ စိတ်ချမ်းသာရ သည်လေ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း [၂၆]

www.burmeseclassic.com

www.burmeseclassic.com

# ၉

တင်မေလွင် နယ်ပြန်သွားတာ ငါးရက်လောက် ...ာ့ရှိသွားပြီ၊ သူတို့မြို့မှာ အလှူမင်္ဂလာပွဲတွေ ရှိတိုင်း ...င်မေလွင် ပြန်နေကျ ဖြစ်၏။

တင်မေလွင် နယ်ပြန်ခြင်းမှာ မရိုးဆန်းသော ...နွယ်၊ ဒီတစ်ခေါက်ကျမှ ထူးထူးဆန်းဆန်း တင်မေလွင့် ... လွမ်းဆွတ်နေဖြစ်ခဲ့၏။

အတန်းပြီးတော့ တင်မေလွင်တို့ ရှိရာသို့ ထွက် ...ဖြစ်သည်။ မနေ့က ပြန်ရောက်ရက်ဖြစ်ပေမယ့် ရှောက်



www.burmeseclassic.com

www.burmeseclassic.com



မလာ။ ဒီနေ့တော့ ရောက်လာကောင်းသည်...ဟု တွေးပြီ
ထွက်လာဖြစ်သည်။

တိုက်ရှေ့ရောက်တော့ တင်မေလွင်တို့ ပြတင်း
တံခါးတွေ ပွင့်နေတာကို တွေ့ရ၏။ စိတ်ထဲမှာလည်
မျှော်လင့်ခြင်းတစ်ခု ပြီးဆုံးသွားသလို ရုတ်တရက် ခံစ
လိုက်ရသည်။

တံခါးရွက်ကို ညင်သာစွာ သူခေါက်လိုက်သည်
သူ့ခေါက်သံအဆုံးမှာပင် တံခါးပွင့်သည်။

"မမ အိပ်နေတယ် ကိုကို"

သူ့ကို တွေ့တွေ့ချင်းမှာပင် ခင်ထွေးပြော
"မနေ့ကလည်း ရောက်တယ်၊ ဒီနေ့တော့ ဒ
မထင်တာနဲ့ အတန်းပြီးမှ ထွက်လာခဲ့တာ"

"ကိုကို့ကို မျှော်နေရင်းကနေ အိပ်ပျော်သွားတာ
မမ ဒေါကန်နေတယ် ကိုကို..."

ခင်ထွေး စကားကြောင့်ပင် ထိုင်ခုံမှာ ထိုင်
အရေး တွန့်သွားရသည်။

"ငါ ရောက်မလာလို့လား"





"အဲဒီအတွက်က ဒီလောက်အရေးတကြီး မဟုတ်ဘူး၊
နယ်မှာ အဆင်မပြေဖြစ်လာခဲ့တဲ့အတွက် ဒေါသူပုန်ထ
နေတာ၊ ဒီရောက်တော့ ကိုကို ရောက်မလာတော့
ပိုဆိုးတာပေါ့"

နယ်မှာဘာတွေများအဆင်မပြေဖြစ်လာပါလိမ့်...
ဟုတွေးမိနေဆဲမှာပင် အိပ်ခန်းအတွင်းမှ တင်မေလွင် ထွက်လာ
သည်။

တင်မေလွင်၏ မျက်နှာသည် ဒေါသငွေ့အသက်
တွေကြောင့်ပင် အတော်လေး မသာမယာ ဖြစ်နေ၏။

ခင်ထွေးကတော့ အလိုက်တသိပင် သူနှင့် တင်မေ
လွင်တို့ ရှေ့မှ ရှောင်ထွက်ပေးသွား၏။

"ဘာတွေဖြစ်ကြတာလဲ တင်မေလွင်၊ မနေ့က ကျောင်း
မတက်ဘဲ ဒီမှာ ထိုင်စောင့်နေတာ၊ ဒီနေ့ရောက်မယ်လို့
မထင်တာနဲ့ အတန်းတက်ဖြစ်တာလေ"

တင်မေလွင့်ဒေါသ သူ့အပေါ် ပြုံမကျလာစေဖို့
အကျိုးအကြောင်း ရှင်းပြရသေး၏။

"ကိုကို့ကို ရောက်ရောက်ချင်း တွေ့ရရင် ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြစ်မှာ မဟုတ်ဘူး၊ ထားလိုက်ပါလေ၊ ဒီအဆင် မပြေမှုက ကိုကိုနဲ့မှ မဆိုင်ဘဲ၊ လူတွေနဲ့ အဲ တစ်ယောက်ကိုသာ မကျေမနပ် ဖြစ်နေရတာ၊ တွေး တိုင်း နေလို့ ထိုင်လို့ကို မရဘူး ကိုကို"

ပြဿနာ၏ အရင်းအမြစ်ကို သူ မသိရသေး တင်မေလွင် ဒီလောက် တအုံ့နွေးနွေး ဖြစ်နေမှတော့ အတော် ရှုပ်ထွေးခဲ့ဟန် တူသည်။

"မြို့မှာ ဘာတွေ အဆင်မပြေ ဖြစ်ခဲ့လို့လဲ"

"အဆင်မပြေတာကတော့ ပြောမနေနဲ့တော့ ကိုကို လူတွေက တင်မေလွင်ကို ရှေ့မှာထားပြီး နောက် ပေါ်တဲ့ ရွှေကြာပင်ကို ဖူးဖူးမှုတ်နေကြတာလေ"

တင်မေလွင့်စကားကို သူ နားမလည်နိုင် နောက်မှပေါက်သည့် ရွှေကြာပင်။ ဒီအခြေအနေအတိုင် ဆိုရင်တော့ မြို့မှာ တင်မေလွင်နှင့် ပြိုင်ဘက် တစ်ဦးဦ ပေါ်ထွက်လာတာ သေချာနေ၏။

သူ သိသလောက်ကတော့ တင်မေလွင် ကျော်လွှားနိုင်မည့်သူ သူတို့မြို့မှာ ရှိမနေခြင်းပင်။





"ဘယ်သူ့များ ဖြစ်မလဲ တင်မေလွင်၊ ကိုကိုသိသလောက်တော့ ဒီလိုကိစ္စမျိုး ဖြစ်ရလောက်အောင် တစ်ယောက်မှ မမြင်မိတာ အမှန်ပဲ"

"မြို့က မဟုတ်ဘူး ကိုကို"

"မြို့က မဟုတ်ဘူးဆိုရင် ကိုကိုတို့ အနီးအပါးက ပိုတောင်မှ မဖြစ်နိုင်သေးတာပဲ"

"မြို့ခံ မဟုတ်ဘူးလို့ ပြောတာ ကိုကို၊ သူ့အမေက ရန်ကုန်ကနေပြီး တာဝန်နဲ့ ပြောင်းလာလို့ သူပါ, ပါလာခဲ့တာ၊ သူ့အမေ ဌာနမှာ အလုပ်ဝင်လုပ်ရင်း အဆေးသင်တက်နေတာတဲ့ ကိုကို"

တင်မေလွင် ရှင်းပြတော့မှ သူ့စိတ်ထဲမှာ မရှင်းမလင်း ဖြစ်ရသည်များ ချက်ချင်း ပြေပျောက်သွားခဲ့၏။

"ပြောစမ်းပါဦး၊ သူက တင်မေလွင်ကို ဘာတွေများ စိတ်အနှောင့်အယှက်ပေးပြီး လူတွေက ဘာများ သူ့ကို ဝိုင်းပြီး ချီးမြှောက်နေကြလို့လဲ"

တင်မေလွင်ကို ပြိုင်ဖို့ဆိုရင် ပထမအချက် ပိုက်ဆံ ရှိရမည်။ ဒုတိယအချက် ရုပ်ဆင်းရူပကာ ရှိရမည်။ ဒီအချက်



www.burmeseclassic.com

www.burmeseclassic.com



တွေ အားလုံးနှင့်တော့ ပြည့်ဆုံမည် မဟုတ်မှန်း သူ တွေးမိသည်။

"ပစ္စည်းဥစ္စာကတော့ သာမာန်ပါပဲ ကိုကို၊ ခက်တာက တင်မေလွင်နဲ့ယှဉ်ပြီး သူ့ကို လူတွေက ဖွဲ့ထုတ်ကြ၊ သူက တင်မေလွင်ထက် ပိုလှတယ်လို့ ပြောနေကြတာပဲ ကိုကို၊ ဒီစကားကိုက တင်မေလွင့်ကို စိတ်ဆင်းရဲအောင် လုပ်နေတာပဲ၊ ကိုကို တွေးကြည့်လေ သူက ဘာမှ မဟုတ်သေးဘူး တင်မေလွင်က ဒီတစ်မြို့တည်း သိရုံတင် မကဘူး ... အခုဆိုရင် တစ်နိုင်ငံလုံးနီးပါးလို မြင်နေတွေ့နေရတဲ့ မင်းသမီးဖြစ်ဖို့ အားယူနေတဲ့လူလေ၊ ဒီအချက်တွေကို လူတွေက ဘေးရှူထားပြီး သူ့ကို နေရာပေး ဝိုင်းချီးမွမ်းကြတော့ တင်မေလွင့် အနေနဲ့ ဘက်လောက် အခံခက်မလဲလို့ ကိုကို တွေးကြည့်စမ်းပါ"

"မင်္ဂလာပွဲမှာရော အခမ်းအနားဖွင့်ပွဲမှာပါ တင်မေလွင်နဲ့ အတူတူ သူပါနေတာလား"

"ပါလို့ ပြောတာပေါ့ ကိုကို၊ ဘာမှ မဟုတ်တဲ့ လူ





တစ်ယောက်နဲ့ ယှဉ်ရတာကိုက တင်မေလွင်အဖို့ အရှမ်းရှက်ဖို့ကောင်းနေပြီ၊ နောက်တစ်ခါဆိုရင်တော့ မြို့က ပွဲလမ်းသဘင်တွေ အခမ်းအနားတွေကို တင်မေလွင် ရှောင်မှ ဖြစ်တော့မယ် ကိုကို"

တင်မေလွင်ကတော့ မြို့မှာ ဖြစ်ပျက်ခဲ့သည်များနှင့် ပတ်သက်ပြီး အတော်လေး စိတ်ဓာတ်ကျဆင်းနေပုံရ၏။

"အဲဒီလောက်ထိတော့ ဖြစ်စရာမလိုဘူးလေ တင်မေလွင်၊ ကိုယ်ကလည်း ကိုယ့်အဆင့်နဲ့ကိုယ်ပဲ မဟုတ်လား၊ ဘာမှမဟုတ်တဲ့ လူတစ်ယောက်နဲ့ယှဉ်ပြီးတော့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ အဖြစ်မခံနဲ့ တင်မေလွင်"

"ကိုကို ပြောတာ သဘာဝကျပါတယ်၊ ပထမတော့ လာမယ့် မယ်ရွေးပွဲနဲ့ ဖက်ရှင်ပွဲမှာ ဝင်မပြိုင်တော့ဘူးလို့တောင် တွေးထားတာ၊ အဲဒီ ပြိုင်ပွဲကျရင်တော့ အမှတ်တွေ အများကြီး ဖြစ်ထားပစ်မယ်၊ ပထမဆိုတဲ့ သရဖူကို တင်မေလွင်ပဲ ရအောင်ယူပြမယ်"

တင်မေလွင် ပြောသောသူကို သူ မငြင်းဖူး၊



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကိုလည်း မသိ၊ တင်မေလွှင့်အတွက်ပင် စိတ်ထဲမှာ အငြိုးအတေး ထားဖြစ်ပြန်သည်။

ဒါကလည်း ကိုယ့်ချစ်သူအတွက် သဘာဝကျသည့် စိတ်အလေး သာပေးမှု တစ်ခုပေပဲလေ။

◆ ◆ ◆

## (၁၀)

တင်မေလွှင် တစ်ယောက် ကင်မရာ ရှေ့မှာ အတော်လေး ရဲတင်းမှု ရှိနေပြီ။ သီချင်းတစ်ပုဒ်ကို မင်းသားနှင့်တွဲပြီး သရုပ်ဆောင်ဝံ့နေပြီ။ ကြော်ငြာတွေမှာလည်း နာမည်ရ သရုပ်ဆောင်များနှင့်အတူ ပါဝင်ခွင့်ရနေပြီ ဖြစ်၏။

ဇာတ်လမ်းတွေမှာတော့ အဓိက သရုပ်ဆောင် အဖြစ် တင်မေလွှင် ပါဝင်ခွင့် မရသေးပေ။

"ကိုကို့ကို ပြောရဦးမယ်"

ရိုက်ကွင်းပေါ်မှာ တစ်ခုခုများ အလိုမကျ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေပြီလား…ဟု တင်မေလွင့် အမူအရာကို ကြည့်ပြီး သူ စိုးရိမ်သွားသည်။ တင်မေလွင့်ဒေါသကြောင့်ပင် သူ အနေ ခက်ရသည်၊

"ဘာများဖြစ်လို့လဲ တင်မေလွင်၊ ပြဿနာ တစ်ခုခု ဖြစ်လို့လားဟင်"

"ပြဿနာဖြစ်တာထက်တောင် အရေးကြီးတယ် ကိုကို၊ တကယ့်ကို မခံချင်စရာ ကောင်းနေတာ သိလား"

ဦးလေးဝင့်နိုင်နှင့်များ ပြဿနာ ဖြစ်ရင်တော့ ကြားထဲက သူ ဗျာများရမှာ သေချာနေ၏။ ဦးလေးဝင့်နိုင်နှင့် ဖြစ်တာ မဖြစ်ပါစေနှင့်ဟုသာ ကြိတ်ပြီး ဆုတောင်းရသည်။

"ကိုကိုသိအောင် ပြောဦးလေ၊ ဘယ်သူနဲ့ ဘာဖြစ်တာလဲ တင်မေလွင်"

"ပြီးသွားပြီလို့ ထင်ထားတဲ့ကိစ္စ တစ်ခုခန်း ထ,လာတာ ကိုကို၊ ဟို…နိုင်နိုင်ဝေဆိုတဲ့ မကောင်းဆိုးဝါး ကိစ္စပဲ ကိုကို"

တင်မေလွင့် စကားကြောင့်ပင် သူ့ အသက်ရှူ ချောင်သွားရသည်။ နိုင်နိုင်ဝေ့ကိစ္စက တင်မေလွင် မပြောနှင့်





သူပင် မေ့မေ့ပျောက်ပျောက် ဖြစ်နေပြီ။ နိုင်နိုင်ဝေကလည်း သူတို့မြို့မှာ သူ့အလုပ်နဲ့သူ လုပ်ပြီး တင်မေလွင့်ကို အနှောင့် အယှက်မပေးနိုင်။ တင်မေလွင်ကလည်း ရန်ကုန်နေပြီး အနုပညာလုပ်ငန်းတွေကို ဆက်လုပ်နေသည်။

အခုလို အချိန်ကျမှ နိုင်နိုင်ဝေ့ကိစ္စက ဘယ်က နေ ဘယ်လို ပေါ်လာရပြန်သည် မသိပေ။

"နေပါဦး တင်မေလွင်…၊ ဒီနိုင်နိုင်ဝေက ဘာများ ဒုက္ခပေးရပြန်ပြီလဲ၊ ကိုကို နားရှင်းအောင် ပြောပြစမ်း ပါဦး"

"ဒီလို ကိုကိုရေ၊ စိုးသစ် ကြောင့်ပေါ့၊ တင်မေလွင့်ကို စိုးသစ် အသည်းအသန် လိုချင်တာ ကိုကို သိတယ်နော်၊ အခုဆိုရင် စိုးသစ်ကလည်း ရန်ကုန်တက်ပြီး သူ့ဆွေမျိုး အရှိန်အဝါနဲ့ စီးပွားရေးလုပ်ငန်းတွေ တော်တော် အောင်မြင်နေတာလည်း ကိုကို သိမယ်၊ စိုးသစ်က မြို့နဲ့ ရန်ကုန်ကို ကူးချည်သန်းချည် လုပ်နေတာလေ"

နိုင်နိုင်ဝေ့ ကိစ္စ ပြောရင်းကပင် စိုးသစ်အကြောင်း က ဘယ်ကနေ ဘယ်လို ပါလာရသည် မသိပေ။



www.burmeseclassic.com

www.burmeseclassic.com



"စိုးသစ်နဲ့ နိုင်နိုင်ဝေက ဘာများ အဆက်အစပ် ရှိလို့လည်း တင်မေလွင်"

"အဆက်အစပ်ရှိသမှ အရမ်းကို ရှိလို့ ပြောနေရတာပေါ့ ကိုကို၊ တင်မေလွင်ကို မရလိုက်တဲ့ စိုးသစ်က နိုင်နိုင်ဝေကို ကတော်ဖြောက်ချင်နေတာလေ၊ နိုင်နိုင်ဝေ ကိုရော၊ နိုင်နိုင်ဝေ့ မိဘတွေကိုပါ အတင်းဝင်လုံး နေတာ၊ အခုဆို နိုင်နိုင်ဝေတို့ သားအဖကို အိမ်တွေ ဘာတွေ တောင် ဆောက်ပေးနေပြီ ကိုကို"

နိုင်နိုင်ဝေနှင့် တင်မေလွင်တို့၏ အပြိုင်အဆိုင်ကြားမှာ စိုးသစ်ပါ ဝင်လာပြီဆိုတော့ ပွဲက ပိုလို့ လှလာ၏။

စိုးသစ်ကတော့ အကွက်ဝင်ပြီမို့ တင်မေလွင်ကို အလဲထိုးမှာ သေချာသလောက် ရှိနေသည်။

"စိုးသစ် ဝင်လာပြီဆိုရင်တော့ တင်မေလွင် အနေနဲ့ ထိန်းထိန်းသိမ်းသိမ်းနဲ့ ပညာပါမှ ဖြစ်မယ်၊ တော်ကြာ စိုးသစ် ဆင်ထားတဲ့ အကွက်ထဲကို ဒေါသစိတ်နဲ့ တန်းဝင်သွားရင် ပိုပြီး အကျအဆုံး များနိုင်တာကိုတော့ ခေါင်းထဲ ထည့်ထားမှ ဖြစ်မယ်"





"အခုဆိုရင် နိုင်နိုင်ဝေက စိုးသစ်ရဲ့ အထောက်အပံ့တွေကြောင့် မြို့မှာ ထင်ထင်ရှားရှား ဖြစ်နေသလို၊ အတော်လည်း နာမည်ကြီးနေတာ ကိုကို၊ ဒီနှစ်ပြိုင်ပွဲမှာ နိုင်နိုင်ဝေပဲ ပထမ ရလိမ့်မယ်လို့ အားလုံးက ထင်ကြေးပေးနေကြပြီ"

တင်မေလွင် စိုးရိမ်မည် ဆိုရင်လည်း စိုးရိမ်လောက်သော အခြေအနေပင်။ နိုင်နိုင်ဝေတစ်ယောက်တည်းဆိုရင်တော့ တင်မေလွင် ယှဉ်လို့ ရနိုင်ကောင်း ရနိုင်မည်ဖြစ်၏။

စိုးသစ်ပါ၊ ပါလာရင်တော့ အခြေအနေက တစ်မျိုးပြောင်းသွားနိုင်သည်။

"ကိုကို့သဘော ပြောရရင်တော့ ဒီနှစ် မြို့မှာ ကျင်းပမယ့် ပွဲကို တင်မေလွင် ဝင်မပြိုင်သင့်တော့ဘူး"

"ဒါတော့ မဖြစ်ဘူး ထင်တယ် ကိုကို၊ ဒီပွဲမှာ နိုင်နိုင်ဝေကို ကျော်ဖြတ်ပြီး ချန်ပြခဲ့မယ်လို့ တင်မေလွင် ကြွေးကြော်ထားတာ၊ ဝင်မပြိုင်ရင် စိုးသစ်နဲ့ နိုင်နိုင်ဝေကို လက်မြှောက်အရှုံးပေးသလို ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ သူတို့ဘက်က သူတို့နည်းနဲ့သူတို့ စိစဉ် နေကြသလို ကိုယ့်ဘက်ကလည်း စိစဉ်ရတော့မှာပေါ့၊ နိုင်နိုင်ဝေက တင်မေလွင်လောက် ပါဝါမှ မရှိဘဲ ကိုကိုရာ ... တင်မေလွင်ပဲ ပထမရ ရမှာပေါ့၊ မဟုတ် ဘူးလား"

ဒီပွဲကိုတော့ တင်မေလွင်က သိက္ခာအရ သေရေး ရှင်ရေးတမျှ အလေးထားနေတာ သေချာသည်။ နိုင်နိုင်ဝေ တစ်ယောက်တည်းဆိုရင်တော့ ဒီပွဲအပေါ် တင်မေလွင် အလေး ထားမှာ မဟုတ်။ အခုတော့ စိုးသစ်ပါ၊ ပါလာပြီ ဆိုတော့ ရောက်ရေခန်းသဘောမျိုး တင်မေလွင် ဆုံးဖြတ် ထားပုံရသည်။

"ကိုကိုပြောချင်တာကတော့ ဒီပွဲ နိုင်လည်း လူတွေက တင်မေလွင့်ကို အပြည့်အဝ ချီးမွမ်းကြမှာ မဟုတ်ဘူး၊ မထင်မှတ်ဘဲ တင်မေလွင် ရှုံးနိမ့်သွားရင်တော့ လူတွေက အပြည့်အဝ မကောင်းခြင်းတွေ ပြောကြဆိုကြမှာ သေချာတယ်"

"ကိုကိုက တင်မေလွင် ရှုံးလိမ့်မယ်လို့ တွက်ထားလို့ လား၊ နိုင်နိုင်ဝေ့ကို ကိုကို မြင်ဖူးထားလို့လား"





"နိုင်နိုင်ဝေက ဘယ်သူဘယ်ဝါ ဆိုတာကို ကိုကို တကယ်မသိပါဘူး၊ မြင်လည်း မမြင်ဖူးဘူး၊ ကိုကို ဆိုလိုချင်တာက သူရဲကောင်းချင်း ယှဉ်တဲ့ပွဲ မဟုတ် ဘူးလို့ ဆိုချင်တာ၊ ဘာပဲပြောပြော နိုင်နိုင်ဝေနဲ့ ယှဉ်ပြီးတော့ ဒီပွဲမှာ နိုင်နိုင်ဝေ ရှုံးရှုံး တင်မေလွင်အတွက် ဘာမှ အကျိုးရှိမှာ မဟုတ်ဘူးလို့ ဆိုချင်တာပဲ"

"ဘာပဲပြောပြော ကိုကိုရာ၊ နိုင်နိုင်ဝေနဲ့ စိုးသစ်တို့ကို အနိုင်ရဖို့ ဒီပွဲကို ဝင်ပြိုင်မှ ဖြစ်မယ်၊ ဒီပွဲကို သေရေး ရှင်ရေးတမျှ တင်မေလွင် အရေးထားတယ် ကိုကို"

တင်မေလွင်ကတော့ ဒီပွဲကို ရောက်ရေခန်းပြိုင်ဖို့ ဆုံးဖြတ်ထားပုံရသည်။

"အေးလေ ... ဒါဆိုရင်တော့ ကိုကို ဘာမှ ကန့်ကွက် နေစရာမှ မလိုတော့ဘဲ၊ တင်မေလွင့်ဆန္ဒကို ဖြည့်ဆည်း ပေးဖို့ပဲ ရှိတော့တာပေါ့"

"ကိုကို ကြည့်နေပါ၊ ဘယ်သူတွေကပဲ ပြောနေပြောနေ ဒီပွဲမှာ နိုင်နိုင်ဝေကို ချန်ထားပြခဲ့မယ်၊ ဒီပွဲမျိုးမှာ အနိုင်ရတာကိုက အရှမ်းကျေနပ်စရာ ကောင်းမှာ"



www.burmeseclassic.com

www.burmeseclassic.com



တင်မေလွှင်ကတော့ ပြောစကားအတိုင်း တကယ် လုပ်တတ်တာကို သူအသိဆုံးပဲ ဖြစ်၏။ တင်မေလွှင့်အတွက် စိုးရိမ်တာ တစ်ခုပဲ ရှိ၏၊ အရှုံးကို မျှော်လင့်မထားသော တင်မေလွှင့်အတွက် ပြိုင်ပွဲရလဒ်က ပြောင်းပြန်ဖြစ်ခဲ့ရင်တော့ အစွမ်းကုန် နှစ်သိမ့်ပေးဖို့ အရေးကိုတော့ သူ တွေးထား ဖြစ်သည်။

◆ ◆ ◆

(၁၁)

ရန်ကုန်ကို ထွက်လာပြီး သူ မြို့မပြန်ဖြစ်ခဲ့ပေ။ ခုတ်မှတ်ရရ ပြောရရင်တော့ လ,နှင့်ချီပြီး ကြာသွားခဲ့ပြီ။ ကျောင်းပိတ်ရက်နှင့် ကြုံသည်ကတစ်ကြောင်း။ မေမေ နေထိုင်ကောင်းဖြစ်သည်က တစ်ကြောင်းကြောင့် သူ အိမ်ပြန်ဖို့ အခွင့်အရေး ကြုံလာခဲ့သည်။

တင့်ဝေကလည်း ပစ္စည်းတွေ လာဝယ်ရင်း ရန်ကုန်ရောက်နေသည်နှင့် ကြုံသည်။ အိမ်ပြန်ဖို့ကိစ္စကို တင်မေလွှင်တို့အိမ်မှာပင် ပြောဖြစ်သည်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြန်ရင်တော့ ငါပါ လိုက်ခဲ့မယ် တင့်ဝေ၊ မေမေ ကလည်း နေမကောင်းဘူး ပြောတယ်"

"တင်မေလွှင်ရော ပါဦးမှာလား"

သူ့စကားကြောင့်ပင် တင့်ဝေက တင်မေလွှင့်ကို ကြည့်ပြီးမေး၏။

"တင်မေလွှင်တော့ ကျန်ခဲ့မှာ၊ ကြော်ငြာတစ်ခုရိုက်ဖို့ ရှိနေတယ်လေ၊ ကိုကိုက အရမ်းအကြာကြီး နေမှာလား"

"အလွန်ဆုံး တစ်ပတ်လောက်ပါပဲ၊ ကျောင်းကလည်း ရှိသေးတယ်လေ၊ မေမေ့အခြေအနေ ကောင်းနေရင် တော့ နှစ်ရက်သုံးရက်လောက်ပဲ ကြာမှာပါ"

"တင်မေလွှင်လည်း ကိုကိုနဲ့အတူတူ ပြန်လိုက်ချင်တယ်၊ ဒီကအလုပ်တွေ မပြတ်သေးတော့ ဒုက္ခဖြစ်နေတာ"

"နင့်ဘာသာနင် စိတ်အေးအေးနဲ့ ကျန်ခဲ့စမ်းပါဟာ၊ အောင်ခိုင်ထွန်းကို ငါ စောင့်ရှောက်ပြီး ခေါ်သွားမှာပါ တင်မေလွှင်ရာ"

"တင်မေလွှင်က ကိုကို့ကို မျက်စိအောက်က အပျောက် ခံချင်တာ မဟုတ်ဘူး သိရဲ့လား"





တင့်ဝေကို အပြောင်အနောက်သဘောမျိုး ပြော သည်ဆိုပေမယ့် တင်မေလွှင့်စကားကြောင့် စိတ်ထဲမှာ ကျေနပ်နေမိ၏။

"ဘာလဲ ဟိုမှာ နိုင်နိုင်ဝေ ရှိနေတယ်ဆိုတဲ့ အတွက် လား"

တင့်ဝေကလည်း အလိုက်ကမ်းဆိုး မသိတတ် စွာဖြင့် တင်မေလွှင့်ကို နောက်ပြောင်လိုက်သည်။

တင်မေလွှင်တစ်ယောက် နိုင်နိုင်ဝေဆိုသော စကားကြောင့်ပင် ဘီလူးဆိုင်း တီးတော့၏။

"နိုင်နိုင်ဝေနဲ့ ပတ်သက်ကြည့်ပါလား၊ တစ်ခါတည်း တင်မေလွှင့် အသည်းကို ထုတ်ပစ်လိုက်မယ်"

"မင်းကလည်းကွာ တမင်နောက်ရတယ်လို့ အလကား နေရင်း တင်မေလွှင် စိတ်ဒုက္ခ ဖြစ်ရဦးမယ်"

"ကိုကိုနော်... နိုင်နိုင်ဝေကို စေ့စေ့တောင် မကြည့်မိ စေနဲ့၊ ပတ်လည်း မပတ်သက်နဲ့နော်၊ တင်မေလွှင့်ဆီ သတင်းပြန်ရောက်ရင်တော့ အားလုံးကို မီးလောင် တိုက်သွင်းပစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



တင်မေလွင်ကတော့ နိုင်နိုင်ဝေနှင့် ပတ်သက်ပြ
ရာသော်တွေ တစ်ခုပြီးတစ်ခု ထုတ်နေတော့၏။

တင်မေလွင်ကတော့ နိုင်နိုင်ဝေဆိုသော အမည်
နာမကို နည်းနည်းလေးမျှ ကြားနာချင်သည့်ပုံ မပေါ်ပေ။

◆ ◆ ◆

ကားဂိတ်ကိုရောက်သည်နှင့် စိုးသစ်ကို သူတွေ့
လိုက်ရသည်။

သူက မမြင်ချင်ယောင် ဆောင်နေသော်လည်း
စိုးသစ်ကတော့ သူ့ရှိရာသို့ တန်းတန်းမတ်မတ်ကြီး ရောက်
လာ၏။

"ဟော့ကောင် ... မင်းဆီ စိုးသစ် လာနေပြီ"

တင့်ဝေ သတိပေးစကားကိုပင် စိုးသစ်ရိ
သလား မပြောတတ်။

စိုးသစ်ကတော့ အချိုသာဆုံး မျက်နှာထားဖြ
သူ့ကို နှုတ်ဆက်လေသည်။





"မြို့ပြန်မှာလား အောင်ခိုင်ထွန်း"

"ဆိုပါတော့ကွာ"

"မင်းသမီး ရည်းစားအဖြစ်နဲ့ မင်းသမီးကို စောင့်ရှောက်
ရလွန်းလို့ နည်းနည်းများ ပိန်သွားသလား မသိဘူး"

ခနဲ့တဲ့တဲ့စကားမို့ စိုးသစ်ကို စကားလက်တုံ့
မပြန်ဘဲ မသိဟန်ဆောင်ပြလိုက်ရသည်။

တင့်ဝေက စကားလမ်းကြောင်းလွှဲသည့်အနေဖြင့်
စိုးသစ်ကို မေး၏။

"မင်းရော ဒီကားနဲ့ ပြန်မှာလား စိုးသစ်"

"ငါမပြန်ဘူး တင့်ဝေ၊ နိုင်နိုင်ဝေ ပြန်မှာမို့ ကားဂိတ်
ဆင်းပြီး လိုက်ပို့ပေးတာ၊ ဟော ... ပြောရင်း ဆိုရင်း
နိုင်နိုင်ဝေ လာပါပြီ"

သူတို့ရပ်နေရာနှင့် မလှမ်းမကမ်းမှာ အငှားကား
တစ်စီး ထိုးဆိုက်သည်ကို မြင်၏။

သူ လှမ်းကြည့်သော်လည်း ကားဆီသို့ အပြေး
သွားနေသော စိုးသစ်ကြောင့်ပင် နိုင်နိုင်ဝေကို မမြင်တွေ့ရ
လိုက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"နိုင်နိုင်ဝေကို မင်း တစ်ခါမှ မမြင်ဖူးဘူး မဟုတ်လာ
လှမ်းကြည့်လိုက် ..."

တင့်ဝေ ပြောစကားကြောင့်ပင် သူ ကြည့်လိုက်
သည်။

စိုးသစ်က နိုင်နိုင်ဝေ့ကို ခေါ်ပြီး သူတို့ရှိရာသို့
လာနေသည်ကို တွေ့၏။

ဆံပင်၏ ကောင်းခြင်း၊ အသားအရည်၏
ကောင်းခြင်းများဖြင့် မိန်းမ တစ်ယောက်တွင် ရှိသင့်ရှိထိုက်
သော အလှတရားများကို အထင်းသားပင် တွေ့လိုက်ရ၏။

"ရုပ်ရည်ရှိသလို ကိုယ်လုံးကိုယ်ပေါက်ကလည်း လူတွေ
ရဲ့ အာရုံကို ဆွဲဆောင်နိုင်တယ် အောင်နိုင်ထွန်း
မကွယ်မထောက် ပြောကြေးဆိုရင်တော့ နိုင်နိုင်ဝေရဲ့
အလှတွေအားလုံးက တင်မေလွှင်ထက် နှာတစ်ဖျား
သာနေတာ အမှန်ပဲ အောင်နိုင်ထွန်း"

တင့်ဝေ စကားများကို နားထောင်ရင်းကပင်
နိုင်နိုင်ဝေ့ အလှအပများကို ခြေဆုံးခေါင်းဆုံး သူ အကဲ
ခတ်ကြည့်နေမိ၏။ စေ့စေ့မှ မကြည့်နဲ့ဆိုသော တင်မေလွှင်





စကားတို့ကို မျက်ကွယ်မှာ သူ အလိုလို ချိုးဖောက် ပြီးသား
ဖြစ်နေတော့၏။

"နိုင်နိုင်ဝေနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက တင့်ဝေ၊
သူကတော့ တင်မေလွှင်ရဲ့ "ရည်းစား ဆိုပါတော့၊
အောင်နိုင်ထွန်းတဲ့ နိုင်နိုင်ဝေ"

"ဟုတ်ကဲ့ရှင့် တွေ့ရတာ ဝမ်းသာပါတယ်"

ချိုသာသော အသံသည် ရင်ကို မသိမသာ
လာရိုက်ခတ်၏။ အပြုံးဖြင့် ခင်မင်မှုကို အသိအမှတ်ပြုလိုက်
ရသည်။


တစ်ခဏအတွင်းမှာပင် သူ့နှုတ်ခမ်းကို စကား
မဆိုသာလောက်အောင်ပင် ဆွံ့အ,သွားလေသလား မသိပေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



# (၁၂)

"ဒါ ... တမင်လုပ်တာ အောင်နိုင်ထွန်း၊ သိပ်တော့ သဘာဝမကျဘူးကွာ၊ စိုးသစ် တမင်လူလည်ကျတာပဲ"

ကားပေါ်တက်နီးလေးမှာပင် တင့်ဝေ အနားရောက်လာပြီး ပေါက်ကွဲပြတော့၏။ အရေးပေါ်ကိစ္စ တစ်ခုခု ဖြစ်ပြီဆိုတာလောက်ပဲ ရိပ်စားမိ၏။ အကျိုးအကြောင်းကိုတော့ သူ မသိရပေ။

"ဘာဖြစ်လို့လဲ တင့်ဝေ၊ စိုးသစ်က ဘာများ လူလည်ကျလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှိဦးမှာလဲ၊ မင်းနဲ့ငါနဲ့ နှစ်ယောက်တွဲယှဉ်ထားတဲ့ ခုံမှာ တစ်ယောက်ပဲ ရတော့မယ်တဲ့၊ မင်းနဲ့ နိုင်နိုင်ဝေ ကို ထိုင်ခုံတစ်ခုံတည်း ထိုင်စေချင်တဲ့ သဘောပေါ့၊ ငါက တစ်နေရာ ရောက်သွားတယ်"

သူ ဘာပြောမှန်း မသိအောင် ဖြစ်သွားရသည်။

ထိုအခိုက်အတန့်လေးမှာပင် သူနှင့်တင့်ဝေ ရှိရာ သို့ စိုးသစ် ရောက်လာ၏။

"အောင်ခိုင်ထွန်းကို ပြောစရာရှိလို့"

"ဘာများလဲ စိုးသစ်"

"တခြား၊ မဟုတ်ပါဘူး၊ အောင်ခိုင်ထွန်းတို့ နှစ်ယောက် တွဲခုံမှာ နိုင့်အတွက် နေရာလဲလိုက်ရတဲ့ကိစ္စပါပဲ တင့်ဝေနဲ့ အောင်ခိုင်ထွန်း နေရာကွဲသွားရတဲ့ကိစ္စ အတွက် တောင်းပန်ချင်လို့ပါ၊ ပြီးတော့ နိုင်နဲ့အတူတူ တွဲထိုင်တဲ့နေရာမှာ နိုင့်ကို ပြတင်းပေါက်နားမှာ ပေးထိုင် ပေးဖို့ပါ ပြောချင်လို့"

ပထမတော့ တင့်ဝေနေရာမှာ သူ သွားထိုင် တင့်ဝေနှင့် နိုင်နိုင်ဝေကို အတူတူ ထိုင်စေဖို့ပဲ ဖြစ်၏





နိုးသစ်က သူနှင့် နိုင်နိုင်ဝေတို့ တမင်တွဲထိုင်စေရန် အပင်ပန်း ခံနေမှတော့ ဒ ပင်ထွက်သွားရင် သူ့ရဲဘောကြောင်ရာ ကျမည်...ဟု တွေးမိပြန်၏။

"ရပါတယ် စိုးသစ်၊ အပန်းကြီးတဲ့ကိစ္စမှ မဟုတ်ဘဲ"

သူတို့တွေ စကားပြောနေကြဆဲမှာပင် ခရီးသည် တွေက ကားပေါ်တက်ကြ၏။ ဒါဆိုရင်တော့ မကြာခင်သော အချိန်ပိုင်းအတွင်းမှာ ကားထွက်တော့မည်။

သူ့ထံမှ စကားပြန်ရသွားသောကြောင့် စိုးသစ် သည်း နိုင်နိုင်ဝေဆီ ပြန်သွားတော့သည်။

နိုင်နိုင်ဝေ ကားပေါ်တက်သည့်အထိ သူနှင့် တင့်ဝေကတော့ နေရာမှာပင် ရပ်နေကြ၏။

"မင်းက နိုင်နိုင်ဝေနဲ့ တွဲထိုင်မလို့လား အောင်ခိုင်ထွန်း"

"ပထမတော့ မင်းနဲ့ တွဲထိုင်ခိုင်းမလို့ဘဲ၊ ဒါပေမယ့် အပင်ပန်းခံလုပ်ထားမှတော့ ငါရှောင်ထွက်ဖို့ မကောင်း ဘူးလေ၊ အခြေအနေ သိရအောင်တော့ တွဲထိုင်မှကို ဖြစ်မယ် တင့်ဝေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လည်း လုပ်ဦးနော်၊ တင်မေလွင်သိရင် ဒေါသူပုန်ထ,နေဦးမယ်"

"တင်မေလွင့်စိတ်ကို ငါသိပါတယ် တင့်ဝေရာ၊ ဒီနေရာမှာ တင်မေလွင် ရှိနေရင်လည်း ငါနဲ့ နိုင်နိုင်ဝေကို တွဲထိုင်ခိုင်းမှာ သေချာတယ်၊ နာရီပေါင်းများစွာ အတူတူ နီးနီးကပ်ကပ် နေခွင့်ရတော့ နိုင်နိုင်ဝေရဲ့ စိတ်သဘောထားကို တီးမိခေါက်မိလောက်တော့ ရှိမှာပေါ့ကွာ"

သူ့ဆင်ခြေက အတော်အတန် သင့်မြတ်သောကြောင့် တင့်ဝေ စကားဆက်မပြောတော့ပေ။ တင့်ဝေလည်း အခုအခြေအနေကို သဘောပေါက်သွားဟန်တူ၏။

လမ်းခရီးတစ်ခုကို ခရီးဆုံးထိအောင် နိုင်နိုင်ဝေနှင့်အတူ သွားရမည်ပဲလေ။

◆ ◆ ◆





သူတို့ပစ္စည်းတွေက နေရာချပြီးသား။

ကားထွက်ခါနီးမှပင် စိုးသစ်ကို နှုတ်ဆက်ပြီး တင့်ဝေနှင့် အတူတူ ကားပေါ် တက်ဖြစ်ခဲ့၏။

တင့်ဝေကတော့ ကားနောက်ပိုင်းသို့ ဆက်လျှောက်သွား၏။ သူကတော့ နိုင်နိုင်ဝေ့ ခုံနားမှာပင် ရပ်နေလိုက်၏။

စိုးသစ်ကို နိုင်နိုင်ဝေ နှုတ်ဆက်နေ၍ နေရာမှာပင် ဝင်မထိုင်သေးဘဲ ရပ်နေမိသည်။

"အပေါက်ဘက်မှာ ထိုင်မလား"

"ရပါတယ်၊ ဒီအတိုင်းပဲ ကျွန်တော်တို့ ထိုင်လိုက်ကြတာပေါ့"

အဝေးပြေးလမ်းမပေါ်သို့ ရောက်သောအခါ ခရီးသည်တွေ အပန်းဖြေနိုင်ရန် ဗီဒီယိုပြစက် ဖွင့်လေ၏။

နိုင်နိုင်ဝေကတော့ ပတ်ဝန်းကျင်ရှုခင်းတွေကို ငေးမောနေ၏။ သူကတော့ ဗီဒီယိုကားပေါ်မှာလည်း အာရုံရောက်၊ ပတ်ဝန်းကျင်ရှုခင်းတွေမှာလည်း စိတ်နှစ်ထားရလို့ ရှုပေ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်နိုင်ဝေနှင့် တကယ်တမ်း နှစ်ယောက်တွဲပြီး ထိုင်မိသောအခါမှ သူ့စိတ်တွေ အလိုလို လှုပ်ရှားနေမိမှန်းကို အံ့သြစွာ သတိထားမိလိုက်၏။

"ကိုအောင်ခိုင်ထွန်းကိုတော့ နာမည်သာ ကြားဖူးနေတာ၊ အခုမှပဲ ဆုံဖြစ်တယ်၊ မတင်မေလွင်နဲ့ကတော့ လူချင်းဆုံဖြစ်ပါတယ်၊ မတင်မေလွင်က အနုပညာလောကမှာ နေရာတစ်ခုရဖို့ သေချာသလောက် ရှိနေပြီနော်"

မိန်းမတို့၏ စပ်စုအပ်သော စရိုက်အတိုင်း နိုင်နိုင်ဝေက စကား အစ,ပျိုးလာ၏။

"ကျွန်တော်လည်း နိုင်နိုင်ဝေရဲ့ သတင်းတွေကို ကြားနေရတာ၊ အခုမှပဲ လူချင်းဆုံဖြစ်တာ"

နိုင်နိုင်ဝေ့ စကားအတိုင်းပင် အလိုက်သင့် သူ ပြန်ပြောမိသည်။ တကယ်တမ်းမှာတော့ မိန်းမတစ်ယောက်နှင့် စကားပြောသည့် အတတ်ပညာကို သူ့အနေနှင့် ကျွမ်းကျွမ်းကျင်ကျင် မရှိတာတော့ သေချာနေ၏။

"အားလုံးကတော့ နိုင့်ကို နိုင်လို့ပဲ ခေါ်ကြတယ် ကိုအောင်ခိုင်ထွန်း၊ နိုင်လို့ပဲ ပြောဆိုသုံးနှုန်းတာကို နိုင် ပိုသဘောကျတယ်"

"ဒါဆိုလည်း နိုင်လို့ပဲ ခေါ်တာပေါ့၊ နိုင်က ရန်ကုန်ဇာတိပဲလား"

"ဆိုပါတော့ ကိုအောင်ခိုင်ထွန်း၊ နိုင်တို့က အဖေတစ်ခု သမီးတစ်ခုလေ၊ ဖေဖေ နယ်ပြောင်းတာနဲ့ နိုင် လိုက်ပြီး နေတာ၊ မှတ်မှတ်ရရ ပြောရရင်တော့ ကိုအောင်ခိုင်ထွန်းတို့ မြို့ကို ရောက်မှ နိုင် အလုပ်ဝင်ဖြစ်တာ"

ဒီမိန်းမက ဘာကြောင့်များ ကိုယ်ရေး ကိုယ်တာ ကိစ္စတွေကို စကားအဖြစ် ပြောပြနေသည် မသိပေ။ [မ]တင်မေလွင်နှင့် ပြိုင်ဘက် ဖြစ်သည်ကို မေ့လျော့ထားလေ [သ]လား မပြောတတ်။

"ကျွန်တော်တို့မြို့ကို နိုင်ရောက်တာ တစ်နှစ်မပြည့်သေးပေမယ့် ရန်ကုန်အထိ နိုင့်သတင်းက ကြီးနေတယ်"

"ဘာတွေများ သတင်းကြီးရတာလဲ၊ နိုင် သိအောင် ပြောပြစမ်းပါဦး"

တိုက်ဆိုင်စွာဖြင့် သူ့စိတ်ထဲမှာ အထူးအဆန်း







www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရ၏။ -ဒီနေ့မှ မထင်မှတ်ပဲ လူချင်း ဆုံဖြစ်သည်။ တစ်ယောက်နှင့် တစ်ယောက် တရင်းတနှီး ဖြစ်လို့နေ၏။ နိုင့် သဘော သဘာဝကြောင့်ပင် နှစ်ဦးသား ဆက်ဆံရေး နွေးထွေးနေခြင်းလေလား မသိ။

"ဗာခြားတော့ မဟုတ်ပါဘူး၊ နိုင် ချောတဲ့ လှတဲ့ သတင်းလေး ဒါပါပဲ"

"မတင်မေလွင်ကလည်း ချောတာပါပဲနော်၊ နိုင့် အနေနဲ့ မတင်မေလွင်ရဲ့ ကျော်ကြားမှုကိုတော့ မယှဉ်နိုင်တာ အမှန်ပါပဲ"

တမင် ရိုးသားပြနေခြင်းလား။ ဒါမှမဟုတ် သူ့ကို သွေးတိုးစမ်းနေခြင်းလား...ဟု စိတ်ထဲမှာ မကွဲမပြား ဖြစ်နေ၏။

"တင်မေလွင့်အနေနဲ့က ဝါသနာပိုးကြောင့် အခုမှ မြေစမ်းခရမ်းပျိုးအဆင့်ပဲ ရှိပါသေးတယ် နိုင်"

"အနုပညာသည်တစ်ယောက်ဖြစ်ဖို့ ရုးသွပ်မှုတစ်ခုတော့ ရှိရစမြဲလေ၊ ဘာပဲပြောပြော နိုင့်အနေနဲ့ကတော့ အဲဒီလို ရူးသွပ်မှုမျိုး မရှိသလို သတ္တိလည်း မရှိဘူး ကိုအောင်





နိုင်ထွန်းရဲ့၊ မြို့မှာလုပ်တဲ့ ပွဲလမ်းသဘင်တွေမှာ ဝင်ပါရ တယ်ဆိုတာကလည်း ဖေဖေနဲ့ ကိုစိုးသစ်တို့ အတင်း တိုက်တွန်းလို့သာ လုပ်ပေးနေရတာ၊ မတင်မေလွင်ရဲ့ ရူးသွပ်မှုနဲ့ သတ္တိကိုတော့ နိုင်က အမြဲချီးကျူး နေဖြစ် တာ"

အရိုးခံစကားကတော့ တကယ့်အရိုးခံသက်သက် င်။ နိုင့် မျက်နှာအရိပ်အကဲကို သူ အသေအချာ အကဲခတ် ကြည့်၏။ တစ်ခဏအတွင်းမှာတော့ လူတစ်ယောက်၏ င်ကိုစိတ် အနေအထားကို ဆုံးဖြတ်ဖို့ ခက်နေ၏။

"တင်မေလွင်အနေနဲ့ အခုချိန်မှာ အရာရာကို သင်ယူ နေတဲ့ အဆင့်ပါပဲ၊ ဗီစီဒီရိုက်တယ်၊ ကြော်ငြာလေးတွေ မှာ ဝင်ပြီး စမ်းရိုက်နေတဲ့ အဆင့်ပါပဲ နိုင်၊ ကားရိုက် ဖြစ်ဖို့တော့ လိုသေးတာပေါ့"

"တကယ်ကားရိုက်ဖြစ်ရင်လည်း မတင်မေလွင်အနေနဲ့ အတိုင်းအတာတစ်ခုအထိတော့ အောင်မြင်မှာ သေချာ ပါတယ်"

အခုအခြေအနေထိ စကားပြောရသလောက်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ တင်မေလွင့်အပေါ်မှာ ဘာအာဃာတ တရားမှာ မရှိတာတော့ သေချာသည်။

နိုင်နင့်စကားပြောမိလေမှ သူ ဦးနှောက်စားသွားရသည်။ အခုအခြေအနေကို ကြည့်ပြီး အရမ်းဆုံးဖြတ်လို့ မဖြစ်ပေ။

◆ ◆ ◆

## (၁၃)

သူ အိမ်ပြန်ရောက်သွားတော့ မေမေက ထူထူထောင်ထောင်ဖြစ်ရုံမက အကောင်းအတိုင်း ဖြစ်နေ၏။ ဒီပုံစံအတိုင်းဆိုရင်တော့ မေမေတို့နှင့် သုံးလေးရက်လောက် အလွမ်းပြေအောင်နေပြီး တင်မေလွင်ဆီ ပြန်ဖို့ပဲ ရှိတော့၏။

"မေမေ နေမကောင်းဘူးဆိုတာနဲ့ စိုးရိမ်လို့ သားပြန်လာခဲ့တာ"

"လူကတော့ နေကောင်းသွားပါပြီ သားရယ်၊ ဒူးခေါင်းသိပ်မကောင်းဘူးကွယ်၊ ညတုန်းက ချော်လဲပြီး ဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဒီက ဆရာဝန်တွေကတော့ ရန်ကုန်က ပါရဂူတွေဆီမှာ ဒူးခေါင်းပြဖို့ ပြောကြတယ်”

“သားရေ…မင်းမေမေကို အပြန်မှာ တစ်ခါတည်း ခေါ်သွားကွာ၊ဆေးခန်းပြရင်း ဘုရားတွေ ဘာတွေဖူး လိုက်ရင် မင်းမေမေ စိတ်ပြောင်းသွားမှာ သေချာတယ်”

“ခေါ်သွားရမှာပေါ့ ဖေဖေ၊ ဟိုရောက်ရင် တင်မေလွင် အခန်းမှာပဲ မေမေကို ထားမှာ”

“ဖြစ်ပါ့မလား သားရယ်၊ သမီးလေးက သူ့အလုပ်နဲ့ သူ ရှုပ်နေတာ၊ မေမေ ရောက်လာလို့ သူ့အတွက် တာဝန်ပိုနေပါဦးမယ်”

“ဖြစ်ပါတယ် မေမေရဲ့၊ သားလည်း လာနေမယ် ခင်ထွေးလည်း ရှိနေတာပဲ၊ တင်မေလွင်က ပိုတောင် လူများလို့ ပျော်ရင် ပျော်နေဦးမှာ”

သူ ရန်ကုန်အပြန်မှာ မေမေ့ကို တစ်ပါတည်း ခေါ်သွားမှ ဖြစ်တော့မည်။ မေမေ အသက်ကြီးပြီဆိုတော့ အရေးအကြောင်းဆို နယ်မှာထက် ရန်ကုန်မှာက ပိုအဆင်ပြေမှာ သေချာသည်။





“သားက ဒီမှာ နေဦးမှာ မဟုတ်လား”

“နေမှာပေါ့ မေမေ၊ မေမေ ခရီးသွားဖို့ အဆင့်သင့်ဖြစ်တာနဲ့ သားတို့ ရန်ကုန် ပြန်ဆင်းကြတာပေါ့”

“မင်းတို့သားအမိ သွားရင်တော့ ဖေဖေပါ ခဏလိုက်ခဲ့ဦးမယ်၊ လိုင်းကားနဲ့ မသွားဘဲ ကိုယ့်ကားနဲ့ကိုယ် သွားကြတာပေါ့၊ ဒီက အလုပ်လေးတွေ လက်စပြတ်အောင်တော့ မင်းတို့သားအမိ ဖေဖေ့ကို စောင့်ခေါ်ဦးပေါ့”

ဖေဖေပါ ပါမယ်ဆိုတော့ ပိုလို့ပင် ကောင်းသွား၏။

“ဒါနဲ့ တင်မေလွင့် မေမေကိုပါ ခေါ်မှ ထင်တယ်၊ သူလည်း ရန်ကုန်လိုက်ချင်နေတာ၊ သူ့သမီးလေးကို လွမ်းလို့ နေမှာပေါ့ သားရယ်”

“ခေါ်သွားတာပေါ့ မေမေ”

ဒီ အခြေအနေတွေကိုတော့ တင်မေလွင် တစ်ယောက် သိဦးမှာ မဟုတ်သေး။ သူနှင့်အတူ မိဘတွေ ပါလာတာတွေ့ရင် တင်မေလွင် မှတ်မထင် ပျော်သွားပေလိမ့်မည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆိုလိုချင်တဲ့ သဘောက နိုင်နိုင်ဝေရဲ့ စိတ်ထ
အရိုးခံပဲပေါ့ ဟုတ်လား"

"အခုအခြေအနေအထိကတော့ ဒီအတိုင်းပဲလို့
ပြောရ မလို ဖြစ်နေတယ် တင့်ဝေ"

"ဒါဆိုရင်တော့ စိုးသစ်ရဲ့ စည်းရုံးရေးက အောင်မြင်
တယ်လို့ ပြောရမယ်၊ နိုင်နိုင်ဝေနဲ့ တစ်ခုတည်း
ထိုင်ရ ရုံနဲ့ နိုင်နိုင်ဝေ့တရားကို မင်းဟောနေတော့တာ
ငါ့ကို တရားဟောတာက ဘာမှ ပြဿနာမရှိဘူး
အောင်ခိုင်ထွန်း၊ တင်မေလွင့်ရှေ့မှာ တနိုင်တည်း နိုင်
နေရင်တော့ မင်း မိုးကြိုးပစ်ခံရမှာ သေချာတယ်"

တင့်ဝေပြောတာလည်း သဘာဝတော့ ကျသည်
တင်မေလွင်က နိုင့်ကို ပြိုင်ဘက်လို သဘောထား
သည်။ နိုင့်အပေါ်မှာ မိန်းမချင်း မနာလိုစိတ် ရှိနေသည်

"ငါ စဉ်းစားနေတာက တင်မေလွင် အတွက်တော့
နိုင်က တကယ့်ကို သေးသေးလေး၊ ဒါကို နိုင်
စကားပြောကြားပြီး သိပ်သိသာသွားတယ်၊ တင်မေ
လွင်ကရော ဘာလို့ ဒီလောက်ထိ နိုင့်အပေါ်မှာ
အာဃာတ ကြီးနေရတာလဲ"





"ရှင်းရှင်းလေးလေကွာ၊ တင်မေလွင်နဲ့ နိုင်နိုင်ဝေက
မင်းတွေးသလို ယှဉ်စရာမလိုတာတော့ အမှန်ပဲ၊ ငါတို့
မြို့မှာတော့ အခုလောလောဆယ် နိုင်နိုင်ဝေက စကား
ဖြစ်နေတာလေ၊ ဒါကို တင်မေလွင်က မခံမရပ်နိုင်
ဖြစ်တာပေါ့၊ ပြီးတော့ နိုင်နိုင်ဝေနဲ့ စိုးသစ်က ပတ်သက်
နေတယ်၊ မင်းအနေနဲ့ နိုင်နိုင်ဝေ့ကိုတော့ အကြွင်းမဲ့
ယုံကြည်မှု မထားစေချင်ဘူး၊ မင်းနဲ့ပြောတဲ့စကားတွေက
နိုင်နိုင်ဝေ နှုတ်ထွက်စကားပေမယ့် စိုးသစ်ပြောစေချင်တဲ့
စကားတွေဆိုရင် မင်း ဘယ်လိုလုပ်မလဲ၊ မင်းစိတ်ကို
စိုးသစ်က သိနေလို့ နိုင်နိုင်ဝေကို စကားခင်းခိုင်းတာ
ရော မဖြစ်နိုင်ဘူးလား"

တင့်ဝေ ပြောသော စကားတွေကတော့ တကယ့်
ကို စဉ်းစားစရာတွေ ဖြစ်နေပြန်၏။

သူနှင့် တင်မေလွင်ကိစ္စမှာ စိုးသစ် ပတ်သက်
ခဲ့ဖူးသည်။ သူ့လက်ထဲသို့ တင်မေလွင် ပါသွားသည်ကို
စိုးသစ် မကျေနပ်မှန်း အားလုံးလိုလို သိကြ၏။ အခုကိစ္စမှာ
စိုးသစ် ပယောဂ မပါဘူး...ဟု အတပ်ပြောလို့ မရပြန်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာလည်းဖြစ်နိုင်တာပဲ၊ စိုးသစ်သာ ဒီကို
ကြားထဲမှာ ရှိမနေရင်တော့ နိုင်စိတ်ဓာတ်က
ထင်သလို ဖြစ်နေမှာပဲ၊ စကားပြောနေရင်းက
မျက်လုံးတွေ၊ သူ့အမူအရာတွေကို ငါ အသေအ
ဂရုစိုက်ထားတာ၊ တကယ့်ကို ပကတိပဲ တင့်
လိမ်ညာဖြားယောင်းတဲ့ အရိပ်အငွေ့တွေ လုံးဝ မ
ရဘူးကွ"

"နိုင်နိုင်ဝေ့တရား မင်းဟောနေတယ်လို့ ငါပြောတ
မလွန်ပါဘူးနော်၊ မင်းစကားက မျက်လုံးတွေ အမူအ
တွေအထိတောင် ပါလာနေပြီ၊ နိုင်နိုင်ဝေနဲ့ စကားပြော
ပြီး တန်းဖာန်းစွဲနေတဲ့ လူပျိုပေါက်လေးကျနေတာပဲ
ငါပြောတဲ့စကားတွေနဲ့ ပတ်သက်ပြီး မင်းကိုယ် မင်း
သတိထားဖြစ်ရဲ့လား"

တပ်လှန့်ခ်လိုက်ရသော စကားမှန်း ချက်ချင်
သိ၏။

မလုံမလဲ ဖြစ်ခြင်းနှင့်အတူ တင့်ဝေကို မော်ကြည့်
မိသည်။





ဟုတ်တော့လည်း ဟုတ်နေသည်ပဲ။ သူတစ်
ယောက်ကတော့ နိုင့်၏အကြည့်တွေကို စကားအရသာခံပြီး
ပြန်ပြောပြနေသလို ဖြစ်ခဲ့သည်ပဲ။

"မတတ်နိုင်ဘူးကွာ၊ နိုင်နဲ့ပတ်သက်ပြီး ငါ့ဘက်က
ရိုးသားစွာ ပြောဆိုမိတာပဲ၊ ဒါကိုတော့ ငါ အာမခံရဲ
ပါတယ် တင့်ဝေ"

"မင်းကိုယ်မင်း ဒီလောက်တော့ အာမခံရဲဦးမှပေါ့၊
မင်းမှာ တင်မေလွင်တစ်ယောက်လုံး ရှိနေတယ်လေ"

"မင်းစကားက ငါ့နှလုံးသားကိုရော၊ ငါ့အကျင့်
သိက္ခာကိုပါ အဖျားလာခတ်နေတယ် ဆိုတာကိုရော
မင်း သတိထားမိရဲ့လား တင့်ဝေ"

တင့်ဝေနှင့် နိုင့်အကြောင်း ပြောနေရင်းကပင်
စကားတွေက ပိုလေးနက်လာသလိုရှိပြီး ပိုလည်းရှုပ်ထွေးလာ
လေပြီ။

ဒေါသစွက်သော သူ့အမူအရာကြောင့်ပင် တင့်ဝေ
ရှင်းပြပြန်၏။

"ငါပြောနေတာက မင်းသတိထားဖို့ပါ၊ မင်းအနေနဲ့က



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေနဲ့ သိပ်ဆက်ဆံဖူးတာ မဟုတ်ဘူး၊ မိန်း အကြောင်းလည်း မင်းသိပ်သိမှာ မဟုတ်ဘူး၊ ဒါတော့ ငါက အကြောင်းသိဖို့ ရဲရဲပြော့ရဲတယ်၊ အခုကိစ္စမှာ စိုးသစ် ကြားခံနေတယ်၊ ဒီကောင်က လူလည်၊ မင်း ပြောသလို နိုင်နိုင်ဝေ့စိတ်က အရိုးခံပဲ ထားဦး နိုင်နိုင်ဝေကို အသုံးချပြီး မင်းနဲ့ တင်မေလွှင်တို့ ပြဿနာဖြစ်အောင် မလုပ်ဖူးလို့ မပြောနိုင်ဘူး၊ အဲဒီလို ဆိုရင် မင်းနာလိမ့်မယ်၊ တင်မေလွှင့် စိတ်အကြောင်း လည်း မင်း သိရဲ့သားနဲ့ကွာ"

သူက ဒီလောက်တော့ အတွေးမကျယ်မိ။ တင့်ဝေ အသေအချာရှင်းပြသောအခါမှ အန္တရာယ် အရိပ်အငွေ့ကို မြင်ယောင်မိလာသည်။

"မင်းပြောတာ အများကြီး ဖြစ်နိုင်တယ်"

"တကယ်ဆို နိုင်နိုင်ဝေက စိုးသစ်ရဲ့လူ၊ စိုးသစ် လက်ထပ်ဖို့အထိ ရည်ရွယ်ထားတဲ့ မိန်းကလေးနော် ဒါကိုတော့ မင်းရော ငါတို့ရော သတိထားမှ ဖြစ်မယ် နိုင်နိုင်ဝေက အသုံးချခံလူ မဖြစ်ဘဲ စိုးသစ်နဲ့ ပူးပေါင်းတဲ့ လူဆိုရင် မင်းနဲ့ တင်မေလွှင် ပိုအထိနာလိမ့်မယ်"





"အေးကွာ...တတ်နိုင်သရွေ့တော့ ငါနဲ့သူ ကင်းကင်း ရှင်းရှင်းနေပါ့မယ်၊ သူ့စိတ်ကို သိချင်လို့သာ ငါ ရောမိလိုက်တာပါ၊ တကယ်ပြဿနာဖြစ်ရင် ငါ တင်မေလွှင်ကို လုံးစေ့ပတ်စေ့ ရှင်းပြတတ်တာလည်း မဟုတ်ဘူး"

"ပြဿနာဆိုတာ မဖြစ်ခင်က ကြိုရှောင်တာ အကောင်း ဆုံးပဲ သူငယ်ချင်း၊ ရှင်းရလင်းရပြီဆိုကတည်းက အမည်းစက်တစ်ခုခုတော့ ပြောစရာ ကျန်နေခဲ့မှာပဲ"

ဒီစကားကတော့ သူ့အတွက် မှတ်သားလောက် ဖြစ်သလို သတိပေးခြင်း စကားမျိုးလည်း ဖြစ်စေ၏။

ဘာမဟုတ်သော ကိစ္စလေးတစ်ခု အတွက်တော့ နှလုံးသားကို အစွန်းအထင်း မခံနိုင်ပေ။


တင့်ဝေပြောသလို သူမနှင့် ကင်းကင်းနေဖို့ကို ယတိပြတ် ဆုံးဖြတ်လိုက်ရလေတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## (၁၄)

ဖေဖေရော တင်မေလွင့်မေမေပါ ရန်ကုန်လိုက်
ည်ဆိုသောကြောင့် မြို့မှာပင် သူ သောင်တင်နေဖြစ်၏။
င်မေလွင်ကတော့ သူ့ကို မျှော်နေမှာ သေချာသည်။ အခု
ာင် မြို့မှာ သူနေတာ သုံးရက်ရှိသွားပြီ။

လူကြီးတွေပါ,ပါလာပြီဆိုတော့ တင်မေလွင်၏
ား နာထိုးမှုမှာ သက်သာခွင့်ရသွားမှာ သေချာ၏။

"ဘာလိုလို့နဲ့ မင်း ဒီမှာနေတာ သုံးရက်ရှိသွားပြီနော်၊
လူကြီးတွေလိုက်မယ်ဆိုတော့ မင်းတစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖို့မလွယ်ဘူး၊ တင်မေလွင်ကတော့ ဒီမှာဘာဖြစ်နေလဲဆိုပြီး စိတ်ပူမှာသေချာတယ်"

"ဘယ်တတ်နိုင်မှာလဲ၊ ဒီနေ့ နှစ်ရက်လောက်တော့ ထပ်နေရဦးမှာ၊ ဖေဖေ့အလုပ်တွေက မပြတ်ဘူး ဖြစ်နေတယ်လေ၊ ငါလည်း ပြန်ချင်လှပြီ၊ တင်မေလွင့်ကို လွမ်းတယ်ကွ"

လက်ဖက်ရည်ဆိုင် ထိုင်ရင်းကပင် တကယ်တင်မေလွင့်ကို လွမ်းဆွတ်ခြင်း ဖြစ်လာမိသည်။ တင့်ဆေကတော့ သူ့ကို နားမလည်တတ်စွာဖြင့် လှောင်ပြောင်နေသည်။

"မင်းနဲ့ တင်မေလွင်က တော်တော်နဲ့ လက်ထပ်ဖြစ်မယ် မထင်ဘူးနော်"

ရှေ့ရေးကို တွေးပြီး တင့်ဆေ ပြောသည်။

"ပထမတော့ ငါ ကျောင်းပြီးတာနဲ့ လက်ထပ်ဖို့ စီစဉ်ထားတာ၊ တင်မေလွင် မင်းသမီး ဖြစ်ချင်တာက နောက်မှ ဖြစ်လာတာ၊ သူ မင်းသမီး ဖြစ်ရင်တောင်မှ နှစ်နှစ် သုံးနှစ်လောက်တော့ အသားလေး ထပ်စောင့်ရဦးမယ် ထင်တာပဲ တင့်ဆေ"





"မင်းသမီး ရည်းစားဖြစ်ရတာ မလွယ်သလို၊ မင်းသမီးယောကျ်ားဖြစ်လာရင်လည်း လွယ်မယ်မထင်ဘူး၊ ငါတို့လို စိတ်မျိုးနဲ့တော့ မဖြစ်မှာအမှန်ပဲ၊ မင်းက တင်မေလွင်ကို အလိုလိုက်တယ်၊ ချစ်တယ်၊ ဒီအချက်တွေနဲ့ မင်းစိတ်ရှည်နိုင်မယ်ဆိုတာ ငါသိပါတယ်"

တင့်ဆေ စကားကတော့ သူ့ကို တမင်ချီးကျူးမှုန်း သိသာ၏။

"ဖြစ်လာမှတော့ ဒီလိုပဲပေါ့ကွာ၊ တင်မေလွင့်နှလုံးသားနဲ့ သစ္စာတရားကို ငါ လက်ဦးမှု ရထားပြီးပြီပဲ၊ သူ ဘာပဲဖြစ်နေဖြစ်နေ အဲဒီအချက်တွေနဲ့ပဲ တင်မေလွင်နဲ့ တစ်ဘဝလုံး ပေါင်းဖြစ်နေမှာပဲ"

"တင်မေလွင်ကလည်း မင်းအပေါ် ချစ်သလို သစ္စာရှိတဲ့ မိန်းမတစ်ယောက်ပါပဲ၊ အောင်မြင်မှုတစ်ခုတည်းနဲ့တော့ မင်းကို မျက်ကွယ်ပြုမယ် မထင်ဘူး"

တင့်ဆေနှင့် ရှေ့ရေးရှေ့ရာများကို ပြောနေစဉ် ဆိုင်ရှေ့သို့ စက်ဘီးတစ်စီး ထိုးရပ်လာ၏။

"ဟိုမှာ... နိုင်နိုင်ဆေ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



တင့်ဝေ မပြောခင်ကပင် သူမကို လှမ်းမြင်မိ၏

"ဟုတ်တယ် တင့်ဝေ၊ ဒီဆိုင်ကို လာပြီး ဘယ်သူ့ ရှာနေတာလဲ မသိဘူး"

"လူရှာတာတော့ သေချာတယ်ကွ၊ ငါတို့ကို တွေ့သွား ပြီ အောင်ခိုင်ထွန်း၊ ပြုံးပြလိုက်တာ တွေ့လား ..."

တင့်ဝေ မပြောမိကပင် သူမအပြုံးကို လှမ်းတွေ့ လိုက်ရသည်။ ဒီဆိုင်ထဲမှာတော့ သူမ ရှာနေသူတစ်ဦးဦး ရှိနေတာတော့ သေချာသွားသည်။

စက်ဘီးဒေါက်ထောက်ပြီး ဆိုင်ထဲသို့ သူ ဝင်လာလေ၏။

◆ ◆ ◆

"ဟော့ကောင် ... နိုင်နိုင်ဝေ တခြားဝိုင်းကို မသွား ငါတို့ရှိတဲ့ဝိုင်းကို တန်းတန်းမတ်မတ် လာနေတာကွ"

တင့်ဝေ ပြောသောစကားကို ကြားနေရသ သူမ လာနေသည်ကိုလည်း အထင်းသားမြင်နေရ၏။





ဆိုင်ထဲကို သူမ ဝင်လာခြင်းကြောင့်ပင် လူတွေ အားလုံး၏ မျက်လုံးများက သူမဆီသို့ စုပြုံကျရောက်သွား တော့၏။

"ဒီဝိုင်းမှာ နိုင် ခဏထိုင်မယ်နော်"

ခွင့်တောင်းသည် ... ဟု ဟန်ပြသော်လည်း ခုံဆွဲကာ သူမ ဝင်ထိုင်၏။

"ရပါတယ် ... နိုင် ဘာသောက်မှာလဲ"

တင့်ဝေက ငြိမ်နေပေမယ့် သူကတော့ ဝတ္တရား ကျေရုံဖြင့် မေးလိုက်မိသည်။

"ရှီးပေါ့ကျတစ်ခွက်လောက် မှာပေးပါလား၊ ဒီဆိုင်က လက်ဖက်ရည်ကောင်းတယ် ပြောလို့"

စားပွဲထိုးချာတိတ်ကို သူ မှာပေးလိုက်သည်။

တင့်ဝေ မသိမသာဖြင့် ဝင်ပြီးစပ်စုပြန်သည်။

"ဒါနဲ့ နိုင်နိုင်ဝေက ဒီဆိုင်က လက်ဖက်ရည်ကို တစ်ခါမှ မသောက်ဖူးဘူးလား"

"ဆိုင်သာ မထိုင်ဖြစ်တာ လက်ဖက်ရည်ကိုတော့ သောက်ဖူးတယ်၊ မေမေနဲ့ပဲကြုံကြုံ၊ အခြားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့ပဲ ကြုံကြုံ ပါဆယ် အမြဲမှာသောက် နေကျလေ ...”

တင့်ဝေက အလျှော့မပေး။ သေချာအောင် စပ်စုပြန်၏။

“ဒါဆို ... ဒီဆိုင်မှာ ထိုင်ပြီး လက်ဖက်ရည်သောက်မှုတာ ပထမဆုံးအကြိမ်ပေါ့ ဟုတ်လား”

တင့်ဝေ အံ့ဩသလို သူမ လုပ်ရပ်ကို သူလည်း နားမလည်။ လက်ဖက်ရည်ခွက်ကို အသာမော့သောက်နေသော သူမကို စကားတောက်ကြည့်လိုက်သည်။

“ကျွန်တော်တို့ကို တွေ့လို့ ဆိုင်ထဲဝင်လာတာလား နိုင်”

“ကိုအောင်နိုင်ထွန်းတို့ကို လိုက်ရှာနေတာလေ။ ရုံးကလူတစ်ယောက်က ဒီဆိုင်မှာ ထိုင်နေတယ်လို့ ပြောတာနဲ့ တမင်လိုက်လာခဲ့တာ”

တစ်ခုခုတော့ မှားယွင်းနေတာ သေချာ၏။

ဝေဝေဝါဝါဖြစ်နေမှုကို တင့်ဝေကပင် သူ့ကိုယ်စား ဝင်ပြောလိုက်၏။





“ကျွန်တော်တို့ ဘာများ အကူအညီပေးရမလဲ၊ အားမနာနဲ့နော်”

“တခြားတော့ မဟုတ်ပါဘူး၊ ရန်ကုန်ကားဆိုက်တော့ နိုင့်လက်ထဲကို စာတစ်စောင် ရောက်လာတယ်၊ ကိုရိုးသစ်ဆီက စာနဲ့ အတူတူ ကိုအောင်နိုင်ထွန်းရဲ့စာပါ, ပါလာခဲ့တာလေ၊ ဒီစာပေးချင်လို့လေ၊ ဒါကြောင့် ကိုအောင်နိုင်ထွန်းကို ရှာရတာလေ”

စာအိတ်လေးကို သူ့ရှေ့သို့ တိုးချပေး၏။ စာအိတ်ပေါ်မှ လက်ရေးကို မြင်လိုက်ရုံနှင့် တင်မေလွင့် စာဆိုတာ ချက်ချင်း သိသာစေ၏။

“ကျေးဇူးပဲ နိုင်၊ တင်မေလွင်က ကျွန်တော်ပြန်မလာလို့ ထည့်လိုက်တာ ထင်တယ်၊ ဒီမှာက သူ့မေမေရော၊ ကျွန်တော့်မိဘတွေပါ ရန်ကုန်လိုက်မှာဆိုတော့ တမင်စောင့်ခေါ်နေရတာလေ”

“တစ်ခုတော့ ပြောချင်တယ် ကိုအောင်နိုင်ထွန်း၊ တော်ကြာ ကြားထဲကနေ နိုင် စပ်စုတယ်ဖြစ်မှာစိုးလို့ပါ”

ပယောဂိစကားကို သူမ ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်တည်း စိတ်ဝင်စားတာမဟုတ်။ တင့်ဆေလည်း စိတ်ဝင်စားနေတာ သေချာ၏။

"ဘာများမို့လို့လဲ"

"ဟိုလေ... နိုင့်ဆီရောက်ကတည်းက စာအိတ်က ပွင့် နေတယ်၊ ကာယကံရှင်ကတော့ တမင်အပွင့်ကြီး ပေး လိုက်မှာ မဟုတ်ဘူး၊ တစ်ယောက်ယောက် ဖွင့်ထားပုံ ရတယ်၊ အဲဒါ ပြောမလို့ပါ၊ ဒါကြောင့် စာကို တွေ့ တွေ့ချင်းမှာ အမြန်ရောက်အောင်ပေးမှပဲလို့ တွေးပြီး အပူတပြင်း လိုက်ရှာရတာလေ"

စိုးသစ်၏ စာနှင့်အတူတူ ရောက်လာသည် ဆိုတော့ ဝေခွဲရခက်သွား၏။ သူ့အနေနှင့် တစ်ခုခု ပြန်ပြော ခက်နေ၏။

သူ့အခက်အခဲကို လိမ္မာပါးနပ်စွာဖြင့် တင့်ဆေ ဝင်ရောက် ဖြေရှင်းပေးလိုက်သည်။

"ကိစ္စမရှိပါဘူး၊ တင်မေလွင် ရေးမယ့်[illegible]က သိ လျှို့ဝှက်မှာ မဟုတ်ဘူး၊ အလွန်ဆုံး အောင်နိုင်ထွန်း လွမ်းလို့ အမှာတော် ရှိတာလောက်ပဲ ပါမှာပါ"





"ဘာပဲဖြစ်ဖြစ်လေ၊ ကာယကံရှင် မသိဘဲ စာကိုဖွင့် ဖတ်တာတော့ စည်းမဲ့လွန်းပါတယ်၊ တော်ကြာ နိုင် ဖွင့်တာလို့ ထင်မှာစိုးလို့လေ"

တင့်ဆေကတော့ ပြောပြီးသွားပြီ။

ကာယကံရှင် သူ့အနေဖြင့် စကားလှအောင် ပြောလိုက်ရသည်။

"နိုင် မဖွင့်ဘူးဆိုတာ ယုံပါတယ် နိုင်၊ ဒီစာက နိုင့် လက်ထဲ မရောက်ဘဲ တခြားရောက်သွားမှာပဲ စိုးရတာ၊ တစ်ခါတလေ ကားသမားတွေက ဒီအတိုင်းပဲ ဖြစ်တတ် ပါတယ် နိုင်"

တကယ်လည်း သူမ မဖွင့်ဖတ်ဘူးဆိုတာကို သူ ယုံကြည်နေ၏။

သူ့လိုပင် တင့်ဆေလည်း ယုံကြည်မှာ သေချာ၏။

တစ်ယောက်ယောက်တော့ လုပ်ကြံတာ သေချာ နေပြီ။ တင့်ဆေပြောသလိုပင် သူမနှင့် ဆက်ဆံရေးကို သတိထား စောင့်ကြည့်ရမည့် အခြေအနေမှာ ရှိနေလေ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

'တင်မေလွင့်ဆီမှ စာသည် အရေးတကြီးကိစ္စတော့ မဟုတ်။ နယ်ထွက်ပြီး ကြော်ငြာရိုက်စရာ ရှိသောကြောင့် သူ့ကို လှမ်းမှာခြင်း ဖြစ်၏။

သန်ဘက်ခါ မိဘများနှင့်အတူ ပြန်လာဖြစ်မည့် အကြောင်းကို ဖုန်းလှမ်းဆက်ဖို့ တင့်ဝေကို အကူအညီတောင်းရသည်။

တင့်ဝေကလည်း အလုပ်ကိစ္စနှင့် အခြားမြို့ကို သွားစရာ ရှိသောကြောင့် စကားကြုံပါးရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မြို့မှာက ဆက်သွယ်ရေးစခန်း မရှိ။

အရေးကိစ္စရှိလျှင် ဆက်သွယ်ရေးစခန်းရှိရာ မြို့သို့ သွားရသည်။

"စိတ်မပူပါနဲ့ အောင်နိုင်ထွန်းရာ၊ ငါ့အလုပ်ကိစ္စတွေထက် တင်မေလွင်နဲ့ အဆက်အသွယ်ရအောင် ငါကြိုးစားပေးပါ့မယ်"

"သူတို့အခန်းနားက ဖုန်းကို အရင်ဆက်ကြည့်၊ အိမ်မှာရှိမနေရင် ရိုက်ကွင်းတစ်ခုခုမှာ ရှိမှာ သေချာတယ်၊ ဦးလေး ဖုန်းနံပါတ်လည်း မင်းကို ရေးပေးလိုက်တယ်နော်"

"အေးပါကွာ..."

တင့်ဝေ ကားထွက်သည်အထိ သူ တဖွဖွ မှာနေမိသည်။

"မင်း ဒီညနေ ပြန်ရောက်မှာ မဟုတ်လား"

"ပြန်ရောက်မှာပါကွာ၊ ကိုယ့်ကားနဲ့ကိုယ် သွားတာပဲ၊ ဒီလောက်တောင်ဖြစ်နေရင် မင်းဆိုင်ကယ်ကို ထားခဲ့ပြီး ကားနဲ့ တစ်ခါတည်း လိုက်ခဲ့ပါလား"





"မလိုက်တော့ပါဘူးကွာ၊ ငါ့အတွက်နဲ့ မင်းအလုပ်ရှုပ်နေပါဦးမယ်၊ ဖုန်းသာ ဆက်ဖြစ်အောင် ဆက်ပေး"

တကယ်တော့ တင့်ဝေနှင့်အတူ သူလိုက်သွားသင့်သည်။

ဖုန်းဆက်တာက ဘာမှကြာမှာ မဟုတ်ပေ။

သူပါနေရင် တင့်ဝေ အလုပ်ကောင်းကောင်းလုပ်နိုင်မှာ မဟုတ်ပေ။

ကိုယ်နှင့် မပတ်သက်သည့် ကိစ္စတွေမို့ တစ်ယောက်တည်း ကြောင်နေမည်ကို တွေးပြီး တမင် ကျန်နေခဲ့ခြင်း ဖြစ်၏။

◆ ◆ ◆

လက်ဖက်ရည်ဆိုင်မှအထွက် တင့်ဝေက ကားနှင့် မြို့ပြင် ထွက်သွားသည်။

သူကလည်း ဆိုင်ကယ်စက်နှိုးပြီး အိမ်ပြန်ဖို့ ပြင်၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှထွက်ပြီး သိပ်မကြာခင်မှာပင် နောက်ဖက်ဆီမှ ဆိုင်ကယ်ဟွန်းသံကြားရ၏။

လမ်းကလည်း ကားအသွားအလာ ရှင်းနေ၏။

ကျော်တက်လို့ ရသည့်တိုင် ဆိုင်ကယ်ဟွန်းသံက အဆက်မပြတ်ပေ။

နောက်သို့ လှည့်မကြည့်ဖြစ်ဘဲ အရှိန်လျှော့ လိုက်သည်။

နောက်ဘက်ဆီမှ ဆိုင်ကယ်သည် သူ့ဆိုင်ကယ် နားသို့ ရောက်လာ၏။

ဘေးချင်းယှဉ်မောင်းတော့မှ အံ့သြသွားရသည်။

"ဟွန်းတီးတာကို ဘာလို့ လှည့်မကြည့်တာလဲ"

"နိုင်လို့ မထင်ဘူးလေ၊ လမ်းတောင်းတယ်လို့ ထင် နေတာ"

"ကိုအောင်ခိုင်ထွန်း ဘယ်သွားမှာလဲ"

လမ်းသွားလမ်းလာနှင့် ယာဉ်သွားလာမှု ရှင်းနေ၍ တော်သေးသည်ဟု ဆိုရမည်။

"အိမ်ပြန်မလို့ နိုင်"





"တကယ်လို့ အလုပ်မရှိဘူးဆိုရင် နိုင့်ကို အဖော်လုပ် ပေးပါလား၊ နိုင်သွားတဲ့နေရာကို လိုက်ခဲ့ပေးလေ"

အသာတကြည်ဖြင့် အကူအညီ တောင်းလာတော့ ...ဆင်ခြင်ဖို့ သတိလက်လွတ် ဖြစ်သွားရသည်။

"ရပါတယ် နိုင်"

"ဒါဆိုရင် လှုရှင်းတဲ့ ဘုရားတစ်ဆူဆူကို လိုက်ပို့ ပေးပါလား"

"နိုင် ဘာလုပ်ချင်လို့လဲ"

"ဟိုရောက်ရင် သိရမှာပေါ့၊ ဘုရားလိုက်ပို့ခိုင်းမှတော့ မကောင်းတာလုပ်မှာ မဟုတ်တာ သေချာတယ်လေ"

ဆိုင်ကယ်ယှဉ်မောင်းနေစဉ်မှာပင် ကားတစ်စီးက ...ရှေ့မှ မောင်းလာ၏။

လမ်းပေးရမည့်အသိနှင့်အတူ သူမကို ပြောရင်း ...က်ရှိန်မြှင့်လိုက်ရသည်။

"ဒါဆိုရင် နောက်ကနေ လိုက်ခဲ့ပေတော့ နိုင်"

ကူညီလက်စနှင့်မို့ တခြားဘာကိုမှ တွေးမနေ



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။ မြို့အပြင်ဘက် တောင်ကုန်းပေါ်မှာရှိသော စေတီ ဆီသို့ ခေါ်သွားဖို့ ပြင်လိုက်ရသည်။

◆ ◆ ◆

"ဆိုင်ကယ်တွေကိုတော့ ဒီနားမှာ ထားခဲ့ပြီး ခြေကျင် တက်မှရမယ် နိုင်"

"ထားခဲ့တာပေါ့၊ ကျေးဇူးပြုပြီး ဒီပန်းခြင်းကို ယူလာ ပေးပါလား"

သူမ လှမ်းပေးသော ပန်းခြင်းကို ယူလိုက်ရသည်။ ခြင်းထဲမှာတော့ သစ္စာပန်း အဖြူရောင်တွေ ရှိနေ၏။ ဘုရား ကပ်လှူဖို့ ဖြစ်တန်ကောင်းသည်...ဟု တွေးမိ၏။

စေတီရင်ပြင်တော်ပေါ်ရောက်တော့ သူမက တစ်ဆင့်တက်ပြီး အကူအညီတစ်ခု တောင်းသည်။

"ကျူညီလက်စနဲ့ ဘုရားပန်းလဲဖို့ ရေဖန်တီးပေးပါဦး လား၊ ကိုအောင်နိုင်ထွန်းက မြို့ခံဆိုတော့ လုပ်ပေးနိုင် မှာပါ"

စေတီရင်ပြင်၏ တောင်ကုန်းအစွန်းလေးနားမှာ





ဘုန်းကြီးတစ်ပါး သီတင်းသုံး၏။ ဒါကိုတော့ သူမ သိနိုင် မည်မထင်။

ကူသိုလ်ရေးဖို့ လက်စနှင့် သူ ကူညီလိုက်ရ သည်။

"ဒါဆို ဒီမှာ ခဏစောင့်နေ၊ ကျွန်တော် ရေသွားယူပေး မယ်"

သူမနှင့် ဆက်နေပြီး ဘာတွေဖြစ်လာဦးမည် မသိပေ။ အထိမ်းအမှတ် တစ်ခုခုကြောင့် ဘုရားပန်းတွေကို တကူးတက ကပ်ဖို့ ကြိုးစားခြင်းလေလား။

သီတင်းသုံးနေသော ဆရာတော်က ကျောင်းသား လေးတစ်ယောက်ကိုခေါ်ပြီး ရေထမ်းပို့ခိုင်းသည်။ ဆရာတော် အတွက် အလှူငွေကို သူကပင် ကြားထဲက ကျခံပေးလိုက် ရသည်။

ကျောင်းသားလေးကတော့ ရေထမ်းပုံးကို ချထား ပေးခဲ့ပြီး ပြန်ထွက်သွား၏။ ဘုရားအိုးထိုးဖို့ အိုးတွေကတော့ ရင်ပြင်တော်ပေါ်မှာ အဆင်သင့် ရှိနေသည်လေ။

သူကတော့ သူမ လှုပ်ရှားနေမှုအားလုံးကို ငြိမ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



လေး ထိုင်ကြည့်နေဖြစ်၏။ ပန်းတွေ လဲထိုးတာကအစ ဘုရားကို ကပ်လှူပြီးသည့်အဆုံး ကြည့်ကောင်းကောင်းနှင့် ထိုင်ကြည့်နေဖြစ်၏။

"နိုင့် လုပ်ပုံကိုင်ပုံတွေကို နားမလည် ပါးမလည်နဲ့ အံ့ဩနေတယ် မဟုတ်လား ကိုအောင်နိုင်ထွန်း"

သူ့စိတ်ထဲတွင် ဖြစ်ပျက်နေခြင်းကို သူမအနေဖြင့် ဘယ်လိုလှမ်းမြင်သည်မသိ။ သူမ အမေးကို ရိုးရိုးလေးပင် အဖြေပေးလိုက်သည်။

"ဘာအတွက် ဒီဘုရားကို လာပြီး ပန်းတွေလှူရတာလဲ နိုင်၊ ပြီးတော့ ဆုတွေ တောင်းလိုက်တာလည်း အကြာကြီးပဲ"

"နိုင်ပြောပြမှာပါ၊ ဒီနေ့ နိုင့်မွေးနေ့လေ၊ ဒါကြောင့် သစ္စာပန်းတွေ ဘုရားမှာ လှူပြီး ဆုတောင်းရတာပေါ့"

"နိုင့်မွေးနေ့ ..."

"ဟုတ်တယ်"





"ဪ... မွေးနေ့ဆိုလည်း အိမ်မှာ ခမ်းခမ်းနားနား ပွဲလေးတစ်ခု လုပ်ပါရောလား"

"နိုင်မှ အဲဒီလိုမျိုး မလုပ်ချင်တာ၊ ဘုရားမှာ ပန်းတွေ လှူမယ်၊ ပြီးရင် ကိုအောင်နိုင်ထွန်းကို မုန့်ကျွေးမယ်၊ ဒီလောက်ဆို နိုင့်မွေးနေ့က ပြည့်စုံသွားပြီပဲ"

နှုတ်မှဖွင့်မပြောဖြစ်ပေမယ့် စိတ်ထဲမှာတော့ သူမ ...ပတ်သက်ပြီး အရမ်းအံ့ဩဖြစ်၏။ ဒါ... သူမ၏ ပကတိ ...ထားပင် ဖြစ်ရမည်။

◆ ◆ ◆

စေတီတော်ကို လက်ယာရစ် ပတ်ရင်းကပင် ...နိုင် မထိုင်နိုင်ဖြစ်ပြီး စပ်စုကြည့်မိပြန်သည်။

"စောစောက ဘာဆုတွေ တောင်းခဲ့တာလဲ နိုင်"

"ဒီပြင်အချိန်ဆိုရင်တော့ လိမ်ပြောကောင်း ပြော...



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ ဒီနေ့ ဒီအချိန်မှာတော့ မလိမ်မညာဘ
အမှန်အတိုင်း ပြောမယ်၊ နိုင်က မိန်းမသား မဟုတ်လာ
ကိုယ်နဲ့ဖူးစာဖက်ကြုံရမယ့်လူက နိုင့်အပေါ် သစ္စာ
ဖို့နဲ့ တစ်ဘဝမှာ တစ်ယောက်တည်း လက်တွဲနိုင်
ဆုတောင်းတာပါ"

မထင်မှတ်ထားသော စကား။ သူမစကားတွေ
အရမ်းရိုးသားလွန်းနေသောကြောင့် ရင်ထဲမှာ အေးချမ်းသွ
ရ၏။

အရင်အခြေအနေတွေကို သူ ဆက်စပ် မစဉ်းစာ
တော့ပေ။ ရင်ထဲက ဖြစ်လာသည့် အတိုင်းပင် သူမေးလိုက်
မိသည်။

"စပ်စုတာတော့ မဟုတ်ဘူးနော်၊ ပြောသံကြားလို
မေးရတာ၊ စိုးသစ်နဲ့နိုင်က . . ."

သူ့စကားတွေကို တစ်ဝက်တစ်ပျက် ရပ်ထား
လိုက်မိသည်။

"ဒါလား . . . ကြားတာတွေတော့ အမှန်ပဲ၊ ဖေဖေကလည်း





စိုးသစ်နဲ့ ဖြစ်စေချင်တယ်၊ ခက်တာက တွေ့ရတာ
ငါးလ ခြောက်လလောက်ပဲ ရှိသေးတာဆိုတော့
ကိုစိုးသစ် အကြောင်းကို ဘာမှမသိဘူး ဖြစ်နေတယ်"

ရိုးသားစွာနှင့် အံထွက်လာသော စကားတွေ
ကြောင့်ပင် သူမအပေါ် ကရုဏာဖြစ်သွားမိသည်။ စိုးသစ်
အကြောင်းကို သူ သိထားသည်။ ဒါတွေကို ပြောပြရင် . . .။

"ကျွန်တော် သိထားတာက စိုးသစ်နဲ့ နိုင်တို့ အရမ်း
ရင်းနှီးတယ်လို့ ထင်နေတာ"

"နိုင်နဲ့ ကိုစိုးသစ် အခြေအနေက ကိုအောင်ခိုင်ထွန်းနဲ့
မတင်မေလွင်တို့ အခြေအနေနဲ့ ဘာမှမဆိုင်ပါဘူး၊
အစုမှ တွေ့ကြရတာလေ၊ ဖေဖေ့ သဘောဆန္ဒ တစ်ခု
တည်းနဲ့ ဆက်ဆံနေရတာ၊ ပြီးတော့ နိုင်တို့နဲ့ ကိုစိုးသစ်
တို့ရဲ့ အခြေအနေချင်းကလည်း အရမ်းကွာ နေတာ
လေ . . ."

စိုးသစ်က ငယ်ပေါင်း . . . မျက်နှာများတတ်သော
သူ။ ငယ်စဉ်ကလည်း မိဘအရှိန်အဝါနှင့် မျက်နှာများသလို၊



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်ကျပြန်တော့လည်း သူ့စီးပွားရေး သူလုပ်ပြီး ထင်တိုင်းကြီးနေသော ယောကျ်ားတစ်ယောက်။ ဒီအကြောင်းတွေကို ပြောပြလိုက်ရင် အခြေအနေပျက်အောင် ခြေထိုးရာရောက်ပေလိမ့်မည်။

◆ ◆ ◆

"ကိုစိုးသစ်အကြောင်း ဘာတွေသိလဲဟင်၊ နိုင့်ကို ပြောပြပါလား"

စိတ်ထဲကနေပြီး မမေးပါစေနှင့်...ဟု ဆုတောင်းနေသော်လည်း သူမက မေးဖြစ်အောင် မေးနေပြီ။

"လူတစ်ယောက်ရဲ့အကြောင်းကို သူ့ကွယ်ရာမှာ ပြောတာဟာ အတင်းအဖျင်းပဲ နိုင်၊ စိုးသစ် ဘာဖြစ်တယ်၊ ဘာလုပ်တယ် ဆိုတာထက် နိုင့်အပေါ် မေတ္တာရှိပြီး နိုင့်အလိုကို လိုက်လျောနေတယ်ဆိုတာကို အကြားတင် မဟုတ်ဘူး၊ မျက်မြင်ပါ ကျွန်တော် တွေ့နေနိုင်တာပဲ၊ ကျွန်တော် ပြောပိုင်ခွင့်ရှိတာ ဒီလောက်ပါပဲ နိုင်"





သူ့အဖြေစကားမှာ စောင့်စည်းမှုတွေ အများကြီးပါနေ၏။ သူ့ကိုယ်သူ မကျေမနပ် ဖြစ်နေမိပြန်၏။

"မပြောချင်လည်း နေပါလေ၊ နိုင်ကအဲ့ နိုင်ပဲပေါ့၊ မိဘစကားကို မဖယ်ရှားချင်တဲ့သားသမီးအဖို့ အားလုံးအတွက် အသင့်ဖြစ်ရမယ်ဆိုတာကို သိပါတယ်၊ ဒါပေမယ့် နိုင် တစ်ခုတော့ မေးကြည့်ချင်တယ်"

"ဘာများ မေးဦးမှာလဲ နိုင်"

"တကယ်လို့များ နိုင်ဟာ မပြောကောင်း မဆိုကောင်း ကိုအောင်ခိုင်ထွန်းရဲ့ ညီမလေးတစ်ယောက် ဖြစ်နေခဲ့မယ်ဆိုရင် စောစောက အဖြေမျိုးပဲ ဖြေမှာလားဟင်"

သူမ စကားတွေက မြားသွားနှယ် နှလုံးသားကို အခံခက်စေ၏။ ခံစားမှုကင်းသော ခန္ဓာကိုယ်ကိုသာ ပိုင်ဆိုင်ခွင့်ရရင် ကောင်းလိမ့်မည် ထင်၏။

သူ ဘာပြန်ပြောရမည်မသိ။ ပြောဖို့စကားတွေ ပျောက်ဆုံးနေတာတော့ အမှန်ပင် ဖြစ်သည်။

"ကိုအောင်ခိုင်ထွန်း မဖြေနိုင်တော့ဘူး မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



အတင်းအကျပ်အကြီး နိုင် မမေးတော့ပါဘူး၊ နိုင်က တစ်ကောင်ကြွက်၊ အမေလည်း ငယ်ငယ်ကတည်းက ဆုံးသွားခဲ့တယ်၊ ဖေဖေ့ကို အားကိုးနေခဲ့ရတာ၊ ဖေဖေ့ ဆန္ဒကို နိုင် မဖယ်ရှားပါဘူး၊ နိုင်စိတ်မကောင်းတာ တစ်ခုပဲရှိတယ်၊ နိုင့်မှာသာ အစ်ကိုတစ်ယောက်ရှိခဲ့ရင် သိပ်ကောင်းမှာပဲ၊ ဖေဖေ့ဆန္ဒကို အချေအတင်ပြောမယ့် သူ ဖြစ်နေမှာပဲ"

"နိုင်ရယ်...ကျွန်တော်"

"ဆောရီး ကိုအောင်ခိုင်ထွန်း၊ နိုင် ဘာတွေလျှောက်ပြောမိမှန်း မသိပါဘူး၊ နိုင်က တစ်ခါ တစ်ခါ ဒီလိုပဲ စိတ်ထဲရှိတာကို ပြောတတ်တယ်၊ လျှောက်လည်း လုပ်တတ်တယ်၊ ကိုအောင်ခိုင်ထွန်းကို ခေါ်ပြီး စိတ်ဆင်းရဲအောင် လုပ်မိသလို ဖြစ်နေပြီ၊ ကဲပါ ... ဒါတွေ ထားလိုက်ပါတော့၊ ဒီက ပြန်တာနဲ့ ကိုအောင်ခိုင်ထွန်းကို နိုင် မုန့်ဝယ်ကျွေးမယ်နော်"

သူ့စိတ်တို့သည် တစ်ခုခုကို မဆုံးဖြတ်နိုင်သလို





ရှု့နှုတ်ခမ်းအစုံတို့သည်လည်း တစ်စုံတစ်ခုကြောင့် လေးလံ ိုင်းမှိုင်းနေဖြစ်ခဲ့၏။ သူ့ရင်မှာတော့ ကရုဏာတရားနှင့် ံယောစဉ်တို့ ငြိစွန်းမိသည်ကိုတော့ အမှန်အတိုင်း ဝန်ခံမိ နေ၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၆)

သူမနှင့် ဘုရားမှာ ဆုံဖြစ်ခြင်းနှင့် စကားတွေ ပြောခဲ့ခြင်းတွေကို တင့်ဝေကို မပြောပြဖြစ်ခဲ့ပေ။

သူမနှင့်လည်း ထပ်မဆုံဖြစ်။

သူမကို နှုတ်မဆက်ဖြစ်ဘဲ ရန်ကုန် ပြန်ဖြစ်ခဲ့သည်။

သူ့ရင်ထဲမှာတော့ သူမနှင့် ပတ်သက်ပြီး အနှောင်အဖွဲ့ ခံရသလိုမျိုးကြီး ဖြစ်နေ၏။

---

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် ရောက်ပြန်တော့လည်း တင်မေလွင့် ရှေ့မှာ ရင်ဖွင့်လို့ မဖြစ်ပြန်။

သူမနှင့် စိုးသစ်တို့ကိစ္စသည် ရက်အတန်ကြာအောင် စိုးမိုးနေခဲ့၏။

ရန်ကုန်ပြန်ရောက်ပြီး တစ်လခွဲလောက် အကြာမှာတော့ သူမနှင့် ပြန်တွေ့ခွင့်ကြုံခဲ့လေ၏။

"ကိုကိုရေ စိုးသစ်ကတော့ အကြီးအကျယ် လူပါးဝလွန်းနေတယ်၊ ဦးလေးက ဘာအကြောင်းမှ သိတာမဟုတ်ဘူး၊ ငြင်းရခက် ရှေ့တိုးရခက် ဖြစ်နေပြီ ကိုကို"

"ဘာတွေများ ဖြစ်ပြန်ပြီလဲ တင်မေလွင်"

"ဖြစ်တာတော့ ပြောမနေနဲ့တော့၊ စိုးသစ်နဲ့ သူ့ဟာမ ရန်ကုန် ရောက်နေကြတယ်"

သူမ အကြောင်းပါ, ပါလာတော့ သူသိချင်သွား၏။

"ဘာလဲ စိုးသစ်နဲ့ နိုင်နိုင်ဝေတို့ မင်္ဂလာဆောင်ကြတော့မလို့လား"

"မင်္ဂလာဆောင်တာ မဆောင်တာထက် တင်မေလွင်ကို မခံချင်အောင် တမင်လာလုပ်တာ"





ဦးလေးဝင့်နိုင်ပါ စကားထဲမှာ ပါနေတော့ ပိုလို့ တ်ဝင်စားသွား၏။

"အဖြစ်အပျက်ကို အသေအချာ ပြောပြပါဦး တင်မေလွင်"

"ဒီလို ကိုကိုရေ... စိုးသစ်က ပညာပေးဇာတ်လမ်းကားတစ်ကားရိုက်ဖို့ ဦးလေးဝင့်နိုင်ဆီမှာ အလုပ်လာအပ်တယ်၊ ဦးလေးကလည်း တစ်နယ်တည်းသားချင်းဆိုပြီး ဇာတ်ကို လက်ခံလိုက်တယ်၊ ရိုက်ရမှာကလည်း အားချင်းပဲ၊ ခက်တာက ဇာတ်လမ်းထဲမှာ မင်းသမီးနှစ်လက် ပါနေတယ်၊ မင်းသားကို နာမည်ကြီးတစ်ယောက်ငှားပြီး မင်းသမီးနှစ်ယောက်နေရာမှာ တင်မေလွင်နဲ့ သူ့ဟာမကို တင်ရိုက်မှာတဲ့၊ ဦးလေးကတော့ သဘောတူလက်ခံလိုက်ပြီ"

တင်မေလွင်ကတော့ စိုးသစ် ကောင်းမှုကြောင့် ရှုပ်ဆောင်ခွင့်ရ၏။

ခက်တာက နိုင်နိုင်ဝေက ကန့်လန့်ပါလာ၏။

"ဘာဖြစ်လဲ တင်မေလွင်ရာ၊ သူက တင်မေလွင်



www.burmeseclassic.com

www.burmeseclassic.com



လောက်မှ အတွေ့အကြုံမရှိတာ၊ ကိုယ်က အသက်ကြီး...
ဥစ္စာ"

"ဓာတ်လမ်းအရဆိုရင်တော့ ဓာတ်လိုက်မင်းသမီးနေ...
မှာ နိုင်နိုင်ဝေကို စိုးသစ်က ထားချင်တာ၊ တင်မေလွင်...
ဓာတ်ပို့နေရာမှာ နေရမှာ ကိုကို"

စိုးသစ်က အကုန်ကျခံပြီး ရိုက်မည့်သူ။ စိုးသ...
ထင်သလို လုပ်ခွင့်ကို ဦးလေးဝင့်နိုင်ကရော အသာတကြည်...
လက်ခံလိုက်ပြီလား။

"နေပါဦး တင်မေလွင်၊ စိုးသစ်ပြောသမျှကို ဦးလေး...
ခေါင်းညိတ်လက်ခံလို့လား"

"ဦးလေးကတော့ အစိက မင်းသမီးနေရာမှာ နိုင်နိုင်...
ကို ထားချင်ပုံ မရဘူး၊ သန်ဘက်ခါကျရင် ဓာတ်လ...
ထဲက ဓာတ်ရုပ်အတိုင်း လုပ်နိုင် မလုပ်နိုင် ဦးလေး...
စမ်းကြည့်မယ်တဲ့"

"ဘာမှစိတ်ပူမနေနဲ့ တင်မေလွင်၊ စိုးသစ် လုပ်ချ...
သလို လုပ်ဖြစ်မှာ မဟုတ်ပါဘူး"

"ဘာပဲပြောပြော ပထမဆုံး သရုပ်ဆောင်ခွင့်ရ...





အခွင့်အရေးမှာ စိတ်အနှောင့်အယှက်ကြီးနဲ့ဆိုတော့
လုပ်တိုင်းဖြစ်မယ် မထင်ဘူး၊ တင်မေလွင်တော့ ဖျက်လို့
ရရင် ဖျက်လိုက်ချင်တယ် ကိုကို"

"ဒီလိုတော့ မလုပ်နဲ့ တင်မေလွင်၊ ဦးလေးဝင့်နိုင်
စိတ်ဆိုးသွားလိမ့်မယ်၊ တင်မေလွင် ဝင်ရိုက်လိုက်ပါ၊
ကိုကိုလည်း ဦးလေးဝင့်နိုင်ကို အကျိုးအကြောင်း
ပြောပြပါဦးမယ်၊ အစမ်းသရုပ်ဆောင်ခိုင်းတဲ့နေ့မှာလည်း
ကိုကို သွားကြည့်လိုက်ပါဦးမယ်"

"တင်မေလွင်ကတော့ လုံးဝ သွားမကြည့်ဘူး ကိုကို၊
အဲဒီမိန်းမနဲ့ စိုးသစ်ကို မျက်နှာကြော လုံးဝမတည့်ဘူး၊
ကျေလည်း မကျေနပ်နိုင်ဘူး"

တင်မေလွင် အခံခက်မည်ဆိုရင် အခံရခက်
...ဘက်ပေသည်။

စိုးသစ် တစ်ယောက် ဘာရည်ရွယ်ချက်နှင့်
...ယ်လိုခြေလှမ်းတွေ လှမ်းလာပြန်သည် မသိပေ။

စိုးသစ်ကိုတော့ သတိကောင်းကောင်းထားပြီး
...က်ဆံမှ ဖြစ်ပေတော့မည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



အစမ်း သရုပ်ဆောင်ခိုင်းမည့် မနက်ခင်းမှာ ဦးလေးဝင့်နိုင် အိမ်သို့ သူ ရောက်သွားခဲ့သည်။

သူရောက်သွားတော့ ဦးလေးဝင့်နိုင်တစ်ယောက် အပြင်သွားဖို့ ပြင်ဆင်နေ၏။

စိုးသစ်တို့နှင့် ချိန်းထားသည့်နေရာသို့ ဦးလေးဝင့်နိုင်နှင့်အတူ ထွက်လာခဲ့သည်။

လမ်းခရီးမှာပင် တင်မေလွင်၏ စိတ်ခံစားမှု အခြေအနေ၊ စိုးသစ်နှင့် သူတို့အခြေအနေ၊ ပြီးတော့ စိုးသစ် နှင့် နိုင်နိုင်ဝေတို့ အကြောင်းများကို မခြွင်းမချန် အသိပေး လိုက်မိသည်။

"မင်းပြောပြတဲ့ အချက်အလက်တွေ ကြားလိုက်ရ ငါ့အတွက် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလို့ရသွားပြီ ငါ့တူ"

"ဦးလေးက ဘယ်လိုဆုံးဖြတ်ချက်မျိုး ချမှာမို့လို့လဲ"

"ပြီးရင် ငါပြောပြမယ်၊ စိုးသစ်ပြောတဲ့ နိုင်နိုင်ဝေကို ငါ မမြင်ဖူးဘူး၊ ဒါက အရေးမကြီးဘူး၊ တင်မေလွင် အတွက်တော့ ငါ့ ဆုံးဖြတ်ချက်က အကောင်းဆုံး





ဖြစ်မှာပါ၊ ဇာတ်လမ်းကို ငါဖတ်ပြီးပြီ၊ ဇာတ်က မင်းသမီးနှစ်လက် အပြိုင်ဇာတ်ပါ"

ဦးလေးဝင့်နိုင်ကတော့ ဘာတွေစိတ်ကူးပြီး ဘာဆုံးဖြတ်ချက်တွေ ချသည်တော့ မသိ။

ဒီပုံစံအတိုင်းဆိုရင်တော့ ဇာတ်လိုက်မင်းသမီး နေရာမှာ တင်မေလွင်ရမှာ သေချာသွားပြီ။

သူမ တစ်ယောက်ကတော့ အကုသိုလ်နည်းစွာ ဖြင့် စိုးသစ်၏ ပစ်ကွင်းထဲသို့ မျက်စိသူငယ်နှင့် ဝင်ရောက် လာသော သားကောင်လို ဖြစ်ရတော့မည်။

သူနှင့်ဦးလေးဝင့်နိုင်တို့ ရောက်သွားချိန်မှာတော့ သူမရော စိုးသစ်ပါ အသင့်စောင့်နေကြ၏။

သူမကို လှမ်းမြင်လိုက်သည်နှင့် ဦးလေးဝင်းနိုင်က ချက်ချင်း ကောက်ချက်ချလိုက်၏။

"အခုလိုကြည့်ရတာတော့ နိုင်နိုင်ဝေက မင်းသမီး ရုပ်ပဲ၊ ရုပ်ရည်ရော အရုပ်အမောင်းရော ကိုယ်လုံး ကိုယ်ပေါက်ပါ တင်မေလွင်ထက် သာတာ အမှန်ပဲကွ"

ဒီပုံစံအတိုင်း ဆိုရင်တော့ တင်မေလွင်ကို ပိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်နိုင်ဖို့ စိုးသစ်က သူမကို မင်းသမီးအဖြစ် တင်ရိုက်ခြင်းမှာ သေချာသွားပြီ။

ဦးလေးခိုင်းသမျှကို သူမ လုပ်ရရှာသည်။ ဦးလေးကလည်း တော်တော်လေးကို လုပ်ချင်ရာတွေ လုပ်ခိုင်း၏။ ပထမပိုင်းမှာ လူတွေရှေ့မှာမို့ တော်တော်လေး မှားမှားယွင်းယွင်းတွေ ဖြစ်သည်။ နောက်ပိုင်းကျတော့ ဦးလေးခိုင်းသမျှကို သူမ လိုက်လုပ်နိုင်ခဲ့၏။

အားလုံးပြီးတော့ ဦးလေးနှင့် စိုးသစ်တို့ စကားပြောကြသည်။ သူရပ်နေရာသို့ သူမ ရောက်လာပြီး စကားပြော၏။

"မတင်မလွှင်ရော မပါဘူးလား ကိုအောင်ခိုင်ထွန်း"

သူမ အမေးကို မှုသားမကင်းစွာဖြင့် ပြောလိုက်ရသည်။

"ဟုတ်တယ် နိုင် ... တင်မလွှင် မအားတာနဲ့ လိုက်မလာတာလေ၊ ကျွန်တော်ကတော့ နိုင့်ကို အားပေးချင်တာနဲ့ တမင်လာခဲ့တာ"

"မြှောက်ပြော မနေပါနဲ့ ကိုအောင်ခိုင်ထွန်းရယ် ..."





ကိုစိုးသစ်က ဘာတွေလျှောက်လုပ်မှန်းမသိပါဘူး၊ ဖေဖေကလည်း အတင်းအကျပ်ကြီးခိုင်းစေလို့ လုပ်ရတာပါနော်၊ နိုင်က မတင်မလွှင်နဲ့ အတူတူ သရုပ်ဆောင်ရမှာ ဟုတ်လားဟင်"

"ဟုတ်တယ် နိုင်၊ အခုတော့ ပိုပြီးတော့များ ချီးမွမ်းမလား မသိဘူး၊ ဘာမှ မနိုင်းရခင် စ,တွေ့တွေ့ချင်းမှာ မင်းသမီးဖြစ်နိုင်တဲ့ ရုပ်ပဲလို့ ဦးလေးက ချီးမွမ်းတာ"

"တော်ပါတော့ ကိုအောင်ခိုင်ထွန်းရယ်၊ ဒီမှာ နိုင်က ရှက်ရှက်နဲ့ ဘာတွေလုပ်မိလို့ လုပ်မိမှန်းတောင် မသိပါဘူး"

သူမ အခြေအနေက တကယ့်ကို ရိုးရိုးသားသား သူမနှင့်တွဲပြီး သရုပ်ဆောင်ရမည်ကို တင်မလွှင်က ညစ်ညျူးနေသလောက် သူမကတော့ အရှိုးခံစိတ်ဖြင့် နပ်ပုံရသည်။

"အောင်ခိုင်ထွန်းရေ ငါတို့ကို ပြန်ခွင့်ပြုဦး၊ သိပ်မကြာခင် ရက်တွေမှာ ရိုက်ကွင်းမှာပဲ ငါတို့ ထပ်ဆုံကြတာပေါ့"

စိုးသစ်ကတော့ အောင်ပွဲရ စစ်သူကြီးပမာ အမှု



www.burmeseclassic.com

www.burmeseclassic.com



အရာနှင့်ရော စကားလုံးနှင့်ပါ သူ့ကို ရိုပါးသွား၏။ တင်
လွင်သာ ပါလာခဲ့ရင်တော့ တော်တော်အခံခက်မှာ
နေ၏။ စိုးသစ်တို့နှင့် လမ်းခွဲလိုက်သည်နှင့် ဦးလေး ဝင့်နိုင်
မထင်မှတ်ဘဲ ပြောချလိုက်သည်။

"ငါတော့ နိုင်နိုင်ဝေကို ပထမ မင်းသမီးနေရာ
ထားလိုက်ပြီ၊ တင်မေလွင်ကိုတော့ ဇာတ်ပို့ မင်း
နေရာမှာ ထားလိုက်ပြီ ငါ့တူရေ"

ဦးလေးဝင့်နိုင်၏ ဆုံးဖြတ်ချက်က အခုမှ
သွားတာတော့ မဖြစ်နိုင်။ သူမကို ဘာကြောင့် ရွေးချယ်
သနည်း။ အခြေအနေအားလုံးကို ပြောပြထားလျက် တင်
လွင်ကို ဦးစားပေး မရွေးချယ်ခဲ့ပေ။

"ကျွန်တော် နားမလည်ဘူး ဦးလေး၊ နိုင်နိုင်
မတွေ့ခင်ကတည်းက ဒီဆုံးဖြတ်ချက်ကို ချခဲ့တာ
ဒါမှမဟုတ် တွေ့ပြီးမှ ပြင်လိုက်တာများလား"

"မတွေ့ခင်ကတည်းက ချထားတာ ငါ့တူ၊
တချို့ကိစ္စတွေက ပြောရတာခက်တာ၊ ငါ့ဆုံးဖြတ်
က အားလုံးအတွက် မှန်နေတယ်"





"အားလုံးအတွက် ဟုတ်လား ဦးလေး"

"ဟုတ်တယ်လေ၊ မင်းကို ငါ ပြောပြီးပါပြီ၊ ဇာတ်က အပြိုင်ပါလို့၊ တင်မေလွင့်ကို ဇာတ်ပို့ မင်းသမီးနေရာ ထားလိုက်ရင် မခံချင်စိတ်နဲ့ ပိုသရုပ်ပီပြင်လာမယ်၊ တင်မေလွင်ကိုတော့ ဒီအကြောင်း အခုမပြောနဲ့၊ ပြီးမှ ပြောပြ၊ တစ်ခုထူးတာက ဇာတ်လမ်းထဲက ဇာတ်ရုပ်နဲ့ နိုင်နိုင်ဝေက သွားကိုက်နေတယ်၊ နိုင်နိုင်ဝေက ဇာတ်ထဲမှာ ရိုးရိုးအေးအေးနေရုံမှာ၊ တင်မေလွင်က ခပ်လှုပ်လှုပ် ဇာတ်ရုပ်၊ တကယ်လုပ်ရင် တင်မေလွင့်နေရာက အကောင်းဆုံးပဲ၊ နိုင်နိုင်ဝေက အစိမ်းသက်သက်ဆိုပေမယ့် အလားအလာတော့ ရှိတယ်၊ သူ့မှာ အနုပညာနဲ့ အလှမ်းမဝေးတဲ့စိတ် ရှိနေတယ် ငါ့တူ၊ ပြောလို့မရဘူး၊ ဒီဇာတ်လမ်းကို လွှင့်လိုက်လို့ တင်မေလွင်ကို လူသိသွားသလိုပဲ၊ နိုင်နိုင်ဝေကိုလည်း လူတွေသဘောကျရင် ကျသွားနိုင်တယ်"

ဦးလေးဝင့်နိုင် ရှင်းပြတော့မှ သူ ဇာတ်ရည်
ည်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်ပတ်သက်ပြီး ဦးလေးမှတ်ချက်ပေးခြင်း များကိုတော့ တင်မေလွင် သိလို့မဖြစ်ပေ။

တင်မေလွင်နှင့် သူမတို့နှစ်ယောက်ကတော့ ရိုက်ကွင်းပေါ်မှာ ဆုံတွေ့ကြရတော့မည်ပဲ။

ဦးလေးဝင့်နိုင်၏ ဆုံးဖြတ်ချက်ကို ကြားရရင် တင်မေလွင် အခံခက်မှာ သေချာနေ၏။

◆ ◆ ◆

(၁၇)

စိုးသစ်၏ စိန်ခေါ်မှုအတိုင်းပင် ရိုက်ကွင်းပေါ်မှာ နိုင်နိုင်ဝေနှင့် တင်မေလွင်တို့ မျက်နှာချင်းဆိုင် ဆုံဖြစ်သလို၊ သူနှင့် စိုးသစ်တို့လည်း ဆုံဖြစ်ခဲ့ကြသည်။ တင်မေလွင်ကိုတော့ ရိုက်ကွင်းတစ်လျှောက်လုံး သူထိန်းခဲ့ရ၏။

တင်မေလွင်အဖို့ မျက်နှာမှာ ဟန်ဆောင်ပြုံးနေရသော်လည်း စိတ်ထဲမှာတော့ အတော်ခံပြင်းပုံရ၏။ ဦးလေးဝင့်နိုင် တွက်ထားသည့်အတိုင်းပင်။ တင်မေလွင်၏ သရုပ်ဆောင်မှုများက အတော်လေးကို ပိပိပြင်ပြင်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမကိုတော့ ဦးလေးဝင့်နိုင်က စိတ်ရှည်စွာဖြင့် သင်ကြားပြသပေးသည်။ သူမအနေနှင့်လည်း ကျရာဇာတ်ရုပ်အတိုင်း ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့၏။ သူမနှင့် တင်မေလွင်ကို အလေးသာပေးကြစတမ်း ဆိုရင်တော့ သူ့မဲတွေက တင်မေလွင်ထံမှာသာ အလေးသာနေ၏။

ဇာတ်လမ်းတစ်ခုလုံး ရိုက်ပြီးတော့မှ သက်ပြင်းချနိုင်ခဲ့သည်။ ရိုက်ကွင်းမှအပြန် အခန်းရောက်တော့မှ ဦးလေးဝင့်နိုင်၏ အစီအစဉ်များကို သူမဖွင့်ပြောပြလိုက်သည်။

"ကိုကိုက ဦးလေးပြောခဲ့တာကို အစောကြီးကတည်းက ပြောထားရင်ပြီးရော"

"ကိုကိုပြောပြထားရင် တင်မေလွင် ဒီလောက် သရုပ်ဆောင်ပီပြင်မှာ မဟုတ်ဘူး၊ နိုင်နိုင်ဝေ့အပေါ် မခံချင်စိတ်နဲ့ သရုပ်ဆောင်တော့ ပိုပြီး ပီပြင်သွားတာပေါ့၊ ဒီနေ့ ဦးလေးပြောတာကြားတယ် မဟုတ်လား၊ တင်မေလွင် မင်းသမီး ဖြစ်ပြီဆိုတာလေ"

"ပြောသာပြောရတာ၊ နိုင်နိုင်ဝေက အစိမ်းသက်သက်ဆိုပေမယ့် သရုပ်ဆောင်တော့ မဆိုးဘူးနော်"





တင်မေလွင် တစ်ယောက် ဘာစိတ်ကူးပေါက်ည် မသိ။ သူမ အပေါ် အကောင်းမြင်ပြီး ချီးမွမ်းစကားဘ်လေ၏။

"တကယ်ဆို တင်မေလွင်အနေနဲ့ စိုးသစ်ကိုပဲ ပစ်မှတ်ထားရမှာ၊ နိုင်နိုင်ဝေက ကိုကို့ အမြင်မှာတော့ အဖြူသက်သက်ပဲ"

"ကိုကို ဘာသိလို့လဲ ... သူက ရိုက်ကွင်းမှာ တလေးတစား ခေါ်ခေါ်ပြောပြော ဆက်ဆံတာက တင်မေလွင့်ခွင်ထဲကို ရောက်နေလို့ မတတ်သာလို့ အောက်ကျို့ဆက်ဆံမှန်း သိနေတာပဲ"

တင်မေလွင့် စိတ်ကိုတော့ ခန့်မှန်းရခက်သွားည်။

အခုချက်ချင်းပင် အပြောင်းအလဲဖြစ်ပြီး သူမပေါ် မကောင်းမြင်ပြန်လေ၏။

သူမကို ချီးမွမ်းခန်း ဆက်ဖွင့်နေလို့ မဖြစ်ပေ။ င်မေလွင်နှင့်တော့ စကားစစ်ထိုးဖို့ သူ့မှာ အစီအစဉ်မရှိ။

"ဒါတွေ ထားလိုက်ပါကွာ၊ ကိုယ့်အတွက် အမြင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့တာတွေပဲ ပြန်တွေးပြီး ဖြေလိုက်ပါ၊ စိတ်ချမ်းသာစရာကိုပဲ တွေး၊ ကိုယ့်အလုပ်ကို ဂရုစိုက်ပြီး လုပ်နေတာကိုက ရန်တော်တော်များများကို တစ်ဝက်နှိမ်နင်းပြီးသား ဖြစ်နေတတ်တာတဲ့ တင်မေလွင်"

"ကိုကိုနဲ့ ပတ်သက်ပြီး နိုင်နိုင်ဝေ့အပေါ် တင်မေလွင် မကျေနပ်တာတွေရှိတယ်"

ပြောနေရင်းကပင် သူ့ဆီသို့ မြားဦးလည်လာတော့၏။

"ဘာများ မကျေနပ်တာလဲ တင်မေလွင်"

"ရိုက်ကွင်းတောက်လျှောက်မှာ နိုင်နိုင်ဝေ ဆက်ဆံတာလိုတာထက် ပိုနေတယ်၊ အဲဒီကိစ္စ မကျေနပ်တာပဲ"

သူ့ အနေအထိုင်၊ အပြောအဆို တတ်နိုင်သရွေ့တော့ သူ ဆင်ခြင်ခဲ့၏။ ရိုက်ကွင်းပေါ်မှာ တင်မေလွင်တစ်ယောက်တည်းကို ဂရုစိုက်နေရတာ မဟုတ်။ စိုးသစ်ကိုလည်း ဂရုစိုက်ရသေး၏။ ဒီကြားထဲမှာ တင်မေလွင်က ရိပ်မိနေသည်ဆိုတော့ သူ ပြောရဆိုရ ခက်သွားတာ အမှန်ပဲ။

အကြာကြီး စဉ်းစားမနေဘဲ အဆင်ပြေအောင် ကြည့်ပြောလိုက်ရ၏။





"ဒါကတော့ တင်မေလွင်ရယ်၊ ရှည်လည်းလျှောက်သာ ပျားလည်း စွဲသာဆိုတဲ့ စကားပုံလိုပေါ့၊ အေးအေးဆေးဆေးနဲ့ ပြဿနာမဖြစ်ဘဲ အားလုံးစိတ်ချမ်းသာရအောင် နေပေးထိုင်ပေးရတာပါ၊ ကိုကို့ကိုတော့ အမြင်မဆောင်းပါနဲ့ တင်မေလွင်ရာ"

"နိုင်နိုင်ဝေက မလွယ်ဘူး၊ ကိုကို့ကို ခေါ်တာပြောတာက အရမ်း ရင်းနှီးနေသလိုပဲ၊ ဒါပဲနော် ကိုကို၊ တင်မေလွင့်ကွယ်ရာမှာတော့ အခေါ်အပြော သိပ်မလုပ်မိစေနဲ့ဦး၊ စိုးသစ်လို လူလည်ကိုတောင် သူက ဆွဲဆောင်ထားနိုင်သေးတာ၊ ကိုကို့လိုလူမျိုးဆိုရင် အသာလေးပဲနေမှာ"

မဟုတ်ဘူး တင်မေလွင် နားလည်မှု လွဲနေတာ...ဟု ပြောချင်သော်လည်း ရင်ထဲမှာပင် ကွယ်ပျောက်သွားရပြန်၏။

မပြောကောင်းသောကိစ္စ၊ မပြောသင့်သောစကားကို မျိုသိပ်ထားလိုက်တာက အကောင်းဆုံးဖြစ်၏။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



တင်မေလွင်တို့ ရိုက်ကွင်း ပြီးဆုံးပြီးနောက် နှစ်ရက်မြောက်သောနေ့တွင် ဦးလေးဝင့်နိုင်အိမ်သို့ သူ ရောက်ခဲ့သည်။

အိမ်ပေါ်သို့ သူ လှမ်းတက်လိုက်သည်နှင့်…

"မင်း ရောက်လာတာနဲ့ အတော်ပဲ အောင်ခိုင်ထွန်း၊ ဒီမှာ နိုင်နိုင်ဝေ ရောက်နေတယ်"

သူမနှင့် ဆုံရလိမ့်မည်ဟု မျှော်လင့်မထားခဲ့သောကြောင့် ဝမ်းသာသွားမိသည်။

"နိုင် … မပြန်သေးဘူးလား"

"မနက်ဖြန် ပြန်ဖြစ်မှာ ကိုအောင်ခိုင်ထွန်း၊ အဲဒါ တင်မေလွင့်ကို နှုတ်ဆက်ချင်တာနဲ့ ဆရာ့ဆီ လာခဲ့တာလေ"

"ဒီလို အောင်ခိုင်ထွန်းရေ၊ တင်မေလွင့် လိပ်စာကို မသိလို့ ငါ့ဆီ လာမေးတာ၊ မင်းပဲ လိုက်ပို့ပေးလိုက်ကွာ"

သူ့စိတ်ထဲမှာ ဒီစကားကို ဘဝင်မကျချင်။ တင်မေလွင့် တိုက်ခန်းလိပ်စာကို စိုးသစ် သိ





သည်ပဲ။ ဦးလေးဝင့်နိုင်က အကြောင်းသိဖြစ်ပြီး သူနှင့် နှုန်းထိုးထည့်ပေးနေပြန်သည်။

"ဒီလိုလုပ်ပါလား ဦးလေး၊ တင်မေလွင့်ဆီကို ဦးလေး ပါ လိုက်ခဲ့လေ၊ အပြန်ကျရင် ဦးလေးကို ကျွန်တော် ဘီယာ တိုက်ချင်လို့ပါ၊ ဦးလေးနဲ့ စကားအေးအေး ဆေးဆေး မပြောရတာကြာပြီ မဟုတ်လား"

သူနှင့် ဦးလေးဝင့်နိုင်တို့သာ သိနိုင်သော ဘာသာ စကားကို သူမ နားလည်လိမ့်မည် မဟုတ်ပေ။ နောက်ဆုံးမှာ တော့ တင်မေလွင့်ဆီသို့ ဦးလေးဝင့်နိုင်ပါ လိုက်ဖို့ သဘော တူလိုက်၏။

"ဒါဆိုလည်း ပြီးရောကွာ၊ ငါ့ကိုတော့ မင်း ဘီယာ တကယ်တိုက်မှ ဖြစ်မှာနော်"

ဦးလေးဝင့်နိုင်နှင့် သဘောတူညီမှု ရယူပြီး သူတို့သုံးယောက် တင်မေလွင်ဆီ ထွက်လာခဲ့ကြသည်။ အိမ်ရောက်တော့ တင်မေလွင့်ဆီ နှုတ်ဆက်ခြင်းနှင့် ပတ်သက် ပြီး သူမကို တီးခေါက်ကြည့်မိသည်။

"ဒါနဲ့ နေပါဦး နိုင်၊ စိုးသစ်က ဘာလို့ လိုက်မပို့ ပေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူလည်း အလုပ်မအားဘူး ထင်ပါတယ်၊ နိုင့်သဘောနဲ့ နိုင် မတင်မေလွှင်ကို နှုတ်ဆက်ချင်တာနဲ့ ထွက်လာခဲ့တာလေ"

သူမအဖို့ စကားလှအောင် ပြောခြင်းဆိုတာကို သူသဘောပေါက်လိုက်သည်။ တင်မေလွှင်ဆီသွားသို့ စိုးသစ်က သဘောတူမှာ မဟုတ်ပေ။

◆ ◆ ◆

"ဟယ်...ဦးးလေးတို့ပါလား"

သူတို့သုံးယောက်ကို တွေ့လိုက်သောကြောင့် တင်မေလွှင်လည်း အံ့ဩသွားပုံရသည်။ သူကတော့ စကားအများ မပါအောင် နှုတ်ဆိတ်နေ၏။ ဦးလေးဝင့်နိုင်ကသာ ရောက်လာရခြင်း အကြောင်းကိစ္စကို ရှင်းပြလေ၏။

"ဒီလို တင်မေလွှင်ရေ...ငါ့အိမ်ကို နိုင်နိုင်ဝေက အရင်ရောက်လာတယ်၊ နင့်ကို နှုတ်ဆက်ချင်လို့တဲ့၊ နင့်လိပ်စာကို လာမေးတာ၊ အဲဒီအချိန်မှာ အောင်ခိုင်ထွန်းက





လည်း ရောက်လာတာ၊ ပထမတော့ နိုင်နိုင်ဝေကို အောင်ခိုင်ထွန်းနဲ့ ထည့်ပေးလိုက်ဦးမလို့ပဲ၊ အောင်ခိုင်ထွန်းက ဘီယာတိုက်မယ်ဆိုတာနဲ့ ငါပါ လိုက်လာခဲ့တာ"

တင်မေလွှင်ကတော့ တကယ့်ကို လူမှုဆက်ဆံရေး ကျွမ်းကျင်သူဖြစ်၏။ အိမ်ကိုရောက်လာသော ဧည့်သည်ကိုတော့ ရင်ထဲက မပါသော နွေးထွေးမှုများနှင့် ဧည့်ခံလေ၏။

"နိုင်နိုင့်ဝေက ပြန်တော့မှာပေါ့ ဟုတ်လား"

"ဟုတ်တယ် မတင်မေလွှင်၊ နိုင်က အလုပ်တစ်ဖက်နဲ့လေ၊ ဒီကားကို ရိုက်ရတာကလည်း ကိုစိုးသစ်နဲ့ ဖေဖေတို့ အတင်းတိုက်တွန်းလို့ပါ၊ မတင်မေလွှင်ကို နှုတ်ဆက်ချင်တာရယ် ... ပြီးတော့ လေးစားတာရယ်ကြောင့် အေးအေးဆေးဆေး စကားပြောဖို့ လာခဲ့တာ"

"နိုင် ဆက်ကြိုးစားပါလား၊ နိုင်လည်း မင်းသမီးဖြစ်နိုင်ခြေရှိပါတယ်"

"ဒီလောက်ဆိုရင်ပဲ တော်လောက်ပါပြီ မတင်မေလွှင်



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ နိုင် ကားသာရိုက်တာ သေသေချာချာ မသိ
တကယ်တမ်းရိုက်တော့ နိုင်က မင်းသမီးနေရာ၊ မ
မေလွင်က ဇာတ်ပို့မင်းသမီး နေရာမှန်း သိရတာ၊
အားနာလိုက်တာ၊ ဒီမှာတင် မတင်မေလွင်ရဲ့ အနုပ
ကို လေးစားသွားတာ၊ ဒါရိုက်တာက ရွေးချယ်ပေး
ကိုယ်ကျတဲ့ဇာတ်ရုပ်ကို ဘယ်သဘောမှ မထား
သရုပ်ဆောင်သွားတဲ့ အတွက်လေ"

"ကျေးဇူးတင်ပါတယ် နိုင်"

သူရော ဦးလေးဝင့်နိုင်ပါ အကြောင်းအရာတွေ
သိနေတော့ ဒီစကားဝိုင်းကွာ အသက်ပါမှာ မဟုတ်တော့
သူ့အတိုင်း လွှတ်ပေးထားတာ အကောင်းဆုံးဟု ဦးလေးဝင့်
ယူဆပုံရသည်။

"ကဲ...နင်တို့အချင်းချင်း ချီးမွမ်းစကား ကျေးဇူးတ
စကားတွေပြောပြီး ကျန်ရစ်ခဲ့ပေတော့၊ ငါနဲ့ အော
နိုင်ထွန်းကတော့ ဘီယာဆိုင်ကို ချီတက်တော့မယ်
နိုင်နိုင်ဝေက ဒီကပြန်လို့ ဖြစ်တယ် မဟုတ်လား"

"ရပါတယ် ဆရာ၊ နိုင့်ဘာသာနိုင် ပြန်တတ်ပါတယ်





ဆရာတို့ သွားစရာရှိတာကို သွားပါ၊ နိုင်တော့ မတင်ဇမေလွင်နဲ့ စကားပြောရင်း ကျန်နေခဲ့ပါမယ်"

"ဒီလိုဆိုရင်တော့ သွားကြဦးမယ်လေ၊ သူတို့မိန်းမချင်း စကားပြောတဲ့နေရာမှာ ကျွန်တော်တို့ ရှိမနေတာ အကောင်းဆုံးပဲ"

သူ့စကားကို မကျေမနပ်ဟန်ဖြင့် တင်မေလွင် မျက်စောင်းထိုး၏။

တင်မေလွင် ရှေ့မှာမို့ သူမကို နှုတ်မဆက် ဖြစ်ခဲ့ပေ။


သူမကလည်း အလိုက်သိစွာဖြင့် မသိလိုက် ဘာသာ နေပြခဲ့လေ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၁၈)

တင်မေလွင်တို့ ပါဝင်သရုပ်ဆောင်သော 'မိုးမြေမေတ္တာ' ဇာတ်လမ်း တီဗွီမှ လွှင့်သွားသည်။ တင်မေလွင်ကို စရိုသတ် အားပေးသလို သူမကိုလည်း သတိထားဖြစ်ခဲ့ကြသည်။

ဦးလေးဝင့်နိုင်ကတော့ တင်မေလွင်ကို မင်းသမီးဖြစ်ပြီဟု ကြွေးကြော်လက်ခမောင်းခတ်သည်။ ပြီးတော့ သူမကိုလည်း မင်းသမီးဖြစ်စေချင်သည့်ဆန္ဒ ဦးလေးဝင့်နိုင်မှာ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးမြေမေတ္တာကိုကြည့်ပြီး ကုမ္ပဏီတွေက တင်မေလွှင် ကို လိုလိုလားလား ရှိကြတယ်၊ ဗီဒီယို စ,ရိုက်ဖြစ်မယ် ထင်တယ်၊ တင်မေလွှင်တော့ တကယ် မင်းသမီး ဖြစ်သွားပြီ အောင်ခိုင်ထွန်း၊ ငါ သင်ပေးရကျိုးနပ် တယ်"

"သူ မင်းသမီးဖြစ်မှပဲ ဦးလေး၊ ကျွန်တော် ကျောင်းပြီး တာတောင် အိမ်မပြန်နိုင်ဘဲ ဒီမှာနေရတာ၊ ကျွန်တော် လည်း အပင်ပန်းခံရကျိုးနပ်ပါတယ်"

"မင်းကတော့ မင်းသမီးရဲ့ချစ်သူကနေ မင်းသမီး ယောကျ်ားအဖြစ် အဆင့်တိုးဖို့ပဲ ကျန်တော့တယ်"

"ဒါကတော့ တင်မေလွှင့်သဘော တင်မေလွှင့်ဆန္ဒပါပဲ နောက်ထပ်သုံးလေးနှစ်လောက်တော့ ကျွန်တော် ထ စောင့်ရလိမ့်ဦးမယ် ထင်တယ်"

"ဒါနဲ့ စိုးသစ် ငါ့ဆီ ရောက်လာတယ်၊ နိုင်နိုင်ဝေက တစ်ကားရိုက်ပြီး လူနည်းနည်းသိသွားတယ်၊ နိုင်နိုင်ဝေ က ဒီသရုပ်ဆောင်လုပ်ငန်းကို စိတ်မဝင်စားပေမယ့် စိုးသစ်ကတော့ မင်းသမီး အရမ်းဖြစ်စေချင်တဲ့ သဘော





ပဲ၊ ငါ့အနေနဲ့ကလည်း နိုင်နိုင်ဝေသာ တကယ်စိတ်ပါရင် တော့ လုပ်ပေးဖို့ အသင့်ပဲ၊ စိုးသစ်ကိုတော့ စကားလှ အောင် ငါ ကြည့်ပြောလိုက်တယ်၊ စိုးသစ်ကတော့ ဂျာနယ်တွေ ... မဂ္ဂဇင်းတွေမှာ ... သူ့အစီအစဉ်နဲ့သူ နိုင်နိုင်ဝေ့အကြောင်းကို ဖွဖို့လုပ်နေပြီ အောင်ခိုင်ထွန်း"

စိုးသစ်ခြေလှမ်းကို သူသိသည်။ တင်မေလွှင် အပေါ် အာဃာတစိတ်ဖြင့် သူမကို မင်းသမီးဖြစ်စေချင် နေ၏။ တကယ်တမ်းမှာလည်း သူမသာ မင်းသမီးလုပ်ဖို့ အစီအစဉ်ရှိပါက တင်မေလွှင်ကို ကျော်တက်သွားမှာ သေချာ သလောက် ရှိနေသည်။ ဒီအကြောင်းကို သူလိုလူမျိုးကတောင် ရိပ်စားမိပြီဆိုမှတော့ စိုးသစ်ကတော့ ဆိုဖွယ်ရာမရှိတော့ပေ။

"ကာယကံရှင် လုပ်ချင်ရင်တော့ တစ်မျိုးပေါ့ ဦးလေး၊ အခုကိစ္စမှာက နိုင့်အနေနဲ့ ဆန္ဒနည်းပြီး စိုးသစ်ဆန္ဒက များနေတာ၊ စိုးသစ်နဲ့ နိုင် စေ့စပ်ထားသလိုမျိုး ဖြစ် နေတယ် ဆိုတာကို ဦးလေး သိတယ်နော်"

"ငါ သိတယ်၊ ငါ့အနေနဲ့ကတော့ နိုင်နိုင်ဝေသာ



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒရှိရင် မင်းသမီးဖြစ်စေချင်တာ အမှန်ပဲ၊ နိုင်နိုင်ဝေလည်း သူ့နေရာနဲ့သူ နေရာရစေချင်သလို၊ တင်မေလွင်ကလည်း နေရာရမှာပဲ၊ အောင်မြင်မှု အနည်းအများကတော့ ကာယကံ ရှင်နှစ်ယောက်ရဲ့ ကြိုးစားမှုနဲ့ စန်းအပေါ်မှာ တည်မှာပဲလေ"

"ကျွန်တော် သုံးသပ်ကြည့်ရတာက နိုင့်ဆန္ဒကို ဂရုမစိုက်ဘဲ စိုးသစ်ကတော့ မင်းသမီး ဖြစ်အောင်တင်မှာ သေချာတယ် ဦးလေး"

"အဲဒီလို ဖြစ်လာရင် တင်မေလွင့် အတွက် တစ်မျိုးကောင်းတာပဲ ငါ့တူ၊ အမြဲကြိုးစားရမယ်ဆိုတဲ့စိတ် တင်မေလွင့်ဆီမှာ မပြတ်တော့ဘူး၊ ဘာပဲပြောပြော အနုပညာနယ်ထဲရောက်တဲ့နေရာမှာတော့ တင်မေလွင်က နိုင်နိုင်ဝေထက် နုဘတ်ဖျားသာနေတာပဲ"

ပွဲကတော့ ကြည့်ကောင်းမှာ သေချာ၏။

တင်မေလွင်လည်း ဒီအကြောင်းတွေကို သိနေလောက်ပြီထင်၏။

တကယ်တမ်း ပြောရပါလျှင် သူမနှင့် ခဏသာ





ဆုံခဲ့ပြီး စိတ်လှုပ်ရှားဖွယ်များကို ခံစားခဲ့ရ၏။ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောပြဖြစ်ခဲ့ပေ။ တင်မေလွင် သိသွားရင်တော့ မိုးမီးလောင်မှာ သေချာ၏။

◆ ◆ ◆

'မိုးမြေမေတ္တာ' ဓာတ်လမ်းလွှင့်ပြီး နှစ်ပတ်အကြာတွင် ဗီဒီယိုတစ်ကားရိုက်ဖို့ စကားကမ်းလှမ်းခြင်း ခံခဲ့ရသည်။

နိုင်နိုင်ဝေနှင့် ပတ်သက်သော သတင်းများကလည်း စိုးသစ်ကြောင့်ပင် မဂ္ဂဇင်း၊ ဂျာနယ်များမှာ ဝေဝေဆာဆာ ပါလာခဲ့ပြန်၏။ နာမည်ကြီး မဂ္ဂဇင်းတစ်စောင်၏ မျက်နှာဖုံးမှာပင် သူမ ပုံ ပါလာခဲ့၏။

ဒီမဂ္ဂဇင်းကို သူတွေ့တာ နောက်ကျကောင်း၊ ကျနိုင်ပေလိမ့်မည်။ တင်မေလွင်နှင့် တွေ့သည်နှင့် သူမ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို နားညည်းလောက်အောင် ကြားနာရပြန်သည်။

"နိုင်နိုင်ဝေကိုတော့ အရမ်းတင်နေတော့တာပဲ၊ ဒါ စိုးသစ်ရဲ့ မရှိးသားမှုပဲ ကိုကို၊ တမင် လိုက်လုပ်နေတာ ..."

"နိုင်နိုင်ဝေကတော့ နယ်ရုပ်တစ်ရုပ်လို ဖြစ်နေတာပါ တင်မေလွင်၊ တင်မေလွင်လည်း မျက်မြင်ပဲ၊ နိုင်နိုင်ဝေက ဒီကိစ္စတွေမှာ သိပ်ပြီး စိတ်ပါလက်ပါရှိပုံ မရပါဘူး"

သူ့အနေနှင့် စကားပြောသည့်နေရာမှာ အလွန်အကျွံကြီး မဖြစ်အောင် မနည်းသတိထားနေရ၏။ တင့်မေလွင်ကတော့ စိတ်ထဲရှိသည့်အတိုင်း နိုင်နိုင်ဝေ့ကိုပါ စစ်ထဲသို့ အတင်းဆွဲသွင်းလေ၏။

"အလကားပါ ကိုကိုရာ၊ နိုင်နိုင်ဝေက တင်မေလွင်ထက် လှတာ ကိုကို သိသားပဲ၊ တမင်ဟန်ဆောင်ပြီး ကိုကိုနဲ့ တင်မေလွင်ကို လာရောနေတာ၊ မိန်းမတွေရဲ့ စိတ်ကို၊ ကိုကို ဘယ်လောက်သိလို့လဲ၊ မိန်းမတိုင်းဟာ ထင်ပေါ် ကျော်ကြားမှုကို တပ်မက်ကြတာချည်းပဲ၊ နိုင်နိုင်ဝေလို မိန်းမျိုးဟာ ပိုဆိုးလိမ့်မယ် ကိုကို"





"ကိုကိုကတော့ အဲဒီလောက်ထိ မတွေးထားရာ အမှန်ပဲ တင်မေလွင်၊ ကိုယ်လုပ်စရာရှိတာကိုသာ တင်မေလွင် ဆက်လုပ်ပါ၊ တင်မေလွင့်အနေနဲ့က ဒီအနုပညာလမ်းကြောင်းပေါ်မှာ ရောက်နှင့်နေပြီလေ၊ တကယ်လို့ တင်မေလွင် ပြောသလို နိုင်နိုင်ဝေ ဖြစ်တယ်ပဲထားဦး၊ သူ့အနေနဲ့ အခုမှ ခြေလှမ်းအစပျိုးရမှာ၊ ကိုယ့်အဖို့က သူ့ထက် ခြေတစ်လှမ်းဦးသူ ဖြစ်နေပြီပဲ"

"ဒါနဲ့ ကိုကို ဒီနှစ်မြို့မှာ ကာယအလှမယ်ပြိုင်ပွဲ လုပ်ဖြစ်ဦးမှာလား မသိဘူးနော်"

"လုပ်ဖြစ်မှာပေါ့၊ တစ်နှစ် စ,ထားပြီးမှတော့ ဒီနှစ် ဖြစ်မယ် ထင်တယ်"

"အဲဒီပွဲမှာလည်း တင်မေလွင်ကို နိုင်နိုင်ဝေက လိုက်ပြိုင်မှာ သေချာတယ်၊ မယုံရင်ကြည့်နေ ကိုကို၊ အဲဒီပွဲကို ဒီနှစ် စိုးသစ် စပွန်ဆာလုပ်မှာ သေချာတယ်"

တင်မေလွင်ကတော့ သူမနှင့် ပတ်သက်ပြီး အရာရာကို ကြိုတွေးထားပြီး အမိကပြိုင်ဘက်လို သဘောထားနေတာတော့ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ဦးမှာလဲ တင်မေလွင်ရာ၊ အဲဒီပွဲကို တင်မေလွင် မပြိုင်ဖြစ်လည်း ဘာမှမဖြစ်ဘူး၊ ပထမနှစ်မှာ တင်မေလွင် ဆုရထားပြီးပြီပဲ"

"မပြိုင်လို့တော့ မဖြစ်ဘူး ကိုကို၊ အဲဒီပွဲမှာလည်း နိုင်နိုင်ဝေကို ချန်ခဲ့နိုင်ရမယ်၊ အရင်နှစ်ကဆုကို တင်မေလွင်ပဲ ရအောင် ယူပြမယ်"

"တင်မေလွင်ရဲ့ ကားရိုက်ရက်နဲ့ တိုက်နေရင်ရော"

"တစ်လ နှစ်လလောက် လိုပါသေးတယ်၊ အဲဒီပွဲကိုတော့ နောက်ဆုတ်လို့ မဖြစ်ဘူး"

"တင်မေလွင် ပင်ပန်းမှာ စိုးလို့ပါ၊ ဒီကိစ္စတွေက နိုင်နိုင်ဝေလို လူမျိုးတွေအတွက် အဓိက စင်မြင့်တစ်ခုလေ၊ တင်မေလွင်က တစ်ဆင့်ဆင်းပြီး ဝင်ယှဉ်ရမယ့်သဘော ဖြစ်မနေဘူးလား၊ တကယ်လို့များ တစ်ခုခု ချော်လက်ချော်ဖြစ်ခဲ့ရင် တင်မေလွင် နစ်ခါနာမှာနော်၊ ကိုကို့သဘောကတော့ ဒီပွဲကို တင်မေလွင် လက်ရှောင်သင့်တယ်"

"မဖြစ်ဘူး ကိုကို၊ တင်မေလွင် ရထားဖူးတဲ့ဆုကို နိုင်နိုင်ဝေ လက်ထဲကိုတော့ ဘယ်နည်းနဲ့မှ အရောက်





မခံနိုင်ဘူး၊ ဝင်ကိုပြိုင်မှ ဖြစ်မယ် ကိုကို"

တင်မေလွင်ကတော့ နိုင်နိုင်ဝေကို အဓိကပြိုင်ဘက်လို သဘောထားနေ၏။ သူတားလည်း အရာရောက်မည်မထင်။ တင်မေလွင် လုပ်ချင်လာပြီ၊ ဖြစ်ချင်လာပြီ ဆိုရင်တော့ ဘယ်သူတားတား နောက်ဆုတ်မှာ မဟုတ်မှန်း သူသိနေသည်ပဲလေ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း [သုံး]

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

မှတ်မထင်ဘဲ ကြုံတွေ့လိုက်ရသော ကံကြမ္မာကိုတော့ သူတော်တော်လေး တုန်လှုပ်သွားမိသည်။

သူစီးလာသော ဆိုင်ကယ်က သူမကို ဝင်တိုက်ဖြစ်သည်။ ဖြစ်ချင်တော့ ပြိုင်ပွဲရက်က အတော်လေးကပ်နေ၏။ ရုတ်တရက်ကြီး ဆိုင်ကယ် တိုက်ခံရခြင်းကြောင့် သူမ ကြောက်လန့်ပြီး မေ့မျောသွားသည်။

ဆေးရုံရောက်မှ သူမ သတိရသည်။ သူ့ကြောင့်ဝင် သူမမျက်နှာနှင့် ခြေထောက်တို့မှာ ဒဏ်ရာရသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမ သတိရပြီဆို၍ ဝမ်းသာနေတုန်းမှာပင် စိုးသ နှင့်အတူတူ ရဲအရာရှိတွေ ရောက်လာပြီး သူ့ကို အချုပ်ခန်းထ ထည့်ထားလိုက်ကြသည်။

တမင်ကြံစည်သည်ဆိုသော သံသယဖြင့် သူ့ အမှုဖွင့်သည်။ သူမကိုယ်တိုင်ကပင် သူ့အပေါ် မကျေနပ်နိုင် ဟု သိရပြန်တော့ ဝမ်းနည်းရသေး၏။ သူ မရည်ရွယ် ကံကြမ္မာအလှည့်အပြောင်းကြောင့် ဖြစ်ခဲ့သည်ကို ကိုယ်စော နတ်မှတစ်ပါး တခြားသူတို့ သိနိုင်မည်မထင်။

သံသယ အကျိုးဆက်၊ တိုက်ဆိုင်မှုများ၊ ပြီးတော့ စိုးသစ်၏ အကျယ်ချဲ့မှုများကြောင့်ပင် အချုပ်ခန်းထဲမှ တစ်ညနှင့် တစ်မနက်ခင်း သူ နေလိုက်ရသည်။

◆ ◆ ◆

သူအချုပ်ခန်းထဲမှာ ထွက်ထွက်ချင်းမှာ ပေပေမှ ဦးလေးဝင့်နိုင်ကို တွေ့ရ၏။ ပြိုင်ပွဲအတွက် အကဲဖြတ်ပေး





အတွက်ရော၊ အလှူတစ်ခု ရှိနေသည့်အတွက်ပါ သူတို့မြို့သို့ ဦးလေးဝင့်နိုင် ရောက်နေခြင်းဖြစ်၏။ ဦးလေးဝင့်နိုင်သာ ရောက်မနေပါက စိုးသစ်နှင့် သူမ ဖခင်တို့ကို အကြေအလည် ညှိနှိုင်းဖို့ အတော်ခက်ပေလိမ့်မည်ထင်၏။

အခုတော့... အမှုပိတ်ဖို့နှင့် အချုပ်ခန်းထဲမှ လွတ် မြောက်ဖို့ ဦးလေးဝင့်နိုင် အတော်လေး ကြိုးစားခဲ့ရ၏။

"ဘယ်လိုဖြစ်ရတာလဲ ငါ့တူရာ၊ တိုက်တိုက်ဆိုင်ဆိုင် နိုင်နိုင်ဝေ့ကိုမှ ဆိုင်ကယ်နဲ့ ဝင်တိုက်ရတယ်လို့၊ အဖျက် ပျက်နဲ့ နှာခေါင်းသွေး ထွက်တော့မလို့၊ နိုင်နိုင်ဝေ့ ခမျာလည်း မသေကောင်း မပျောက်ကောင်းဘဲ"

"ကျွန်တော်လည်း မပြောတတ်တော့တာ အမှန်ပဲ ဦးလေး၊ ဆိုင်ကယ် တိုက်လိုက်တဲ့အချိန်မှာ နိုင်နိုင်ဝေ မှန်း မသိလိုက်တာ အမှန်ပဲ"

"အေးကွာ၊ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်တော့မှာလဲ၊ နိုင်နိုင်ဝေကလည်း မင်းကို တော်တော် မကျေမနပ် ဖြစ်နေတာ၊ မင်း တမင်လုပ်ယူတာလို့ နိုင်နိုင်ဝေ စိတ်ထဲမှာ စွဲနေတာ၊ အမှုကျေအေးဖို့ ဦးလေးမနည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောယူရတယ်၊ သိတယ်မဟုတ်လား၊ စိုးသစ်ကလည်း အနားမှာနေပြီး တို့မီးရှို့မီး လုပ်နေတာလေ"

"ကောင်မလေး စိတ်ထဲမှာ သံသယ ရှင်းသွားအောင်တော့ မင်း တောင်းပန်မှ ဖြစ်မယ်၊ ကောင်မလေး စိတ်ပြေတဲ့အထိ မင်းကြိုးစားပြရလိမ့်မယ်၊ ပတ်ဝန်းကျင်ကတော့ အမျိုးမျိုး ပြောကြမှာပဲ သား၊ မင်းအပေါ် တင်နေတဲ့ အကြွေးတွေကို မင်းရဲ့ ခ,ယ,ခြင်းတွေနဲ့ပဲ ပြန် ဆပ်ရလိမ့်မယ်"

သူမနှင့် မျက်နှာချင်းဆိုင်ပြီး သူမ ကျေနပ်သည်အထိ သံသယကင်းသည့်အထိ သူ ဒူးထောက်ရင် ထောက်စေတော့။

"စိတ်ချပါ ဖေဖေ၊ သူကျေနပ်တဲ့အထိ စိတ်ရှည်ရှည်ထားပြီး ကျွန်တော် တောင်းပန်မှာပါ၊ ဒီအတွက် အားလုံးကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပြီးသားပါ"

သူတို့စကားပြောနေစဉ်မှာပင် တင့်ဆေ ဆိုင်ကယ်နှင့် ရောက်လာ၏။ သူ အချုပ်မှ လွတ်မြောက်လာခြင်းကြောင့် တင့်ဆေ မျက်နှာ ရွှင်လန်းနေ၏။





"မင်း နေကောင်းတယ် မဟုတ်လား အောင်ခိုင်ထွန်း"

"ငါ့ကို တစ်ခုကူညီပါလား တင့်ဆေ၊ မင်း ဆိုင်ကယ်နဲ့ ငါ့ကို ဆေးရုံလိုက်ပို့ပေးပါလား"

ဖေဖေတို့ ဦးလေးဝင့်နိုင်တို့ ရှေ့မှာပင် ဆေးရုံ လိုက်သွားဖို့ စိတ်ကူးလိုက်၏။

"လိုက်ပို့တာက အရေးမကြီးဘူး အောင်ခိုင်ထွန်း၊ မင်းကို တင်မေလွင် စောင့်နေတယ်"

"အခုအချိန်မှာ တင်မေလွင်ကို တွေ့ဖို့ထက် နိုင့်ဆီ သွားပြီး တောင်းပန်ဖို့က အရေးကြီးတယ် တင့်ဆေ၊ ငါ့ကို ဆေးရုံလိုက်ပို့ပေးပါ"

"လိုက်ပို့ပေးလိုက်ပါ မောင်တင့်ဆေ"

သူမဆီ သွားတောင်းပန်သည့် သတင်းကတော့ ဖေဖေတို့ ပြောပြ၍ တင်မေလွင် သိမှာ သေချာ၏။ တင်မေလွင်ကတော့ သူမဆီ သွားအောက်ကျခံသည်...ဟု ယူဆပြီး ကျေမနပ်ဖြစ်မှာ သေချာ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံမသွားဘဲ ဘာလုပ်ဦးမလို့လဲ တင့်ဝေ"

တင့်ဝေ မောင်းနေသည့် နေရာက ဆေးရုံဆီ မဟုတ်မှန်း သူ သိသည်။ သူ့စကားကို ဂရုမထားဘဲ အအေးဆိုင်ရှေ့မှာ ဆိုင်ကယ် ရပ်ပစ်လိုက်၏။

"မင်းကို ဆေးရုံပို့ပေးမှာပါ၊ အအေးသောက်ရင်း မင်းနဲ့ စကားနည်းနည်း ပြောချင်လို့ပါ"

သူ့ရင်ထဲမှာလည်း ပူစပ်ပူလောင် ဖြစ်နေသည်မို့ ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သည်။

အနီးအပါးမှ လူတွေကတော့ သူ့ကိုကြည့်ပြီး တီးတိုးစကား ပြောနေကြ၏။

အအေး တစ်ငုံ သောက်လိုက်တော့ ရင်ထဲမှာ လန်းသွားသလို ရှိ၏။

"မင်း ... ဘာပြောမှာလဲ တင့်ဝေ"

"တခြား မဟုတ်ဘူး အောင်ခိုင်ထွန်း၊ အခုလို သွေးပူနေချိန်မျိုးမှာ နိုင်နိုင်ဝေနဲ့ သွားမတွေ့သင့်ဘူး၊ အခုပဲ ကြည့်လေ၊ ဒီနားက လူတွေကတောင် ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြောနေကြတာ ကြည့်ပါလား"





"မတတ်နိုင်ဘူးကွာ၊ အစွပ်စွဲခံဘဝ၊ သံသယအဖြစ်ခံ ဘဝနဲ့တော့ ငါမနေချင်ဘူး၊ ကာယကံရှင် ကျေနပ် အောင် ငါ တောင်းပန်ချင်တယ်၊ အခုလို ဖြစ်သွားရတာ ရည်ရွယ်ချက် မရှိဘူးဆိုတာကို ငါ သက်သေပြချင် တယ်"

"တိုက်ဆိုင်နေတာတွေရယ်၊ ပြီးတော့ သွေးထိုးစကား တွေကြောင့်ပဲ မင်း ဘယ်လိုပဲ တောင်းပန် တောင်းပန် ရှင်းပြ ရှင်းပြ၊ အခုချိန်မျိုးမှာ နိုင်နိုင်ဝေ နားဝင်မှာ မဟုတ်ဘူး အောင်ခိုင်ထွန်း"

တင့်ဝေကတော့ အပြင်လူတစ်ယောက်အနေဖြင့် အခြေအနေကို သုံးသပ်ပြ၏။

တင့်ဝေစကားကို နားထောင်ပြီး သူ့ခြေလှမ်းများ ကို နောက်ကြောင်းပြန်လှည့်လို့တော့ မဖြစ်နိုင်ပြီ။

"ငါသွားမယ် တင့်ဝေ၊ မင်း မလိုက်ချင်ဘူး၊ မျက်နှာ ပူနေမယ်ဆိုရင် နေခဲ့၊ တစ်ယောက်တည်း သွားမယ်"

"အေးလေ မင်းဆန္ဒပြင်းပြနေရင်တော့ ငါ အဖော် လိုက်ပေးပါ့မယ်၊ ဒါနဲ့ မင်း နိုင်နိုင်ဝေကို သွားတောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်တာ တင်မေလွင် သိရင်တော့ ပြဿနာ ရှင်းရဦးမှာ၊ ဒီကိစ္စကိုရော မင်း မတွေးဘူးလား"

"အခုအချိန်မှာတော့ တင်မေလွင်ထက် နိုင်နိုင်ဝေ့ ကိစ္စက အရေးကြီးတာ အမှန်ပဲ၊ ပြဿနာဖြစ်ရင်လည်း ခေါင်းငုံ့ခံရုံပေါ့ကွာ"

"မင်းအဖြစ်က ဘာနဲ့တူနေသလဲဆိုတော့၊ မလှုပ်လိုက်နဲ့.... လှုပ်တာနဲ့ နှစ်ဖက်စလုံးက ရစရာမရှိအောင် အပြောအဆို ခံရမယ့် ဘဝ ဖြစ်နေပြီ"

တင့်ဝေစကားများကို နားယောင်ပြီး သူ့ဆုံးဖြတ်ချက်ကို ပြင်လို့မရပြီ။ တင်မေလွင် ငြိုငြင်လည်း ငြိုငြင်စေတော့။

အဖြစ်မှန်တွေကို သူမ, သိအောင် ရှင်းပြခွင့်ရရင်တော်ပြီလေ။

◆ ◆ ◆



## (၂၀)

ဆေးရုံဝင်းထဲ ဝင်ရောက်လာပြီးမှ သူ့စိတ်တို့သည် စိုးရိမ်မှုများဖြင့် လွန်ဆွဲနေသည်။

ဆေးရုံအဆောက်အအုံနားမှာ ဆိုင်ကယ်ရပ်တော့ကြောင်ပြီး မဆင်းဘဲ နေဖြစ်သည်။

"ဆင်းလေ အောင်နိုင်ထွန်း၊ ဘာလဲ သေသေချာချာ တွေးမိလို့ မျက်နှာချင်းဆိုင်ဖို့ မင်းလိပ်ပြာ လန့်နေတာလား"

"မဟုတ်ပါဘူးကွာ၊ နိုင်နဲ့တွေ့ရင် ဘယ်ကနေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ပြောရကောင်းမလဲလို့ စဉ်းစားနေလို့ပါ"

"မီးစင်ကြည့် က,ပေါ့ကွာ"

ကာယကံရှင် မပြောနှင့် အဖော်လိုက်လာသူ တင့်ဝေပင် မျက်နှာမှာ သွေးလျှော့နေတာ မြင်သာ၏။

ဒီအချိန်မှာ ရှောင်နေပြီး သွေးအေးမှ ရှင်းပြလျှင် ဓာတ်က ပိုသံသရာရှည်မှာ စိုးရသည်။ သူမ ဘယ်လောက်ပဲ စိတ်ဆိုး...စိတ်ဆိုး၊ သူ့ကိုတော့ ဥပေက္ခာပြုနိုင်မည် မထင်။

"အရင်အခန်းမှာ မဟုတ်တော့ဘူး အောင်ခိုင်ထွန်း၊ နိုင်နိုင်ဝေ အခန်းပြောင်းထားတယ်"

သူပို့ပေးခဲ့သော အခန်းထင်၍ ဦးဆောင်ပြီး သွားနေခဲ့သည်။ တင့်ဝေ အသိပေးမှပင် တင့်ဝေကို ဦးဆောင်ခိုင်းလိုက်ရ၏။

သူတို့ တဲ့နေးစွာ လှမ်းနေရင်းကပင် ဝရန်တာ ထောင့်ချိုးမှာ စိုးသစ်နှင့် ပက်ပင်းတိုးတော့၏။

"ဘယ်ကိုလာတာလဲ အောင်ခိုင်ထွန်း"

တမင်သိလျက် စိုးသစ် မေးနေသည်။ သူ မဖြေ ခင်မှာပင် တင့်ဝေက ဖြေလိုက်သည်။





"နိုင်နိုင်ဝေ့ဆီ လာတာ စိုးသစ်"

"မင်းမို့လို့ လာတွေ့ရဲသေးတယ် အောင်ခိုင်ထွန်းရာ"

သူမနှင့် မတွေ့ရခင်မှာပင် စိုးသစ်၏ အပြစ်ဖွဲ့ စကားသံကို ကြားရသည်။ ဒီတစ်ခါတော့ သူကိုယ်တိုင်ပင် စိုးသစ်ကို ပြောလိုက်မိ၏။

"နိုင်...ဘယ်လိုနေလဲ စိုးသစ်၊ နေသာထိုင်သာရော ရှိရဲ့လား"

"ဘာလဲ အောင်ခိုင်ထွန်း၊ အချုပ်ကနေ လွှတ်တဲ့အတွက် လျှာရိုးမရှိတဲ့စကားတွေနဲ့ ချွေးသိပ်ချင်တဲ့သဘောလား၊ မင်းဦးလေးဝင့်နိုင် ရှိနေတာ အရမ်းကံကောင်းသွားတယ် မှတ်ပါ၊ မင်းဦးလေးသာ ကြားမဝင်ရင် ဒီနေ့ ဒီအချိန် မင်းနဲ့ငါ ဒီနေရာမှာ စကားပြောနေစရာအကြောင်း မရှိဘူး"

"ငါ...နိုင်နဲ့ တွေ့ချင်တယ်ကွာ"

သူတို့သွားမည့်လမ်းကို စိုးသစ်က ပိတ်ထားသည်။ အခုအချိန်မှာတော့ သူမကို တွေ့ရဖို့ စိုးသစ်ကလည်း အဓိကကျသော သူ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို မျက်နှာချင်း ဆိုင်လောက်အောင် နိုင်က သူတော်စင် တစ်ယောက် မဟုတ်ဘူး၊ မိန်းမစိတ်နဲ့ ဖြိုင်ပွဲမတက်ဖြစ်အောင် မင်းလုပ်ခဲ့တာလေ၊ နိုင်ရဲ့ ဒဏ်ရာထက် မင်းအပေါ် အမျက်ထားတဲ့ ဒဏ်ရာက ပိုပြင်းထန်နေတယ်ဆိုတာကို မင်းသိသင့်တယ် အောင်ခိုင်ထွန်း"

"မင်းပြောချင်တာတွေ ပြောတော့ စိုးသစ်၊ အခုအချိန်မှာ ငါဖြစ်ချင်တာက နိုင်နဲ့တွေ့ဖို့ပဲ၊ နိုင်ထင်သလို ပတ်ဝန်းကျင်က လူတွေ ထင်နေသလို တစ်ခုမှ မဟုတ်ဘူး ဆိုတာကို ငါရှင်းပြချင်တယ်၊ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေ အားလုံးအတွက် နိုင် ကျေနပ်အောင် ငါတောင်းပန် ချင်လို့ပါ စိုးသစ်"

"တောင်းပန်ချင်လို့ ဟုတ်လား၊ ဒီစကားတွေနဲ့ ကျေအေးကြေးဆိုရင် ငါလည်း လုပ်လိုက်ချင်တယ်"

"စိုးသစ်ကလည်းကွာ အောင်ခိုင်ထွန်းနဲ့ နိုင်နိုင်ဝေကို ပေးတွေ့လိုက်ပါ၊ သူတို့ကိစ္စ သူတို့ ပြောကြဆိုကြတာ သဘာဝကျပါတယ်၊ နိုင်နိုင်ဝေ မကျေနပ်လို့ ပါးထ ရိုက်လည်း သူ့အကြောင်းနဲ့သူပေါ့ကွာ"





"အေး ... နိုင့်နေရာမှာ ငါသာဆိုရင်တော့ အောင်ခိုင် ထွန်းနဲ့ တင်မေလွင်ကို ပါးရိုက်ရုံတွင် မဟုတ်ဘူး၊ နှစ်ယောက် စလုံးကို နိုင့်လိုဖြစ်အောင် လုပ်ချင်တာ၊ အခုတော့ နိုင်က မင်းတို့လို မကောက်ကျစ်ဘူး၊ ယုတ်မာတဲ့ မိန်းကလေး မဟုတ်ဘူး၊ ဒါကြောင့်ပဲ မင်းဦးလေး ကြားဝင်လို့ရသလို အမှုကိုလည်း အလွယ် တကူ ကျေအေးပေးတာပေါ့ကွာ"

"နိုင်နိုင်ဝေနဲ့ အောင်ခိုင်ထွန်းကို ပေးတွေ့လိုက်ပါ စိုးသစ်ရာ"

တင့်ဝေ၏ ဒုတိယမြောက် ခွင့်တောင်းစကားကို စိုးသစ် အသိအမှတ်ပြုသည်။

"ကောင်းပြီလေ၊ မင်းတို့နှစ်ယောက်စလုံး ငါ့နောက် လိုက်ခဲ့ကြပေါ့"

စိုးသစ်တစ်ယောက် အသာတကြည် ခွင့်ပြုသော ကြောင့် ကုသိုလ်ကံကောင်းသွား၏။

စိုးသစ် ခွင့်မပြုလည်း သူက ရအောင် ရှေ့တိုးဖို့ ဆုံးဖြတ်ထားပြီးသား ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်မတွေ့ခင်စပ်ကြားလေးမှာပင် ပင်ပန်းပ
ဖြစ်ပြီး ရုတ်ရုတ်သဲသဲ ဖြစ်မသွားတာကိုပဲ ကျေးဇူးတင
ရဦးမည်ဟု တွေးမိ၏။

◆ ◆ ◆

သူမရှိရာ အခန်းရှေ့သို့ ရောက်လာသည်။ ခုတင
ပေါ်မှာ လှဲလျောင်းနေသော သူမကို လှမ်းတွေ့ရ၏။ အခန်းထဲ
ဝင်ခါနီးမှဝင် စိုးသစ်၏ အမိန့်သံကြောင့် သူနှင့် တင့်ဝေတို့၏
ခြေလှမ်းတွေ ရပ်သွားရသည်။

"ဒီအတိုင်းတော့ မင်းတို့နှစ်ယောက် အခန်းထဲဝင်လို့
မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ စိုးသစ်"

"အခုအချိန်မှာ ဖြစ်ခဲ့တဲ့ကိစ္စတွေအတွက်ရော၊ ရှေ့ထား
တဲ့ ဒဏ်ရာတွေကြောင့်ပါ နိုင် အားငယ်နေတဲ့အချိန်
မင်းကိုမြင်ပြီး နိုင် တစ်ခုခုထပ်ဖြစ်သွားမှာ စိုးရတယ်"





စိုးသစ်ပြောတာ သဘာဝတော့ ကျနေပြန်သည်။

သူငြိမ်နေဆဲမှာပင် တင့်ဝေက ပြော၏။

"ဒါဆိုရင် ဒီကနေ လှမ်းကြည့်ပြီး ငါတို့ လှည့်ပြန်ရမှာလား စိုးသစ်၊ အောင်ခိုင်ထွန်းက နိုင်နိုင့်ကို တောင်းပန်ချင်လို့ လိုက်လာခဲ့တာလေ"

"ငါ့စကား မဆုံးသေးဘူး တင့်ဝေ၊ မင်းတို့လိုက်လာတာ ဟုတ်ပြီ၊ နိုင်က အောင်ခိုင်ထွန်းကို တွေ့ချင်၊ စကား ပြောချင်စိတ် ရှိဦးမှကိုး၊ ဒီလိုလုပ်ကွာ၊ မင်းတို့ကလည်း လှမ်းမြင်ရသလို နိုင်ကလည်း လှမ်းမြင်ရတဲ့ အနေ အထားပဲ၊ အဝေးအယူ သဘောမျိုး လုပ်လိုက်ရအောင်"

စိုးသစ် တစ်ယောက်ကတော့ ခွင်ထဲ ဝင်လာ သည်မို့ ပညာပေးနေတာ သိသာ၏။

တင့်ဝေပြောမည်အလုပ်တွင် လက်ကာပြီး သူ ကြားဝင်ရပြန်သည်။

"ကောင်းပြီလေ၊ ငါက ဘာကို ဘယ်လိုလိုက်နာပေး ရမှာလဲ"

"ဒီလိုကွာ... မင်းတို့ ဟိုမှာပဲ ရပ်နေ၊ အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်မလာနဲ့၊ မင်းတွေ့ချင် တောင်းပန်ချင်တ
အကြောင်းကို ငါပြောပြလိုက်မယ်၊ နိုင်က တွေ့ချ
တယ်ဆိုရင်တော့ မင်း ဝင်တွေ့ပြီး တောင်းပန်ပေ
အေး…နိုင်က မတွေ့ချင်ဘူး၊ မင်းနဲ့လုံးဝစကားမပြေ
ချင်ဘူးဆိုရင်တော့ ဒီနေရာကပဲ မင်းတို့ လှည့်ပြ
သွားပေါ့ ဟုတ်ပြီလား"

"ကောင်းပြီလေ၊ မင်း နိုင့်ကို သွားပြောလိုက်
ငါတို့ ဒီနေရာကပဲ အဖြေ တစ်ခုခုကို စောင့်နေ
မယ်"

သဘောတူညီမှု ရယူပြီး အခန်းတွင်းသို့ စိုးသ
ဝင်သွား၏။

သူမ အနေနှင့် ဘာကို ဘယ်လို ဆုံးဖြတ်မ
မသိပေ။

သူမ ခုတင်နားသို့ စိုးသစ် ရောက်သွားချိန်မှာ
တင့်ဝေ ပြောသည်။

"ဒီနေရာကပဲ မင်းလှည့်ပြန်ရလိမ့်မယ် ထင်တ
အောင်ခိုင်ထွန်း၊ အခု အခြေအနေမှာ နိုင်နိုင်ဆေ





မင်းကို အတွေ့ခံမှာ မဟုတ်ဘူး"

စိုးသစ်နှင့် သူမတို့ ပြောစကားတွေကို သူ
ကြားရ။ လှုပ်ရှားမှုတွေကိုတော့ အတိုင်းသား မြင်နေရသည်။
သူမ ပြောစကားကို စိုးသစ်က နားထောင်သည်။ စိုးသစ်
ကပြန်ပြောသည်ကို မသိရပေ။

ခဏအကြာမှာပင် သူတို့ရှိရာသို့ စိုးသစ် ပြန်
ရောက်လာသည်။

"ငါထင်တဲ့အတိုင်းပဲ အောင်ခိုင်ထွန်း၊ ငါကြားထဲကနေ
ကုလားဖန်ထိုးတာ မဟုတ်ဘူးနော်၊ မင်းတို့ရောက်နေ
တာကို နိုင်သိတယ်၊ နိုင်က မင်းနဲ့ လုံးဝမတွေ့ချင်ဘူးတဲ့၊
သူ့ကို မင်းတွေ့ဖို့ မကြိုးစားတာဟာ အကောင်းဆုံး
တောင်းပန်ခြင်းပဲလို့ ပြောလိုက်တယ် အောင်ခိုင်ထွန်း"

ဇာတ်လမ်းက ပြီးဆုံးသွားပြီ။

တင့်ဝေ ပြောသလိုပင် ဒီနေရာက လှည့်ပြန်ဖို့
ဖြစ်လာခဲ့သည်။

တင့်ဝေ၏လှုပ်ရှားမှုကို မစောင့်ဘဲ ချာခနဲလှည့်
ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာတော့ မကောင်း၊ သူမ ပြောသလို တောင်းပန်ခြင်းမျိုးကိုတော့ သူ မလုပ်နိုင်။

သွေးအေးသည့် အချိန်တစ်ခုခု အထိတော့ သူ ယာယီ စောင့်ဆိုင်းရဦးမည်လေ။

◆ ◆ ◆

## (၂၁)

"ကိုကို ဘယ်ကပြန်လာတာလဲ၊ တင်မေလွင် မျှော်နေမယ်ဆိုတာကို သိလျက်နဲ့ ဘာလို့တန်းမလာတာလဲ ကိုကို"

သူမဆီ သွားသည်ဆိုသော သတင်းကို တင်မေလွင် ရပြီး ဖြစ်လိမ့်မည် ထင်၏။

တင်မေလွင့်မျက်နှာသည် ဒေါသအရိပ်အငွေ့ ကြောင့်ပင် ခက်ထန်နေသည်။

"ဆေးရုံ လိုက်သွားတာ တင်မေလွင်၊ ကာယကံရှင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကျေနပ်အောင် ကိုကို သွားတောင်းပန်တာလေ"

"ဘာတောင်းပန်စရာ ရှိလို့လဲ ကိုကို၊ ကိုကို မတောင်းပန်ခင်ကပဲ အမှုကိစ္စက ပြီးနေပြီ မဟုတ်လား"

"ဒါတော့ ဒါပေါ့ တင်မေလွင်ရာ၊ တမင်ရည်ရွယ်ပြီး လုပ်ခဲ့တယ်ဆိုတဲ့ သံသယစိတ်တွေကိုတော့ ကိုကို အနေနဲ့ ပျောက်ဖျက်အောင် ကြိုးစားရမယ်လေ၊ ဟာကယ် တမ်းမှာလည်း အားလုံးထင်မြင်ယူဆနေသလိုမျိုးဖြစ် အောင် ကိုကို ပြုခဲ့တာမှ မဟုတ်ဘဲ"

သူ့အဖြစ်ကတော့ တင့်ဝေ ပြောသလို နှစ်ဖက် မျက်နှာမရသည့် ကိစ္စ ဖြစ်နေ၏။

သူမ နားမလည်သည့်တိုင် တင်မေလွင်ကတော့ သူ့ကို နားလည်လိမ့်မည်...ဟု ယူဆခဲ့သည်။

အခုတော့ သူ့ယူဆသည်များကို တင်မေလွင်က မြေကြီးပေါ် ချနင်းပြလိုက်သည်။

"အဲဒီကိုသွားပြီး အောက်ကျို့ခံစားစရာ မလိုဘူး၊ တောင်းပန်စရာ မလိုဘူး၊ နိုင်နိုင်ဝေတို့ စိုးသစ်တို့နဲ့ ကိုကို ကင်းနေပါ"





"စိုးသစ်နဲ့ ကင်းဆိုရင် ကင်းလို့ ရလိမ့်မယ် တင်မေလွင်၊ ကာယကံရှင်ဖြစ်သူနဲ့တော့ မကင်းနိုင်ဘူး၊ အခုချိန်ထိ ကိုကို တောင်းပန်တာကို သူ လက်မခံဘူး၊ သူ လက်ခံယုံကြည်လာတဲ့အထိ ကြိုးစားရလိမ့်မယ် တင်မေလွင်"

သူနှင့် တင်မေလွင်တို့၏ စကားစစ်ထိုးခြင်းက မထင်မှတ်ဘဲ အကြီးအကျယ် ပေါက်ကွဲခဲ့ကြ၏။

သူ့အနေနှင့် တင်မေလွင့် ဆန္ဒများကို ပထမဆုံး ကျော်နိုင်းမိခြင်းလည်း ဖြစ်လေ၏။

"တင်မေလွင် မြော်တာကို နားမထောင်တာလား ကိုကို၊ ပြိုင်ပွဲနားနီးလို့ တင်မေလွင် စိတ်မဆိုးချင်ဘူးနော်"

"ဟိုက ခံရတဲ့လူပါ တင်မေလွင်၊ အခုဆို တင်မေလွင် ထင်သလိုပဲ နိုင်နိုင်ဝေ ပြိုင်ပွဲမှာ မပါနိုင်တော့ဘူး၊ ဒီတော့ ဒီနှစ် သရဖူကို တင်မေလွင်ပဲ ရမှာ သေချာနေပြီ"

"ဘာလဲ ကိုကို၊ သူ့ဘာသာသူ အလိုလိုဖြစ်လာတဲ့ ကံကြမ္မာကို တင်မေလွင်က လိုက်ခံစားနေရမှာလား၊



www.burmeseclassic.com

www.burmeseclassic.com



တင်မေလွင်ရမယ့် သရဖူက မထိုက်တန်ဘူးလို့ ကို

ဆိုလိုချင်တာလား"

"အမှန်ပြောရရင်တော့ ဒီသဘောပဲ ပေါက်နေတ

တင်မေလွင်၊ စဉ်းစားကြည့်လေ၊ တင်မေလွင် ဖြတ်ကျေ

ဖို့စက်တဲ့ နိုင်နိုင်ဝေက ပြိုင်ပွဲက အလိုလို ထွက်သွ

ရပြီလေ"

"ကိုကို ..."

"နေဦး တင်မေလွင် ... ကိုကို့မှာ ပြောစရာ စကားကျ

နေသေးတယ်၊ နိုင်နိုင်ဝေ ဒီလိုဖြစ်အောင် မရည်ရွယ်

ကိုကိုလုပ်သလို ဖြစ်ခဲ့ရတယ်၊ ဒီအတွက် နိုင်နိုင်ဝေ

တင်မေလွင်ပါ တောင်းပန်စရာ ပြောရင်း အား

နစ်သိမ့်ရမယ်"

"လုံးဝ မလုပ်နိုင်ဘူး ကိုကို၊ တင်မေလွင် မလုပ်သ

ကိုကိုလည်း နှောက်ထပ် မကြိုးစားရဘူး၊ သူ့ဘာသာ

ဒီအတိုင်းပဲ လွှတ်ထားပေးလိုက်စမ်းပါ၊ သူတင်မကာ

လူတွေက ဒီအကြောင်းကို ဘယ်နှစ်ရက် ပြောနိုင်မှာ

ကိုကိုရာ"





"ကိုကို သိတာကတော့ တရားခံဖြစ်သွားပြီဆိုတာပဲ၊ ဒီပြင်လူတွေ နားမလည်တာ ကိစ္စမရှိဘူး၊ ကာယကံရှင်ရဲ့ နှလုံးသားမှာ မဟုတ်တဲ့ အစွန်းပြီး စွဲသွားမှာကိုတော့ ကိုကို မလိုလားဘူး၊ ကိုကိုကတော့ နားလည်တဲ့အထိ တောင်းပန်ဖို့ ဆုံးဖြတ်ထားပြီးပြီ တင်မေလွင်"

သူပြောချင်ရာတွေ ပြောပြီး တင်မေလွင်တို့အိမ်မှ ွက်လာဖြစ်သည်။ တင်မေလွင် တစ်ယောက်တော့ ဆွေ့ဆွေ့ နဲ့ပြီး ကျန်နေရစ်၏။

တင်မေလွင်နှင့်ပြဿနာဖြစ်ပြီဆိုတာကို သူသိ သိုက်သည်။ သူ့အဖို့မှာတော့ သူမ ထိခိုက်မှုအပေါ် စိတ် ကောင်းနိုင်။ ပိုဆိုးသည်က ဒီကိစ္စတွေအားလုံးကို သူကိုယ်တိုင် ည်ရွယ်ပြီး လုပ်ခဲ့သည်ဆိုသော စွဲချက်တင်မှုပါပဲလေ။

◆ ◆ ◆

မြို့နယ်ကာယအလှမယ်ပြိုင်ပွဲက ပြီးမြောက်သွား ခဲ့သည်။ ထုံးစံအတိုင်းပင် ယှဉ်ပြိုင်အရွေးခံရသူများကို



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဖြတ်ပြီး ဒုတိယမြောက်နှစ်အဖြစ် ပထမဆုကို တင်
လွင် ဆွတ်ခူးခဲ့သည်။

တင်မေလွင်နှင့် စကားများပြီး ပြိုင်ပွဲကိုလ
သူမသွားဖြစ်။ လူတွေနှင့် စကားပြောချင်စိတ် မရှိ
ကြောင့်ပင် ဦးလေးဝင့်နိုင် ရန်ကုန်ပြန်သည်ကိုပင် နှုတ်မ
ဖြစ်ပေ။

"သားရေ...အပြင်မှာ တင်မေလွင် ရောက်နေတ
သား ထွက်တွေ့လိုက်ဦး"

သူ အိပ်မနေမှန်းကို မေမေ သိနေ၏။ တင်
လွင်နှင့် စကားပြောရမည်ကို သူစိတ်မပါပေ။ မတတ်
သည့် အဆုံးမို့သာ တင်မေလွင်နှင့် ထွက်တွေ့လိုက်ရသ

"ကိုကို ဘာဖြစ်နေတာလဲ"

"နေမကောင်းချင်သလို ဖြစ်နေလို့ အခန်းအောင်
တာပါ"

"တင်မေလွင့်ပွဲကိုလည်း ကိုကို လာအားမပေးဘူး

"ပွဲကို မရောက်ဖြစ်ပေမယ့် ပွဲအခြေအနေနဲ့ တင်
လွင် အောင်မြင်မှုကိုတော့ ကိုကို ကြားနေရတာ





"နိုင်နိုင်ဇော့ဆီ သွားဖြစ်သေးလား"

"ကိုကို သွားချင်နေလည်း သူက အတွေ့မခံဘူးလေ"

"ကိုကိုမို့လို့ အောက်ကျခံချင်နေတာ၊ ကိုယ့်ဘက်က
တာဝန်ကျေနေပြီပဲဥစ္စာ"

"ဖြစ်ခဲ့တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ကိုကို ဘာမှတာဝန်
မကျေသေးဘူး တင်မေလွင်၊ တောင်းပန်စကားကို
ကိုယ်တိုင် မပြောရဘဲနဲ့တော့ တာဝန်ကျေတယ်လို့
ကိုကို မယူဆနိုင်ဘူး"

သူ့သဘောထားကိုတော့ မြင်သာအောင် ပြလိုက်
သည်။ တင်မေလွင့် ဒေါသတို့သည် အရောင်တောက်လာ
တော့၏။

"တင်မေလွင် ရှင်းရှင်းပဲ ပြောတော့မယ် ကိုကို၊
မနက်ဖြန် တင်မေလွင် ရန်ကုန်ပြန်မယ်၊ ဟိုမှာ ရိုက်
ကွင်းတွေလည်း ရှိနေတယ်၊ အားလုံးတန်းစီပြီး စောင့်
နေမှာ၊ ဒီတော့ တင်မေလွင်နဲ့ အတူတူ ကိုကို ရန်ကုန်
ပြန်လိုက်ခဲ့ပါ"

ဒေါသနှင့် ထုံမွှမ်းသော ရာဇသံဆိုတာကို သူ
လိုလို နားလည်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းဘူး တင်မေလွင်၊ ကိုကို့အနေနဲ့ ရန်ကုန်ကို ပြန်မလိုက်နိုင်ဘူး"

"ဘာဖြစ်လို့လဲ ကိုကို ..."

"ရှင်းပါတယ် တင်မေလွင်၊ နိုင်နိုင်ဝေအနေနဲ့ ကျေနပ်နားလည်တဲ့အထိ ကိုကို တောင်းပန်ရဦးမယ်၊ ဒီတော့ မြို့မှာပဲ ကိုကို ကျန်နေခဲ့မယ်"

"ကိုကို့ဘဝအတွက် တင်မေလွင်က ပထမ ကျသလား၊ နိုင်နိုင်ဝေက ပထမ ကျသလား"

အကျဉ်းအကျပ်ထဲသို့ သူ့ကို ပို့ပြီး တင်မေလွင် ဆုံးဖြတ်ခိုင်းနေ၏။ အတ္တများသော ချစ်သူ၏မျက်နှာကို ကြည့်ရင်းကပင် အဖြေပေးလိုက်သည်။

"အခု အချိန်မှာတော့ နိုင်နိုင်ဝေက အခြေအနေအရ ကိုကို့အတွက် ပထမ ဦးစားပေး ဖြစ်နေတယ်၊ ဒါကြောင့်ပဲ ကိုကို ရန်ကုန် ပြန်မလိုက်နိုင်တာ"

"ကောင်းပြီ ကိုကို၊ နောက်မှတော့ တင်မေလွင့်ကို အဆိုးမဆိုနဲ့၊ တင်မေလွင့် စိတ်ကို၊ ကိုကို အသိဆုံးပဲ နော်"





သူ့နှုတ်တို့ ဆွံ့အ,နေမိသည်။ သူ ငြိမ်သက်နေရင်းကပင် သွေးအေးပြလိုက်မိသည်။ တင်မေလွင်ကတော့ ချက်ထောင့်နီဖြင့် သူ့ရှေ့မှ ထွက်သွားလေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ၂၂

တင်မေလွင် တစ်ယောက်ကတော့ ရန်ကုန်ပြန်သွားခဲ့ပြီ။ တင်မေလွင် ပြန်သွားပြီး တစ်ပတ်ကြာတော့ သူ့ထံသို့ စာတစ်စောင် လူကြုံပါးလိုက်၏။ သူ့ကို ရန်ကုန်လိုက်လာဖို့ ခေါ်သည်။

တင်မေလွင်နှင့် မျက်နှာချင်း မဆိုင်ချင်သော စိတ်ကို ဖျောက်ပစ်လို့မရ။ သူမနှင့်လည်း တွေ့ဆုံပြီး တောင်းပန် စကား ပြောခွင့်မရပြန်။

တင်မေလွင်ထံမှ စာရပြီး သုံးရက်မြောက်သော



www.burmeseclassic.com

www.burmeseclassic.com



နေ့မှာပင် တင်မေလွင့်မေမေ အိမ်ရောက်လာသည်။ သူ့ကို ရန်ကုန်သွားဖို့ခေါ်၏။ သူ မလိုက်ချင်ကြောင်းကို မေမေတို့မှ တစ်ဆင့် ပြောခိုင်းလိုက်သည်။

တင်မေလွင့် မေမေ ဒေါ်သဖြစ်ပြီး ရန်ကုန်ကို တစ်ယောက်တည်း ဆင်းသွားသည်...ဟု သိရသည်။

"သားနဲ့ တင်မေလွင့်ကိစ္စကတော့ အပျက်အပျက်နဲ့ ခေါင်းကွဲကြလိမ့်မယ် ထင်တယ်၊ ကိုယ့်ဘက်က လျှော့သင့်တာ လျှော့လိုက်ပါကွယ်"

မေမေကတော့ ပြဿနာအစရှိပ်အကဲကို နိမိတ်စကားဖြင့် ပြောပြသည်။

ဖေဖေကတော့ သူ့ဘက်မှာပင် ရဲရဲဝံ့ဝံ့ရပ်တည်ပြလေ၏။

"ဘာလျှော့စရာ ရှိလို့လဲ၊ သားလုပ်တာတွေအားလုံး မှန်တယ်၊ သား တောင်းပန်ရမယ့်ကိစ္စကို ရအောင် တောင်းပန်ရမှာပဲ၊ ပြတ်ကြသွားကြတော့လည်း အေးတာပဲ မဟုတ်လား"

"အဖေကြီးကလည်းရှင်၊ တင်မေလွင့်အမေ ပြောသွား





တဲ့ စကားတွေကို ကြားရဲ့သားနဲ့၊ အခုအချိန်မှာ တင်မေလွင့်က အောင်မြင်မှုလမ်းကြောင်းပေါ်မှာ ရောက်နေပြီ၊ ဒီလိုဖြစ်အောင် သည်းခံအလိုလိုက်ပြီ ဖြည့်ဆည်းပေးခဲ့တာတွေက သဲထဲရေသွန်သလို ဖြစ်ရုံတင် မကဘူး၊ ကလေးတွေရဲ့ ဘဝရေ့ရေးပါ ထိခိုက်တော့မှာလေ"

"မင်းသမီးလင် မလုပ်ရလို့ ဘာမှ မဖြစ်သွားဘူး၊ ငါ့သားမှာလည်း သူ့အရည်အချင်းနဲ့သူပဲ၊ သူတို့ကိစ္စ သူတို့ဘာသာ ကြိုက်သလို လုပ်ပစေ၊ သား...ကိုယ်မှန်တယ်ထင်တာကိုတော့ လုံးဝ နောက်ဆုတ် အလျှော့ မပေးနဲ့၊ ပြတ်ထွက်သွားရင် သွားပစေ"

ကောင်းသည် ဆိုးသည်ကို သူ ဘာမှ ဝင်မပြောဖြစ်ပေ။ ဒီအခြေအနေထိ ဖြစ်လာနိုင်စရာမှ မလိုဘဲ...ဟု သူတွေးသည်။

ကံကြမ္မာကြောင့် ဖြစ်လာခဲ့ရင်တော့ အတော်လေး လွမ်းဆွတ်ဖို့ ကောင်းလိမ့်မည် ထင်၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



အတွေးများစွာကြောင့်ပင် အိပ်မရသောရက်တို့ များခဲ့ပြီ။ နံနက်တိုင်းလိုလိုပင် အိပ်ရာထ စောခဲ့၏။

ဒီနေ့မှာတော့ အိပ်ရာထက်မှာ လူးလိမ့်ပြီး မနေချင်တော့။ မျက်နှာသစ် အဝတ်အစားလဲရင်းကပင် အပြင်ထွက် လမ်းလျှောက်ဖြစ်သည်။

လမ်းမပေါ်မှာတော့ အရုဏ်ကျင်းပြီးစမို့ လူအသွားအလာ ကျဲပါးနေသေး၏။ ဆောင်းဦးနံနက်ခင်းသည် နှင်းတို့ အုပ်ဆိုင်းရသည်။

အေးအေးချမ်းချမ်းဖြင့် နှင်းတောထဲမှာ လမ်းလျှောက်ရခြင်းကို ဘာသာနှစ်သက်နေမိပြန်၏။

ဟိုတွေးဒီတွေးဖြင့် သူမဆီ စိတ်ရောက်သွားသည်။

သူမ ဆေးရုံမှ ဆင်းသွားတာ ရက်အတန်ကြာသွားခဲ့ပြီ။ သူမတို့ အိမ်ဘက်ဆီသို့ သွားချင်စိတ်ဖြစ်မိသည်။

လမ်းကြောင်းပြောင်းပြီး သူမရှိရာသို့ လျှောက်လာခဲ့သည်။ ကံကောင်းသည်လားမသိ။ သူမတို့ ခြံဝင်းတံခါးဖွင့်လာသည်ကိုတွေ့၏။ ထွက်လာသော လူရိပ်ကြောင့်ပင် သူ့ရင်တို့ ခုန်သွားမိသည်။





ကြည့်စမ်းပါဦး ... နှင်းစက်တွေကြားထဲမှာ အဝါရောင် ဆွယ်တာဖြင့် သူမ လမ်းလျှောက်ဖို့ ထွက်လာခြင်းပဲ။

အနီရောင် သိုးမွေးဦးထုပ်လေးကို သူမ ဆောင်းထားသေးသည်။

သူမကတော့ ပတ်ဝန်းကျင်ကို ဂရုမထား။ ဦးတည်ရာ လမ်းကြောင်းအတိုင်း လျှောက်နေ၏။ နောက်ပါးဆီမှ သူ ကပ်ပါလာသည်ကို ဂရုပြုဟန်မတူ။

ခြေလှမ်းကို သွက်သွက်လှမ်းပြီး အမီလျှောက်မိသည်။ အနားရောက်သည်နှင့် တီးတိုးခေါ်ဆိုမိသည်။

"နိုင် ... လမ်းလျှောက်နိုင်ပြီလား"

သူမ ၏အကြည့်မှာ အံ့သြခြင်း၊ ထိတ်လန့်ခြင်းတွေ ရောပြွမ်းသွားပုံရသည်။ သေးတိုက်မြင်ရသော သူမ ပါးပြင်ထက်မှာ ဒဏ်ရာကို အထင်သားတွေ့နေရသည်။

"ဟုတ်တယ်၊ တချို့လူတွေက သေစေချင်ပေမယ့် ဘုရားသခင်ကတော့ သေခွင့်မပေးခဲ့ဘူး"

သူ့ရင်ကို ထိသောစကား ...။ အနက်ပါပြီး အဓိပ္ပာယ်များစွာ ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နိုင့်ကို သေစေချင်တဲ့အထဲမှာ ကျွန်တော် မပါ,ပါဘူး နိုင်၊ နိုင့်စကားနဲ့ ပြောရရင်တော့ ဘုရားသခင်က အသိဆုံးပါပဲ"

"နိုင်ခြေထောက်က ဒဏ်က နည်းနည်းကျန်သေးတယ်၊ ဆရာဝန်က အကြောပြန်ကောင်းအောင်ဆိုပြီး နှင်းတောထဲမှာ လမ်းလျှောက်ခိုင်းတယ်၊ ဟောဒီပါးပြင်မှာ ဒဏ်ရာက အကင်းမသေသေးဘူး ရှင့်၊ လိမ်ညာတဲ့အထဲမှာ ပြောင်လိမ်တာက အဆိုးဝါးဆုံးပဲ၊ အခံရခက်ဆုံးပဲ"

"မှန်ရာကို ဘယ်သစ္စာဆိုရမလဲ နိုင်၊ မတော်တဆလို့ ပြောရင် မလုံလောက်ဘူးဆိုတာ သိပါတယ်၊ ကျွန်တော့်စိတ်မှာ ကြိုတင်ရည်ရွယ်ပြီး လုပ်ခဲ့တာ မဟုတ်ပါဘူး၊ ကံကြမ္မာက ကျွန်တော်တို့ အားလုံးကို လှည့်စားလိုက်တာပါ"

ဒီအခြေအနေထိ စကားပြောခွင့် ရှင်းပြခွင့်ရသည်ကိုပင် သူ့အနေနှင့် ကျေနပ်ဝမ်းမြောက်လှပြီလေ။

"ယုံချင်စရာပါပဲ၊ အားလုံးက အိပ်မက်မှ မဟုတ်ဘဲ၊





နိုင်က တကယ့်ကို မြေစာပင်ဖြစ်ခဲ့တာ၊ ကိုစိုးသစ်နဲ့ ရှင်တို့ရဲ့ ပြိုင်ဆိုင်မှုတွေ အခဲမကြေမှုတွေကြားမှာ ရောက်သွားခဲ့တာကိုက ကံဆိုးလွန်းတာပါ၊ ရှင့်ကို ဒီလောက်ထိ လုပ်ရက်လိမ့်မယ်လို့ မထင်ထားမိဘူး၊ နိုင့်ကိုယ်၌က လူကဲခတ် ညံ့သွားခဲ့တာပါ၊ လောကမှာ ရှင့်လို ယောကျ်ားမျိုး၊ စိုးသစ်လို လူစားမျိုး ရှိနေတယ်ဆိုတာကိုတော့ ဒီအဖြစ်အပျက်နဲ့ တွဲပြီး သိလိုက်ရတာပဲ မြတ်ပါတယ်"

"မဟုတ်ဘူး နိုင်၊ ကျွန်တော် နိုင် ကျေနပ်တဲ့ အထိ တောင်းပန်ဖို့၊ သက်သေပြဖို့ ဆုံးဖြတ်ထားတာပါ၊ ကျွန်တော့် စကားတွေကို နိုင် ယုံလာအောင် ဘာလုပ်ပေးရမလဲ"

"နိုင် ပြောခဲ့ပြီးပါပြီ၊ နိုင်နဲ့ တွေ့ဖို့ မကြိုးစားခြင်းကိုက အကောင်းဆုံးပါပဲလို့၊ ကဲ … ဒီနေရာကပဲ ရှင်နောက်ကြောင်းပြန်ပါတော့၊ နိုင့်ခရီးကို နိုင်တစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားပါရစေတော့ရှင်"

သူ့ခြေလှမ်းများကို ရပ်တန့်စေသော စကား။



www.burmeseclassic.com

www.burmeseclassic.com



လိုက်နာခြင်းတွေက အလိုလို ဖြစ်လာ၏။ သူ့ခြေလှမ်းတို့ကို ရပ်လိုက်ရသည်။

သူ့ရင်ထဲမှာတော့ အမည်မဖော်နိုင်သော ခံစားမှုတစ်ခုကို ရရှိလိုက်သည်ပဲလေ။

◆ ◆ ◆

(၂၃)

တင့်ဆေနှင့် မတွေ့တာကြာပြီမို့ တင့်ဆေစက်ရုံသို့ ထွက်လာဖြစ်သည်။ အလုပ်ထဲမှာ တင့်ဆေ ရှိမနေ။ ကိစ္စတစ်ခု ရှိသောကြောင့် အပြင်ခဏထွက်သွားသည်...ဟု ပြောသည်။

အလုပ်သမားတွေကတော့ စက်ရုံမှာပဲစောင့်ဖို့ ပြောသည်။ တင့်ဆေ ပြန်လာပါက လက်ဖက်ရည်ဆိုင်သို့ လိုက်ခဲ့ရန်မှာပြီး သူထွက်လာဖြစ်သည်။

လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သည်နှင့် သူ့ကို လူတွေဝိုင်းကြည့်ကြသည်။ သူတို့ဖြစ်ပျက်ခဲ့သောကိစ္စများသည်



www.burmeseclassic.com

www.burmeseclassic.com



ရက်တွေ ကြာသွားသည့်တိုင် လူတွေ အသိထဲမှာ စွဲမြဲနေဆဲပင်။

တင့်ဝေနှင့် ချိန်းထားသည့်မို့ ဒီဆိုင်မှာပဲ ထိုင်စောင့်ရသော ရှိတော့၏။ လူတွေကတော့ တီးတိုးတီးတိုးဖြင့် ဘာအကြောင်းတွေ ပြောနေကြသည်မသိ။ ထိုင်နေဆဲမှာပင် ဆိုင်မှကောင်လေးက သတင်းစာ လာချပေး၏။ သတင်းစာကို သူ ကောက်မကိုင်ဖြစ်ခဲ့ပေ။

"စက်ရုံမှာပဲ စောင့်နေရင်ပြီးရော အောင်ခိုင်ထွန်းရာ ငါ ခဏလေး ထွက်သွားတာကွ"

တင့်ဝေ ရောက်လာသောကြောင့်ပင် သူ အလိုလို အားရှိသွား၏။ ပထမတုန်းကတော့ ဒီဆိုင်ထဲမှာ လူတွေရှိနေကြပေမယ့် သူနှင့် ဆက်စပ်မပတ်သက်သလို ခံစားနေဖြစ်ခဲ့၏။

"မင်းအလုပ်သမားတွေက စောင့်ခိုင်းပါတယ်၊ ငါ မစောင့်ဘဲ တမင်ထွက်လာခဲ့တာ"

"ဒီသတင်းစာကို မင်းဖတ်ပြီးပြီလား၊ ပြီးတော့ စိုးသစ်အကြောင်းရော မင်း ကြားပြီးလောက်ရောပေါ့"

စားပွဲထိုးလေး လာချပေးသွားသော သတင်းစာကို ကောက်ကိုင်ရင်း တင့်ဝေ ပြော၏။





တင့်ဝေ စကားထဲမှာ စိုးသစ်က ဘယ်လိုပါလာသည် မသိပေ။

"တွေ့တွေ့ထူးထူးတော့ ငါ ဘာမှမကြားဘူး၊ ဒီရက်ပိုင်းတွေမှာ မင်းနဲ့ မတွေ့ဖြစ်တာ ကြည့်လေ၊ ငါ အိမ်ထဲက အိမ်ပြင်တောင် သိပ်ထွက်ဖြစ်တာ မဟုတ်ဘူး၊ ဒီသတင်းစာက မနေ့ကထုတ်တဲ့ သတင်းစာ မဟုတ်လား"

စိုးသစ်အကြောင်း ဘာမှ မသိဘူးဆိုသောကြောင့် တင့်ဝေ အံ့ဩနေပုံရသည်။ ဒါဆိုရင် သူ့ရှေ့ကို သတင်းစာလာချပေးခြင်းနှင့် လူတွေ သူ့ကိုကြည့်ပြီး တီးတိုးပြောနေကြခြင်းမှာ စိုးသစ်နှင့် ပတ်သက်တာပဲ ဖြစ်ရမည်။

"ဒီမှာပါတဲ့ လက်ထပ်ပြီးစီးခြင်းကို မင်း အရင်ဖတ်ကြည့်လိုက် အောင်ခိုင်ထွန်း"

တင့်ဝေ အသင့်လှန်ပေးသော စာမျက်နှာကို အရင်ဖတ်ကြည့်လိုက်သည်။ စိုးသစ် မင်္ဂလာဆောင်ဆိုက်ပါရောလား။ ဘာတွေ ဘယ်လို ဖြစ်ကုန်ပြီမသိ။ ဒါဆိုရင် သူမကရော သူမနှင့် ပြဿနာ ဖြစ်ပြီးနောက်ပိုင်း စိုးသစ်နှင့် မတွေ့ဖြစ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရက်ပိုင်းမှာတော့ စိုးသစ်အကြောင်းက မြို့မှာ လူပြော များနေတာကွ၊ မင်းအချုပ်ထဲဝင်ပြီး နိုင်နိုင်ဝေ ခေါ်းရုံက မဆင်းခင်မှာပဲ စိုးသစ် ရုတ်တရက်ပျောက်သွားတာ ဒီနေ့အထိပဲ၊ သတင်းစာထဲမှာ ဒီလက်ထပ်တဲ့သတင်း ပါမလာခင်ကတည်းက မန္တလေးမှာ မိန်းမတစ်ယောက် နဲ့ အမြန်လက်ထပ်ဖြစ်တယ်ဆိုတာ သတင်းထွက်နေ တာ၊ သူ့မိဘတွေတောင် မန္တလေးကို အားချင်းလိုက် သွားရတာလေ၊ ဘာမှန်းညာမှန်း မသိရတော့ လူတွေက အမျိုးစုံပြောနေတာပဲ၊ စိုးသစ်လုပ်ပုံကိုင်ပုံတွေကလည်း ပြောစရာ ဖြစ်နေတာကိုး၊ သတင်းစာထဲမှာ ဒီသတင်း ပါလာတော့ အရမ်းကို သေချာသွားတာပေါ့"

တင့်ဝေစကားများကို နားထောင်နေရင်းကပင် သူမ မျက်နှာလေးကို ပြေးမြင်မိလိုက်သည်။ ဒီသတင်းတွေကို သူမ, မကြားဘဲ နေမှာမဟုတ်။ ဒီသတင်းစာကိုလည်း သူမ ဖတ်ပြီးလောက်ပြီထင်၏။

"နိုင်တစ်ယောက်တော့ အရမ်းရှက်နေမှာပဲနော်၊ စိုးသစ်က နိုင့်ကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာ မဟုတ်လား"





"မင်းကလည်းကွာ ဒီကောင်က စီးပွားရေးသမား၊ လူလည်၊ ရောက်လေရာ နေရာတိုင်းမှာ နိုင်နိုင်ဝေလို မိန်းကလေးမျိုးတွေကို ဘယ်နှစ်ယောက် ကတိပေးထား ခဲ့သလဲမှ မသိတာ၊ စိုးသစ်ကို အထင်ကြီးနေတဲ့ နိုင်နိုင်ဝေ၊ အဖေတော့ တစ်ခါတည်း ငြိမ်ကျသွားမှာပဲ"

"ငါ နိုင်နဲ့ သွားတွေ့ချင်တယ်"

"တစ်ပူပေါ် နှစ်ပူဆင့်သလို ဖြစ်နေပါ့မယ်ကွာ"

"ငါ သွားတွေ့မယ်ကွာ၊ မင်း အဖော်လိုက်ခဲ့၊ အခုချိန်မှာ နိုင် အရမ်းအားငယ်နေရှာမှာ၊ နိုင့်အတွက်ကတော့ ကြမ္မာဆိုးတွေ ဆက်တိုက်ဝင်နေတာ"

"အေးလေ မင်းသွားချင်တယ်ဆိုရင်တော့ ငါလိုက်ခဲ့ ပေးပါ့မယ်၊ မင်းကို တစ်ခုတော့ ငါမေးချင်တယ် အောင်ခိုင်ထွန်း"

တင့်ဝေကတော့ အပေးအယူ သဘောမျိုးဖြင့် ပြောလာသည်။

"ဘာမေးမှာလဲ"

"ငါ့အမြင် ပြောရရင် မင်းနဲ့ ပြဿနာ ဖြစ်ပြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ မင်းအပြုအမူတွေက နိုင်နိုင်ဝေ့ အပေ
မှာ လိုတာထက် ပိုနေသလားလို့၊ မင်း တောင်းပန်မယ်
ဆိုတဲ့ ကိစ္စတစ်ခုတည်းနဲ့ တင်မေလွှင်နဲ့တောင် ကွဲကြ
ပြီကြဖို့ ဖြစ်လာနေရပြီ မဟုတ်လား"

တင့်ဝေ အမေးစကားတွေကို အခုအချိန်မှာ သူ
တွေးမနေချင်။

ရင်ထဲရှိသည့်အတိုင်းပင် သူ ပြန်ပြောလိုက်၏။

"ဒီအကြောင်းတွေကို သေသေချာချာ ငါမတွေးချင်ဘူး
စဉ်းလည်း မစဉ်းစားချင်ဘူး၊ အခုချိန်မှာ နိုင့်ကို
သွားတွေ့ပြီး အားပေးစကား ပြောချင်တာပဲ သိတယ်
တင့်ဝေ"

တင့်ဝေတစ်ယောက်ကတော့ အလိုက်သိစွာဖြင့်
သူ့ကို ထပ်မမေးတော့ပေ။

တင့်ဝေနှင့်အတူ သူမ၊ရှိရာသို့ နှစ်ယောက်သား
ထွက်ခဲ့ကြသည်။

◆ ◆ ◆





သူမတို့ အိမ်ရှေ့ရောက်တော့ အထဲဝင်ဖို့ တွန့်ဆုတ်နေမိပြန်သည်။ တင့်ဝေက ဝင်းတံခါးကို တွန်းဖွင့်ပြီး ဝင်သည်။ တင့်ဝေ ဦးဆောင်မှု နောက်မှပင် သူလိုက်ခဲ့ရသည်။

သူမတို့ အိမ်လေးကတော့ လိုအပ်သည်ထက် တိတ်ဆိတ်နေသည်...ဟု စိတ်ထဲမှာ ထင်မိသည်။

"လာကြပါ ... ခဏထိုင်ကြပါဦး ... ဦးလေးကတော့ ရုံးသွားနေပါတယ်"

အမျိုးသမီးကြီးကတော့ သူနှင့် တင့်ဝေကို မျက်မှန်းတန်းမိနေသောကြောင့်ပင် ခရီးဦးကြို၏။ သူမ၏ အရိပ်အယောင်တော့ မတွေ့ရပေ။ ရှက်စိတ်ဖြင့် သူမ ထွက်တွေ့ပါ့မလား...ဟု စိတ်ပူမိသည်။

"ဒါနဲ့ နိုင်နိုင်ဝေရော ရှိပါသလား ခင်ဗျာ၊ သူနဲ့တွေ့ဖို့ ကျွန်တော်တို့ လာခဲ့ကြတာပါ"

"နိုင် ဒီမှာ မရှိတော့ဘူးကွယ့် ..."

"ဗျာ ..."

တင့်ဝေ တစ်ယောက်အဖို့ ဘာမှ ထူးထူးခြားခြား



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သော်လည်း သူ့အာမေဋိတ်သံကတော့ တထိတ်တလန့်ဖြင့် ကျယ်လောင်သွားရသည်။

အခြေအနေကို ထိန်းသိမ်းလိုက်သည့်အနေဖြင့် တင့်ဝေ မေးခွန်းထပ်မေးလိုက်သည်။

"ဒီမှာ မရှိဘူးဆိုရင် ဘယ်များသွားလို့လဲ"

"ဒီမြို့မှာဖြစ်နေတဲ့ သတင်းတွေကို မောင်ရင်တို့လည်း ကြားမှာပေါ့၊ အဲဒီသတင်းတွေကြောင့်ပဲ ရန်ကုန်ပြန်သွားတယ်၊ ဟိုမှာ သူ့ အဒေါ်တွေ ရှိတယ်လေ"

ကိစ္စက ပြီးနေပြီ။ ဒီအတိုင်းပင် သူတို့ ထ,ပြန်ဖို့သာ ရှိတော့၏။ သူ့အဖို့မှာတော့ စကားတွေပြောဖို့ ဆွံ့အ,နေရသည်။ တင့်ဝေ၏ နှုတ်ဆက်ခြင်းနှင့် အတူ ထ,ပြန်ဖြစ်ခဲ့၏။

"ကဲ...မင်း ဘာဆက်လုပ်ချင်သေးလဲ အောင်နိုင်ထွန်း"

"မနက်ဖြန် ငါ ရန်ကုန် လိုက်သွားမယ် တင့်ဝေ"

သူ့စကားကြောင့်ပင် တင့်ဝေမျက်နှာ အရောင်ပြောင်းသွား၏။

"ဘာလဲ တင်မေလွင့်ဆီ သွားမှာလား"





"မဟုတ်ဘူး တင့်ဝေ၊ နိုင်နဲ့တွေ့ဖို့ ငါသွားမှာ"

"မင်းတို့ဇာတ်လမ်းကတော့ ငါလိုက်မမီတာ အမှန်ပဲ၊ ကြည့်လုပ်ပေါ့ အောင်နိုင်ထွန်းရာ"

တင့်ဝေကို သူ ရှင်းမပြချင်တော့ပေ။

ရှင်းပြစရာ လုံလောက်သော စကားများလည်း သူ့ဆီမှာ ရှိမနေ။

အဓိက အဖြစ်ချင်ဆုံးကတော့ သူမနှင့် တွေ့ရဖို့ပင် ဖြစ်၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## (၂၄)

ရန်ကုန် ရောက်လာပြီးမှ သူ သေသေချာချာ စဉ်းစားမိသည်။ သူမအဒေါ်နေသော လိပ်စာကို သူ မသိပေ။ ရန်ကုန်ရောက်နေမှတော့ တွေ့အောင်ရှာမည် ... ဟုသာ အလွယ်တွေးလိုက်၏။

ကားတစ်စီး ငှားသည်အထိ သူသွားမည့် ခရီးမှာ ရေရေရာရာ မရှိသေးပေ။ တင်မေလွင့် ဆီကိုတော့ သူ မသွားချင်။ နောက်ဆုံးမှာတော့ ဦးလေးဝင့်နိုင်တို့အိမ်သို့ ပြောပြီး အမောင်းခိုင်းလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးဆောင်အိတ်ကိုဆွဲပြီး အိမ်ပေါ်တက်သည် နှင့် ဦးလေးဝင့်နိုင်နှင့် တည့်တည့်တိုးသည်။

"မင်းကလည်း အခုမှပဲ ပေါ်လာတော့တယ်၊ ဒီမှာ အပြောင်းအလဲတွေ အများကြီး ဖြစ်နေတယ်"

"ဟုတ်လား ဦးလေး၊ အခုလည်း လူတစ်ယောက်ဆီ လာချင်တာနဲ့ ထွက်လာတာ၊ နောက်မို့ဆို ရန်ကုန်ကို ခြေချဖြစ်မှာ မဟုတ်ဘူး"

"နေစမ်းပါဦး၊ မင်း တွေ့ချင်တဲ့ လူက ဘယ်သူလဲ"

"နိုင်နိုင်ဝေလေ ဦးလေး၊ စိုးသစ်အကြောင်းကို ဦးလေး လည်း ကြားပြီးရောပေါ့"

"တိုက်တိုက်ဆိုင်ဆိုင်ပဲ အောင်ခိုင်ထွန်း၊ မနေ့ကပဲ နိုင်နိုင်ဝေနဲ့ တွေ့ဖြစ်တယ်"

"ဟုတ်လား ဦးလေး၊ သူနေတဲ့နေရာကို ဦးလေးသိလား"

ဦးလေးကတော့ သူ့အဖို့ ရေငတ်တုန်း ရေတွင်း ထဲ ကျသလိုမျိုး ဖြစ်နေတော့၏။

"သုဝဏ္ဏမှာနေတာကွ၊ နေဦး ဒီမှာ သူရေးပေးထားတဲ့ လိပ်စာ-အတိအကျရှိတယ်"



ဦးလေးထုတ်ပေးသော စာရွက်လေးကို သူ ယူလိုက်သည်။ ဒီအတိုင်းဆိုရင်တော့ သူမကို တွေ့ဖို့ကို အရှမ်းကို လွယ်ကူသွား၏။

"နိုင်နိုင်ဝေ သနားပါတယ်၊ သူ့မှာ စိတ်ရောကိုယ်ပါ အကုသိုလ်ဆိုးတွေ ဆက်တိုက်ဖြစ်ရရှာတယ်"

"နေပါဦးကွာ၊ မင်းကသာ သူများကို လျှောက်သနား နေတာ၊ တကယ်တမ်းမှာ မင်းကလည်း သနားစရာ ကောင်းတဲ့သူ ဖြစ်နေတယ်ဆိုတာကိုရော မင်း သတိ မထားမိဘူးလား"

ဦးလေးဝင့်နိုင်စကားကို သူ အတိအကျ နားလည် နိုင်စွမ်းမရှိ။

ဘာကြောင့်များ သနားစရာကောင်းသောသူ ဖြစ်နေသနည်း။

"ကျွန်တော် မသိတာ အမှန်ပဲ"

"အေး . . . ဒီမှာတော့ မပြောချင်ဘူး၊ တစ်ဆိုင်ဆိုင်သွား ပြီး ပြောကြတာပေါ့၊ ပြန်ရောက်မှပဲ မင်း အေးအေး ဆေးဆေးနားပေါ့ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဝင့်နိုင်ပြောသော အစီအစဉ်ကို သူ လက်ခံလိုက်သည်။

အိမ်မှာဆိုရင် စကား လွတ်လွတ်လပ်လပ် ပြော လို့ရမှာ မဟုတ်မှန်း သူလည်း သိသည်။

ဦးလေးဝင့်နိုင်ကတော့ အပြင်သွားဖို့ အသင့် ပြင်ဆင်ပြီးပုံရသည်။

◆ ◆ ◆

"တင်မေလွင်ကတော့ မထင်မှတ်ဘဲကို အောင်မြင်နေ တာ အောင်နိုင်ထွန်း၊ ကံကြမ္မာ အလှည့်အပြောင်းပေါ့ ကွာ၊ မင်းတို့ပြဿနာဖြစ်ပြီး သူ ရန်ကုန်ပြန်ရောက် လာတဲ့အချိန်က စ,တယ်လို့ ပြောရမှာပဲ၊ အခုဆိုရင် ရုပ်ရှင်ကုမ္ပဏီတစ်ခုက လူငယ်တစ်ယောက်နဲ့ အတော် လေး တွဲနေတယ်၊ မင်းကလည်း အနားမှာ ရှိမနေ၊ ငါကလည်း ငါ့အလုပ်နဲ့ငါဆိုတော့ အခုဆိုရင် အဲဒီ





ကုမ္ပဏီရဲ့ ပင်တိုင် မင်းသမီး ဖြစ်နေပြီ၊ တင်မေလွင် ကြောင့်ပဲ အဲဒီပုဂ္ဂိုလ်လေးတောင် ဒါရိုက်တာတွေ ဘာတွေ တက်လုပ်နေပြီ"

"သူ့ကုသိုလ်နဲ့ သူပဲ ဦးလေးရာ၊ ကျွန်တော်တို့က ဘာမနာလိုစရာ ရှိမှာလဲ၊ ကျွန်တော်တို့အပိုင်းက တာဝန် ကျေအောင် လုပ်ပေးပြီးခဲ့ပြီပဲ"

"အရာရာအတွက်ရော၊ တင်မေလွင့်ကိုပါ မင်း မနမြော ဘူးလား အောင်နိုင်ထွန်း"

"သူ့အကြောင်းနဲ့သူပါ ဦးလေး၊ တင်မေလွင့်ကိစ္စ ကတော့ ကျွန်တော်လည်း ကြားသင့်သလောက် ကြား ပြီးသားပါ၊ နိုင်နိုင်ဝေနဲ့တွေ့တော့ ကျွန်တော့်အကြောင်း ဘာတွေများ ပြောသေးလဲ"

ဦးလေးဝင့်နိုင်ကတော့ မချွင်းမချန် အကုန်ပြောပြ သည်။

"ငါနဲ့မတွေ့ခင်အထိ မင်းအပေါ်မှာ အရင် အတိုင်းပဲ မကျေမချမ်းဖြစ်နေတာ၊ မင်းအနေနဲ့ လုပ်ရက်တယ် ဆိုပြီး တော်တော် စိတ်မကောင်းဖြစ်နေတာ၊ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ငါရှင်းပြတယ်၊ သူ့ကို တောင်းပန်ဖို့အတွက် တင်မေလွှင်နဲ့ ရန်ကုန်လိုက်မလာဖြစ်တာကအစ၊ တင်မေလွှင် နဲ့ ပြဿနာဖြစ်ပြီး မင်းတို့ တင်မေလွှင်တို့ရဲ့ နောက်ဆုံး အခြေအနေအထိ ငါရှင်းပြလိုက်တယ်"

"သူ့သဘောထားက ဘယ်လိုရှိလဲ ဦးလေး"

"မင်းကို သူ့တွေ့ချင်တယ်လို့ ပြောတယ်၊ စိုးသစ်ကြောင့် သူ့အဖေဆီကို တော်တော်နဲ့ မပြန်ဖြစ်သေးပါဘူးလို့လည်း ပြောတယ်၊ အကြောင်းစုံသိတော့ သူလည်း မင်းအတွက် စိတ်မကောင်း ဖြစ်နေပုံပဲ"

"ဒါဆိုရင် သူ့ကို သွားတွေ့ရင် သူ လက်ခံစကားပြောမှာ သေချာတာပေါ့နော်"

"အေး... ဒါပေမယ့် မင်းရန်ကုန်ရောက်တုန်း နောက်တစ်ယောက်ကို အရေးတကြီး တွေ့ရလိမ့်မယ်၊ တင်မေလွှင်နဲ့ တွေ့မှဖြစ်မယ်၊ ကောလာဟလတွေကတော့ ငါတို့ဝန်းကျင်မှာ အများကြီးပဲ၊ ငါ့အထင်တော့ အခုအခြေအနေမှာ အားလုံးအတွက် ဆုတ်သာတက်သာ အနေအထားမျိုးပဲ၊ မင်း တင်မေလွှင်နဲ့ ဆွေးနွေးကြည့်





လိုက်ပါဦး၊ ငါ တင်မေလွှင်နဲ့ တွေ့စရာရှိတယ်၊ မင်းရောက်နေတယ်ဆိုတာကို ငါပြောပြလိုက်မယ်"

"တွေ့တာပေါ့ ဦးလေးရာ"


တကယ်တမ်းမှာတော့ တင်မေလွှင်နှင့် တွေ့ချင်စိတ်မရှိ။ တင်မေလွှင် တစ်ယောက် သူ့ကိုတွေ့ပြီး အားနာပါးနာ ကိစ္စတွေ ဖြစ်နေရဦးမည်။ သူ့အတွက်ကြောင့်ပင် ရှေ့ဆက်လျှောက်ရမည့်ခရီးမှာ စိတ်အနှောင့်အယှက်ဖြစ်ရမှာကို သူ မလိုလားပေ။

လွတ်လပ်စွာဖြင့် တင်မေလွှင့်ကို လမ်းဆက်လျှောက်စေချင်၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## (၂၁)

ဦးလေးဝင့်နိုင်နှင့် လမ်းခွဲပြီး သူ အိမ်ပြန်ခဲ့သည်။ ဦးလေးဝင့်နိုင်ကတော့ အလုပ်ဆက်သွား၏။

အိပ်မပျော်သော ညများစွာကြောင့်ပင် ခရီးပန်းပြီး လှဲရင်းကပင် သူ အိပ်ပျော်သွားခဲ့သည်။ ဦးလေးတို့ အိမ်သားတွေကလည်း သူ့ကို မနှိုးကြပေ။

ဦးလေး ပြန်ရောက်လာပြီး သူ့ ကိုနှိုးတော့မှ အိပ်ရာ ထ,ဖြစ်၏။

"ဟော့ကောင်...အပြင်မှာ တင်မေလွင် ပါလာတယ်၊ ငါ ရအောင် ခေါ်လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဦးလေး၊ မျက်နှာသစ်ပြီးတာနဲ့ ကျွန်တော် ထွက်လာခဲ့ပါ့မယ်"

ဦးလေးကိုပြောပြီး လုပ်စရာရှိသည်များကို ပြီးပြတ်အောင် အမြန်လုပ်လိုက်ရသည်။ မတွေ့တာ ရက်အတန်ကြာပြီဖြစ်သော တင်မေလွင်ကတော့ အချယ်အသာများဖြင့် လှလွန်းနေ၏။

"ကိုကို ရန်ကုန်ရောက်တာတောင် တင်မေလွင့်ဆီ ဘာလို့ မလာတာတုန်း"

"ဒီနေ့မှရောက်တာ တင်မေလွင်"

"တင်မေလွင့်ဆီ လိုက်လာတာလား ... ကိုကို"

သူတို့နှစ်ယောက် စကားပြောတော့ အိမ်သားတွေက အလိုလို ရှောင်ပေးကြသည်။

တင်မေလွင့် အမေးစကားကို မလိမ်ညာဘဲ အမှန်အတိုင်းပင် သူဖြေလိုက်မိ၏။

"မဟုတ်ဘူး တင်မေလွင်၊ နိုင်နိုင်ဝေနဲ့ တွေ့ရအောင် ရန်ကုန်လိုက်လာခဲ့တာ၊ ကိုကို့အနေနဲ့ နိုင်နိုင်ဝေကို ကိုယ်တိုင်ကိုယ်ကျ မတောင်းပန်ရသေးဘူး၊ ဒီအတွက် ရန်ကုန် လိုက်လာခဲ့တာ"





တင်မေလွင့် မျက်နှာ ပျက်သွားသည်ကို သူ သတိထားမိလိုက်သည်။

စိမ်းပြတ်သောစကားများစွာဖြင့် တင်မေလွင် ထိုးနှက်တော့၏။

"ဒီစကားကြားရတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ် ကိုကို၊ ကျန်နေတယ်လို့ ထင်တဲ့ သံယောဇဉ်တွေ အကုန်အစင်ပြီးပြတ်သွားတာပေါ့၊ တင်မေလွင့်အဖို့ လုပ်စရာရှိတာကို လိပ်ပြာသန့်သန့်နဲ့ လုပ်ခွင့်ရသွားတာပေါ့"

"အခုချိန်ထိ တင်မေလွင်ကို ဘာအပြစ်တင်စကားမှ မပြောရသေးဘူး၊ နောက်လည်း ပြောမှာ မဟုတ်ဘူး တင်မေလွင်၊ လူဆိုတာက ကိုယ့်ဘဝ ကိုယ့်ကံကြမ္မာကို အခြားလူဝင်ပြီး ဆုံးဖြတ်ပေးလို့မှ မရတာ၊ ကိုကို နားလည်ပါတယ် တင်မေလွင်"

ဒီစကားတွေကို ပြောလိုက်ရပေမယ့် သူ့ရင်ထဲတော့ နာကျင်နေ၏။ သူနှင့်ပြဿနာဖြစ်ပြီး အချိန်အတောအတွင်းမှာပင် တင်မေလွင့်အဖို့မှာ အပြောင်းအလဲကြီး ပြောင်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ တင်မေလွင် ပြန်တော့မယ်၊ ဦးလေးဝင့်နိုင်ကို နှုတ်ဆက်တယ်လို့ ပြောပေးပါ"

သူ ခေါင်းညိတ်ပြလိုက်သည်။

အနှစ်နှစ် အလလ ရှိခဲ့ဖူးသော သံယောဇဉ်တို့သည် သဲထဲရေသွန်သလို ဘာမှ မကျန်တော့မှန်း သူသိလိုက်ရသည်။

◆ ◆ ◆

"ဘယ်လိုဖြစ်ကြတာလဲကွာ၊ မင်းတို့ ပြောတာတွေကိုငါ အားလုံးကြားတယ်၊ မင်းကလည်း အလျှော့ပေးပြီး စကားကို မပြောဘူး၊ တင်မေလွင်ကလည်း နောက်ဆံငင်စရာ မလိုတော့ဘူးဆိုပြီး အလွတ်ရုန်းထွက်တယ်၊ မင်းတို့ ဇာတ်လမ်းက အခုမှ ပြီးသွားပြီဘာမှကို ဆက်စပ်လို့ မရတော့ဘူး အောင်ခိုင်ထွန်း"





"ကျွန်တော်ဘက်က သံယောဇဉ်တွယ်ပြနေရင် သူ့အတွက် လုပ်ရကိုင်ရ ခက်နေမှာပေါ့ ဦးလေး၊ သူလုပ်ချင်ရာကို သူ့ဘာသာသူ လွတ်လွတ်လပ်လပ် လုပ်ပါစေ ဦးလေးရာ"

"မင်းတို့တွေက ငယ်ငယ်ကတည်းက အတူနေခဲ့ကြတဲ့ သူငယ်ချင်းတွေ၊ ပြီးတော့ ချစ်သူတွေပဲ"

ဦးလေးဝင့်နိုင် စကားကတော့ တကယ့်ကို လွမ်းဆွတ်ချင်စရာ ကောင်းနေပြန်၏။

သူတို့အနားသို့ ရောက်လာသော ဦးလေးဝင့်နိုင်မိန်းမက ဝင်ပြောလိုက်သည်။

"ဘာဖြစ်ရဦးမှာလဲရှင်၊ ဆယ်နှစ်ဆယ်မိုး အတူပေါင်းလာတဲ့ လင်မယားတောင် အကြောင်းမသင့်ရင် ကွဲကြရသေးတာပဲ၊ အခုကိစ္စမှာ မောင်အောင်ခိုင်ထွန်း လုပ်မိတဲ့အပြစ်က ဘာမှ ကြီးကြီးကျယ်ကျယ် မရှိဘူး၊ တင်မေလွင် လုပ်တာတွေကို ရှင်လည်း သိတယ်၊ ကျွန်မလည်းသိတယ်၊ တင်မေလွင် ဖြစ်လာအောင် ရှင်တို့ မောင်



www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်ထွန်းတို့ ဘယ်လောက် အပင်ပန်းခံခဲ့ကြသလဲ၊ အခု အခြေအနေမှာ ရှင့်ကိုမပြောနဲ့ မောင်အောင်နိုင်ထွန်းရဲ့ မျက်နှာကိုတောင် ငဲ့လို့လား၊ အပြစ်တွေအားလုံးကို တမင်ပုံချတာ၊ အခုတော့ ကိစ္စအားလုံးကို ထင်ထင်ပေါ်ပေါ်လုပ်လို့ ရသွားပြီပေါ့”

“အင်း...လူ့ဘဝ လူ့သဘောတွေကတော့ ဆန်းကျယ်သားပဲ၊ မင်းနဲ့ တင်မေလွင်ကို တစ်နေ့မှ ဒီလိုဖြစ်လာလိမ့်မယ်လို့ အိပ်မက်တောင် မမက်ဖြစ်ဘူး”

“ကံပဲပေါ့ ဦးလေးရယ်၊ တကယ်ဖြစ်လာတော့လည်း အိပ်မက်ထက်တောင် ဆန်းကြယ်နေသေးတာ မဟုတ်လား၊ ဒေါ်လေးပြောသလို တရားဝင် လင်မယားတောင်မှ ကွဲကြကွာကြသေးရင် ချစ်သူဆိုတာ ပိုလို့တောင် ကွဲကွာလို့ ကောင်းတာပေါ့”

သူ့နှုတ်စကား မထင်မှတ်သော အခြေအနေကြောင့် တင်မေလွင်နှင့် လွဲခဲ့လေသလား။

သူ အသုံးမကျလို့များလား၊ တိုက်ဆိုင်ခြင်းတွေအတွက် ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့ပေ။

ရွှေသမင်စာပေ



အပြစ်တင်ကြေးဆိုရင်တော့ သူ့ကိုယ်သူပင် ပထမဆုံး အပြစ်တင်ရမည်လေ။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

(၂၆)

နောက်နေ့မနက်ခင်းမှာပင် သူမ့ရှိရာသို့ သူ သွားခဲ့သည်။ သူရောက်သွားတော့ သူမ ရှိမနေ။ အဒေါ်ဖြစ်သူနှင့် ဈေးလိုက်သွား၏။ အိမ်မှ လူများက အစောင့်နိုင်းသော်လည်း အားနာသောကြောင့် လမ်းထိပ်ဆိုင်မှ စောင့်မည်...ဟု ပြောထားခဲ့မိသည်။

လမ်းမနှင့် ကပ်နေသော စားပွဲမှာ ဝင်ထိုင်သည်။ ဝမ်းထဲမှာ ဟာတာတာ ရှိသဖြင့် မြီးရှည်တစ်ပွဲ မှာစားဖြစ်၏။

သူ မြီးရှည်စားဆဲမှာပင် ဆိုင်ထဲသို့ သူမ ဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကပဲ စောင့်ရောပေါ့ ကိုအောင်နိုင်ထွန်းရယ်၊ ကားနဲ့ သွားတော့ ဟိုဘက်လမ်းကနေ ပတ်ဝင်ဖြစ်တာလေ"

"ကျွန်တော်လည်း ကြည့်နေတာပဲ၊ နိုင့်ကို တွေ့ရတော့ ဒီနားကနေ ဘယ်လိုဖြတ်သွားသလဲလို့ တွေးနေတာ"

"စားစရာရှိတာ စားလိုက်ပါလား၊ ဘာမှ စားမလာခဲ့ဘူးလား"

"ဟုတ်တယ် ... နိုင်"

သူမ စကားကို နားထောင်သောအနေဖြင့် လက်ကျန်အပြတ်ရှင်းလိုက်သည်။ သူမကတော့ သူ့အရိပ်အခြည်ကို ဂရုထားပြီး ကြည့်နေ၏။

"မတင်မေလွင်က အရမ်းဖြစ်နေတာနော်၊ သူ့ဆီလာတာလား"

သူမ အမေးကို မသိဟန်ဆောင်နေလိုက်သည်။ ရေနွေးတစ်ခွက် သောက်ပြီးမှ စကားလမ်းကြောင်း လွှဲလိုက်၏။

"စိုးသစ်သတင်းကြားတော့ နိုင့်အတွက် ဘာဖြစ်မှန်းမသိဘူး၊ စိတ်လည်း မကောင်းဘူး"





"သူများအကြောင်းတွေသာ ပြောနေတာပဲ၊ မတင်မေလွင်နဲ့ ကိုအောင်နိုင်ထွန်းတို့လည်း အဆင်မပြေဘူးဆို၊ နိုင်တို့ ကိစ္စက သပ်သပ်ဖြစ်တာ၊ ကိုအောင်နိုင်ထွန်းတို့ ကိစ္စက နိုင့်ကြောင့် ဖြစ်ရတာ မဟုတ်လား"

သူ့ စကားလွှဲသော်လည်း မအောင်မြင်။ တင်မေလွင်နှင့် ကိစ္စကိုပင် သူမ မေးနေပြန်၏။

"ဒါကလည်း တိုက်ဆိုင်တာပါ နိုင်၊ ပြောပလောက်တဲ့ကိစ္စ မဟုတ်ဘူးလေ၊ အားလုံးဟာ အရမ်းအံ့ဩဖို့ကောင်းနေပါတယ်"

"အခုချိန်မှာ နိုင်ကပဲ ကိုအောင်နိုင်ထွန်းကို တောင်းပန်ရမလို ဖြစ်နေပြီ"

"မတောင်းပန်ပါနဲ့ နိုင်၊ ကျွန်တော် နိုင့်ကို မတောင်းပန်ရသေးဘူး၊ ကျွန်တော်ကသာ ဖြစ်ခဲ့တဲ့ကိစ္စတွေကို တောင်းပန်နေချင်ခဲ့တာလေ"

"နိုင့်စိတ်ထဲမှာ အစိုင်အခဲ ဖြစ်မနေတော့ပါဘူး ကိုအောင်နိုင်ထွန်း၊ ကျေနပ်ပြီလား"

"ဝမ်းသာပါတယ် နိုင်၊ ဦးလေးဝင့်နိုင် ပြောပြကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သိနေတယ် ဆိုပေမယ့် နိုင့်နှုတ်ကနေ ပြောတဲ့ စကားကို ကြားချင်လို့ ကျွန်တော် လာတွေ့ရတာလေ"

သူမ ပါးပြင်ပေါ်မှ အမာရွတ်ကလေးကတော့ ထင်သာမြင်သာနေသေး၏။

"မတင်မေလွင်နဲ့ ပြန်အဆင်ပြေပြီလား"

"မပြေဘူး နိုင်၊ သူ့အနေနဲ့ သူ့လမ်းသူ ဆက်လျှောက်တာ အကောင်းဆုံးလေ၊ ပြီးသွားပြီ နိုင်ရဲ့၊ မနေ့ကတင် အားလုံးပြီးသွားခဲ့တာ"

"နိုင် ... သူနဲ့တွေ့ပြီး ရှင်းပြပေးချင်တယ်"

"ရမှာ မဟုတ်ဘူး နိုင်၊ ရှိပါစေတော့၊ ဒါနဲ့ နိုင့်ပါးပြင်က အမာရွတ်က နည်းနည်းကျန်သေးတယ်နော်"

"တဖြည်းဖြည်းတော့ ပျောက်သွားမယ် ပြောတာပါပဲ၊ ကိစ္စမရှိပါဘူး"

တစ်ချိန်ကတော့ သူနှင့် သူမတို့ကြားမှာ ပငိုပကျ များခဲ့သောကိစ္စ။ အခုအချိန်မှာတော့ အားလုံးသည် ဘာမှ မသက်ဆိုင်သလို ဖြစ်နေ၏။

◆ ◆ ◆





သူမနှင့် စကားကောင်းနေဆဲမှာပင် ဗီဒီယိုရိုက်ကူးသော ရှုတင်ကား ဆိုင်ရှေ့ကို ထိုးရပ်လာ၏။

ဆိုင်ရှင်နှင့် စကားပြောပြီး ဓာတ်ဝင်ခန်းရိုက်ဖို့ ပြင်ကြဆင်ကြသည်။ ကားခေါင်းခန်းမှ ဆင်းလာသူကို သူ အသေအချာကြည့်မိ၏။

"မတင်မေလွင်တို့ ဗီဒီယို ရိုက်ကြမလို့ ထင်တယ်"

"ဟုတ်တယ် နိုင်"

အခုချိန်မှ ထ,သွားဖို့ကလည်း အခက်။ သူ တစ်ယောက်တည်းဆို ထ,သွားလို့ ဖြစ်ပေမယ့် သူမ, ရှိနေတော့ လွယ်လွယ်ကူကူ မထ,ဖြစ်ခဲ့။

ရိုက်ကူးရေး အဖွဲ့သား တစ်ယောက်ကလည်း ဆိုင်ထဲရှိ လူများကို ဒီအတိုင်းလေး ထိုင်ထားပေးရန် မေတ္တာ ရပ်ခံလိုက်၏။

သူတို့ထိုင်နေရာနှင့် တစ်ခုံကျော်သို့ တင်မေလွင် လျှောက်လာ၏။ တင်မေလွင် လှုပ်ရှားသမျှတွေကို ဒါရိုက်တာက အမိအရ ရိုက်ယူနေသည်။

"မတင်မေလွင်ကတော့ နိုင်တို့ကို တွေ့မှာ အသေပဲ၊



www.burmeseclassic.com

တစ်မျိုး ထင်သွားမလား မသိဘူး၊ ခဏနေလို့ ရိုက်ကူး ရေး ပြီးတာနဲ့ နိုင် သွားစကားပြောမယ်၊ ကိုအောင် နိုင်ထွန်းတို့ကိစ္စ ပြေလည်အောင် ကြားဝင်ပေးမယ်လေ"

"သွားမတွေ့နဲ့ နိုင်၊ တင်မေလွှင့်စိတ်ကို ကျွန်တော် အသိဆုံး၊ တော်ကြာ လူတွေကြားထဲမှာ ရှက်ရှက်သဲသဲ ဖြစ်ကုန်လိမ့်မယ်၊ သူနဲ့ဆိုင်တဲ့သူလည်း ပါရင် ပါလာ မှာ၊ နိုင်က အကောင်းနဲ့ စေ့စပ်ချင်ပေမယ့် ခုတ်ရာ တခြား ထစ်ရာတခြား ဖြစ်ကုန်ပြီး ပြဿနာဖြစ်လိမ့် မယ် နိုင်၊ ဒီအတိုင်းပဲ နိုင် ထိုင်နေပါ"

တင်မေလွှင်တို့ ရိုက်ကူးရေး အဖွဲ့သားများ လှုပ်ရှားနေမှုကို ဂရုမထားနိုင်။ သူမကိုသာ သွားမတွေ့ဖို့ နားချနေရ၏။

သူ ရှင်းပြတော့ သူမလည်း သဘောပေါက်သွား ပုံရသည်။

"ကိုအောင်နိုင်ထွန်း ဘယ်တော့လောက် ပြန်မှာလဲ"

"မနက်ဖြန် ပြန်မယ်နိုင်"

သူ့အတွက် စိတ်မကောင်းဖြစ်နေသည်လားမသိ။





ရိုက်ကူးခြင်း ပြီးဆုံးသော်လည်း စားပွဲမှနေ တင်မေလွှင် မထ,သေးပေ။

ဒါရိုက်တာဖြစ်သူကို တင်မေလွှင် လှမ်းခေါ်၏။ အအေးဘူးကို ကိုယ်တိုင်ဖွင့်ပြီး နှစ်ယောက် မျှသောက်ပြနေ၏။

သူတို့ကို တွေ့သွား၏။ ဒီလိုတမင်လုပ်ပြမှန်း သိသာနေသည်လေ။ သူမကတော့ ဒီအကြောင်းကို သိချင်မှ သိနေပေလိမ့်မည်။

"နိုင်ရော ကျွန်တော်တို့မြို့ကို ပြန်မလာတော့ဘူးလား"

"နိုင်တို့က အဖေတစ်ခု သမီးတစ်ခုပါ ကိုအောင်နိုင် ထွန်း၊ လာဖြစ်အောင်တော့ ကြိုးစားရမှာပေါ့၊ အခု လောလောဆယ်တော့ လာဖြစ်မယ် မထင်ဘူး၊ ဖေဖေ လည်း အပြောင်းအရွှေ့အတွက် လုပ်ထားတယ်"

"ဒီအတိုင်းဆိုရင်တော့ ကျွန်တော်တို့ ပြန်ဆုံချင်မှ ဆုံ တော့မှာပေါ့နော်"

"ကမ္ဘာကြီးက ကျဉ်းပါတယ်၊ တစ်နေ့နေ့တော့ ပြန် တွေ့ချင် တွေ့ကြဦးမှာပေါ့၊ တွေ့ကြတဲ့အခါမှာ တစ်ဦး နဲ့ တစ်ဦး ခေါ်နိုင်ပြောနိုင်တဲ့ အခင်အမင်မပျက်ရှိနေ

ရွှေသမင်စာပေ

www.burmeseclassic.com



ဖို့ပဲ အရေးကြီးတာလေ၊ အခုဖြစ်တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး နိုင့်မှာ အများကြီး သံဝေဂ ရစရာတွေ ဖြစ်ခဲ့တယ်"

"လူ့ဘဝဆိုတာ ဒီလိုပါပဲနိုင်၊ အခုဆိုကြည့်ပါလား၊ နိုင်နဲ့ ကျွန်တော်က တစ်စားပွဲမှာ ထိုင်နေတယ်၊ တင်မေလွင်က မလှမ်းမကမ်းစားပွဲမှာ တစ်ယောက်နဲ့ ထိုင်နေတယ်၊ လူတွေကတော့ ဒီစားပွဲနှစ်ခုမှာ ရှိတဲ့ လူလေးယောက်ဟာ ဆက်စပ်ပတ်သက်မှု မရှိကြဘူးလို့ပဲ ထင်နေမှာပဲ၊ လူ့ဘဝဆိုတာ ဒီသဘောပါပဲ နိုင်"

သူ့အနေနှင့် ရင်ထဲရှိသည့် စကားများကို အစီစဉ်မကျစွာ၊ အဓိပ္ပာယ်မဲ့စွာဖြင့် ပြောဆိုမိလေသည်လားမသိ။

အချိန်တန်တော့ တင်မေလွင်တို့ အုပ်စု ပြန်ထွက်သွားကြသလို။ သူမနှင့်လည်း လမ်းခွဲပြီး ပြန်ခဲ့ရသည်ပဲလေ။

◆ ◆ ◆



အပိုင်း [ ဝေး ]

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

မိုးကောင်းကင် အောက်မှာပင် သူတို့နေထိုင်ပြီး သံယောဇဉ်တွေ၊ ချစ်ခြင်းတရားတွေကြောင့် ဗျာများနေခဲ့ကြ၏။

အချိန်ကာလတို့သည် ပြက္ခဒိန်ရက်များနှင့်အတူတူ ပြီးဆုံးသွားခဲ့သော်လည်း မှတ်တိုင်တစ်ခုကတော့ ကျန်နေရစ်၏။

တင်မေလွင်သည်ပင် ဒါရိုက်တာဆိုသူနှင့် စော့စပ်တော့ မလိုလို သတင်းများ ကြားရသည်။

---

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်လည်း ထပ်ဆုံဖြစ်ဖို့ အိပ်မက်ပင် မမက်ခဲ့။ သူမ ဖခင်အလုပ်မှာ ပြောင်းရွှေ့ခြင်းမရှိသော်လည်း သူ့ရှိရာသို့ သူမ မရောက်ခဲ့ပေ။

သူ့အနေနှင့်လည်း စိတ်မကောင်းခြင်းများကို လက်ပိုက်ကြည့်နေလို့ မဖြစ်ဘဲ စိတ်တည်ငြိမ်မှုရအောင် စီးပွားရေးလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နေဖြစ်၏။

သူမဆီကို စိတ်ကသာ ရောက်မိသော်လည်း တွေ့ဖို့ဆုံဖို့ အခြေအနေ မပေးထားသောကြောင့် မရောက်ဖြစ်ခဲ့ပေ။

အရာရာသည် တရွေ့ရွေ့နှင့် သူ့အလိုလို ပြီးဆုံးသွားတတ်ပါလားဆိုသော သံဝေဂကိုဖြင့် အရင်းနှီးကြီးကြီးဖြင့် အလဲအလှယ်လုပ်ပြီး ရရှိခဲ့၏။

◆ ◆ ◆



(၂၈)

"ယောကောင်ကြီး ..."

အလုပ်ထဲမှာ စိတ်ဝင်စားနေတုန်းမှာပင် သူ့စားပွဲသို့ တင့်ဆေ ရောက်လာသည်။ တင့်ဆေ သူ့ဆီလာတာ အကြောင်းတစ်ခုခုရှိမှန်း သူသိနေသည်။ တင်မေလွင်၏ စာစပ်သတင်းကို သယ်ဆောင်လာတာပဲ ဖြစ်ရမည်...ဟု သူ အတပ်တွေးလိုက်သည်။

"ကဲ...ဆို...မင်းဘာပြောမှာလဲ၊ မင်းပြောမယ့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ငါသိနေတယ်၊ တင်မေလွင် စေ့စပ်တဲ့ ကိစ္စကို ပြောမှာ မဟုတ်လား"

"မင်း သိနေမယ်ဆိုတာ သိပါတယ်၊ ဒီအကြောင်းကို တစ်မြို့လုံးက ပြောနေကြတာပဲ၊ စေ့စပ်တာ မဟုတ်ပါဘူးကွာ၊ ဆွမ်းကျွေးသလိုလို ဘာလိုလိုနဲ့ ကြော်ငြာတဲ့ သဘောပါ၊ ကြည့်ရတာ မပွင့်မလင်းနဲ့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေကို ကြောက်နေပုံရပါတယ်ကွာ"

"ပြောစရာမရှိရင်လည်း တစ်ဆိုင်ဆိုင် ထိုင်ရအောင်ကွာ"

"ပြောစရာရှိတယ်၊ သတင်းထူးပါတယ်၊ မင်း ငါ့ကို ဒီနေ့ တစ်ဝိုင်းတိုက်ရမယ်"

"ဘာများလဲကွ ..."

"ဒီစာကို မင်းဖတ်ကြည့် ..."

စာရွက်ပြာခေါက်လေးကို သူ့ဆီ ထိုးပေး၏။ ပြီးစလွယ်ပင် သူ ဖြန့်ဖတ်ကြည့်လိုက်သည်။





ကိုအောင်မိုင်ထွန်း

ဒီနေ့ပဲ နိုင်ရောက်တယ် ...

မနက်ဖြန် အရင်တစ်ခါဆုံတဲ့ ဘုရားမှာ နိုင် စောင့်နေမယ်။

မနက် ကိုးနာရီ တိတိနော်။

နိုင်

စာဖတ်ပြီး ဘယ်လို ဝမ်းသာသွားသည် မသိပေ။ သူ့ဝမ်းသာမှုတွေကို ဂရုမထားဘဲ တင့်ဝေက မေးမြန်းစစ်ကြောတော့၏။

"နေစမ်းပါဦး အောင်မိုင်ထွန်း၊ မင်းနဲ့ နိုင်နိုင်ဝေတို့ ဇာတ်လမ်းကို ငါ အစအဆုံး သိပါတယ်၊ ဘယ်တုန်းကများ မင်းနဲ့ ဘုရားမှာ ဆုံဖြစ်ကြတာလဲ"

"အေးကွာ၊ ဒီအကြောင်းကိုတော့ ထိပ်တန်းလျှို့ဝှက်ချက်အနေနဲ့ ငါ ထိမ်ချန်ထားတာ အမှန်ပဲ"

"မင်းတို့ ဇာတ်လမ်းကြီးကလည်းကွာ"

"မင်းကို ပြောပြရင် နားလည်မှာ မဟုတ်ဘူး၊ ငါနဲ့ နိုင် ဘာတွေ ဆက်ဖြစ်မလဲဆိုတာလည်း မပြောတတ်



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး၊ အချိန်တန်ရင်တော့ တိကျတဲ့ သတင်းထုတ်ပြန်မှုကို ငါ တရားဝင်လုပ်ပေးမှာပါ တင့်ဝေရာ”

သူ့အပျော်တွေကို တင့်ဝေ ဘယ်လိုနားလည်မလဲ မသိပေ။

မနက်ဖြန်ကိုသာ မြန်မြန်ရောက်ချင်တော့ပြီ။ သူမနှင့် တွေ့ဆုံပြီး စကားတွေ တဝကြီး ပြောဖြစ်လိုက်မည်...ဟု စိတ်ကူးယဉ်ဖြစ်၏။

◆ ◆ ◆

(၂၉)

မနက်ကိုးနာရီတိတိမှာပင် စေတီရှိရာသို့ သူ တက်ခဲ့သည်။ တောင်ကုန်းခြေရင်းမှာ သူမ စီးလာဟန်ရှိသော ဆိုင်ကယ်ကို တွေ့သည်။

ခြေလှမ်းသွက်သွက်ပင် လှမ်းတက်ခဲ့သည်။

ရင်ပြင်တော်ပေါ်မှနေပြီး အံ့ပြုံးဖြင့် သူမ ဆီးကြိုနေ၏။

“ရောက်နေတာ ကြာပြီလား နိုင်...”

“ဆယ့်ငါးမိနစ်လောက် ရှိသွားပြီ”

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မောသလိုလို ရှိသောကြောင့်ပင် ရင်ပြင်တော်မှာ ခဏထိုင်၏။

"နိုင်ရောက်နေတာ သိရတော့ ဘယ်လို ပျော်သွားမှန်း မသိဘူး"

"အပိုတွေပြောနေ၊ ရန်ကုန်ကိုများ ထပ်လာမလားလို့ မျှော်နေသေးတာ"

"အလုပ်တွေနဲ့ ပိနေလို့ နိုင်၊ ဒါကြောင့် ဘယ်မှမထွက်ဖြစ်တော့တာ"

"ကြားပါတယ်၊ စီးပွားရေးသမားကြီး ဖြစ်နေတယ်ဆိုတာရယ်၊ ကျန်းကျန်းမာမာ ရှိနေသေးတယ်ဆိုတာတွေကို ဘတင်းရတယ်"

"နေဦး နိုင်... ဒီဘုရားမှာ ကျွန်တော်တို့ ဆုံတာ ဒုတိယ အကြိမ်နော်"

"ပထမအကြိမ်က ဆုံတဲ့ရက်ကို မှတ်မိလား ကိုအောင်နိုင်ထွန်း"

သူ့မှတ်ဉာဏ်ကိုပင် အပြစ်တင်မိသည်။ ဇဝဇဝါနှင့်မို့ သူ သိသလောက်ကိုပင် ပြောပြလိုက်၏။





"ရက်ကိုတော့ အတိအကျ မမှတ်မိဘူး၊ နိုင့် မွေးနေ့ဆိုတာရယ်၊ သစ္စာပန်းတွေ လှူတာတွေရယ်ပဲ မှတ်မိတော့တယ်"

"ပထမအကြိမ်နဲ့ ဒုတိယအကြိမ် ဘယ်လောက်ကြာသွားတယ် ထင်သလဲဟင်"

စိတ်ထဲမှနေပြီး မှန်းဆ၍ ရေတွက်ကြည့်မိသည်။

တစ်နှစ်နီးပါးလောက်တော့ ရှိသွားပြီ ထင်၏။

"တစ်နှစ်ပြည့်ရင်တောင် ပြည့်နေလိမ့်မယ် နိုင်"

"ဟုတ်တယ်၊ ဒီနေ့ နိုင့်မွေးနေ့ပဲ"

သူမ စကားကြောင့်ပင် သူ့ အသုံးမကျသော ဦးနှောက်ကို အပြစ်တင်မိ၏။ ချက်ချင်းဆိုသလိုပင် တစ်စုံကို သတိရသွားတော့၏။

"ကျွန်တော် ရေသွားခပ်ပေးရမလား နိုင်၊ သစ္စာပန်းတွေရော မဖြင့်ပါလား၊ ဘယ်နားမှာထားလဲ နိုင်"

"ဖြည်းဖြည်းမေးပါ ကိုအောင်နိုင်ထွန်းရယ်၊ နိုင် ဖြေပါ့မယ်"

"သစ္စာပန်းတွေ မတွေ့လို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီနှစ်တော့ နိုင်သစ္စာပန်းတွေ မလှူဖြစ်ဘူး ကိုအောင်ခိုင်ထွန်း"

သူမစကားကြောင့်ပင် သူ့ခေါင်းထဲမှာ အတွေးတစ်ခု ချက်ချင်းဝင်သွား၏။ သူမ သဘောတူတူ မတူတူ စိတ်ထဲရှိသည့်အတိုင်းပင် သူပြောလိုက်၏။

"ဒါဆို အတော်ပဲ၊ ဒီတစ်ခါတော့ နိုင့်မွေးနေ့ အတွက် ကျွန်တော်တို့နှစ်ယောက်စလုံး ဘုရားမှာ တစ်ခုခု ကပ်လှူရအောင် နိုင်"

"ဘာမှမရှိဘဲနဲ့ ဘုရားမှာ ဘာများကပ်လှူဦးမှာလဲ"

"လာစမ်းပါ နိုင်ရယ်၊ လက်အုပ်ချီ"

"အလူးအလဆန်းပဲ လက်ချည်းသက်သက်နဲ့ ဘုရားဝတ်ပြုရမှာလား"

"ကျွန်တော်တို့လက်ထဲမှာ သစ္စာပန်းတွေ မရှိပေမယ့် ကျွန်တော်တို့နှစ်ယောက်စလုံးရဲ့ ရင်ထဲက သစ္စာပန်းတွေနဲ့ ဘုရားကို ကပ်လှူရအောင်၊ နိုင် သဘောတူတယ် မဟုတ်လား"

သူမအပြုံးသည် မပီသ ... ။



ရှက်ပြုံးဖြစ်နိုင်ကောင်းသည်ဟု သူတွေးမိသည်။

သူဦးခိုက်သလိုပင် သူမလည်း ဦးခိုက်၏။

သူ ဆုတောင်းသလိုပင် သူမလည်း ဆုတွေတောင်း၏။

ရင်ထဲက သစ္စာပန်းတွေအကြောင်းနှင့် တောင်းခဲ့သော ဆုတွေ အကြောင်းကိုတော့ သူမ နားလည်အောင် ပြောပြရဦးမည်လေ။

မောင်စိန်ဝင်း (ပုတီးကုန်း)